# ဧရာဝတီတိုင်းဒေသကြီး

# လပွတ္တာမြို့နယ်

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်

2016 ckESpf



UKaid
from the British people

UN-HABITAT
FOR A BETTER URBAN FUTURE

BRACED Building Resilience and Adaptation to Climate Extremes and Disasters

# မာတိကာ

ကျေးဇူးတင်ဂုဏ်ပြုလွှာ
လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ


**အခန်း [ ၁ ] နိဒါန်း** ၃

၁-၁။ နောက်ခံသမိုင်းကြောင်း ၃
၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ ၄
၁-၂-၁။ ရည်မှန်းချက် ၄
၁-၂-၂။ ရည်ရွယ်ချက်များ ၄

**အခန်း [ ၂ ] မြို့နယ်ဆိုင်ရာ အချက်အလက်များ** ၅

၂-၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု ၅
၂-၂။ ပထဝီဝင်အနေအထား ၉
၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ၉
၂-၄။ လူဦးရေနှင့်နေထိုင်မှုပုံစံ ၁၂
၂-၄-၁။ ပညာရေးကဏ္ဍ ၁၃
၂-၄-၂။ ကျန်းမာရေးကဏ္ဍ ၁၃
၂-၅။ စီးပွားရေးဆိုင်ရာ အချက်အလက်များ ၁၄
၂-၆။ အခြေခံအဆောက်အအုံများ ၁၄
၂-၆-၁။ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ၁၄

**အခန်း [ ၃ ] အန္တရာယ်များနှင့် အန္တရာယ်ကျရောက်နိုင်မှု ဖော်ပြခြင်း** ၁၇

၃-၁။ အန္တရာယ်လေ့လာဆန်းစစ်ချက် (Hazard Assessments) ၁၇
၃-၁-၁။ မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး ၁၇
၃-၁-၂။ ဆူနာမီဘေး ၂၁
၃-၁-၃။ မီးဘေး ၂၄
၃-၂။ အန္တရာယ်ကျရောက်နိုင်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessments) ၂၇
၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု ၂၇
၃-၂-၂။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု ၂၇
၃-၂-၃။ စိတ်ခံစားပိုင်းဆိုင်ရာ ထိခိုက်နိုင်မှု ၂၈
၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resources Mapping/Capacity Assessments) ၂၈
၃-၃-၁။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ ၂၈
၃-၃-၂။ သယ်ယူပို့ဆောင်ရေးယာဉ်များ ၂၉
၃-၃-၃။ လူ့စွမ်းအား အရင်းအမြစ်များ ၂၉

**အခန်း [၄] သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ** ၃၁

၄-၁။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု ၃၂
၄-၂။ ပြင်စလူမြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားရှိမှု ၃၃
၄-၃။ လပွတ္တာမြို့နယ် လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု ၃၃

**အခန်း [ ၅ ] သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏လုပ်ငန်းတာဝန်များ** ၃၉

၅-၁။ လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ ၃၉
၅-၁-၁။ ဘေးမကျရောက်မီ ၃၉
၅-၁-၂။ ဘေးကျရောက်စဉ် ၄၂
၅-၁-၃။ ဘေးကျရောက်ပြီး ၄၃
၅-၂။ လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ၄၅
စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များ
(၁) ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ
(၂) အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေး လုပ်ငန်းကော်မတီ
(၃) ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး လုပ်ငန်းကော်မတီ
(၄) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ
(၅) ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ
(၆) သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ
(၇) လုံခြုံရေးလုပ်ငန်းကော်မတီ
(၈) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ
(၉) ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းကော်မတီ
(၁၀) လေ့ကျင့်ရေးနှင့် စာရင်းပြုစုရေး လုပ်ငန်းကော်မတီ

**အခန်း [ ၆ ] လုပ်ငန်းစီမံချက်ကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း** ၇၇

၆-၁။ စီမံချက် အကောင်အထည်ဖော်ဆောင်နိုင်မှုကို စောင့်ကြည့်စစ်ဆေးခြင်း ၇၇
၆-၂။ စီမံချက် ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း ၈၀
၆-၃။ နိဂုံး ၈၁

**အခန်း [ ၇ ] ကြိုတင်သတိပေးချက်စနစ် ထူထောင်ထားရှိမှု** ၈၃


**ပုံများစာရင်း**


ပုံ(၁) လပွတ္တာမြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု ၅
ပုံ(၂) လပွတ္တာမြို့နယ်ပြမြေပုံ ၈
ပုံ(၃) လပွတ္တာမြို့နယ် နှစ်စဉ်ပျှမ်းမျှ အမြင့်ဆုံးအပူချိန်ပြပုံ ၁၀
ပုံ(၄) လပွတ္တာမြို့နယ် လအလိုက် မိုးရွာရက်နှင့် မိုးရေချိန် ၁၀
ပုံ(၅) လပွတ္တာမြို့နယ် နှစ်အလိုက် မိုးရေချိန် (၂၀၁၄-၂၀၁၆ မေလအထိ) ၁၁
ပုံ(၆) ကျေးရွာအုပ်စုအလိုက် မုန်တိုင်းဒီရေဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၂၀
ပုံ(၇) ကျေးရွာအုပ်စုအလိုက် ဆူနာမီဘေး အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၃

ပုံ(၈) ကျေးရွာအုပ်စုအလိုက် မီးဘေး အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၆

## ဇယားများစာရင်း

ဇယား(၁) လပွတ္တာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏စာရင်း ၆
ဇယား(၂) လပွတ္တာမြို့နယ် လူဦးရေစာရင်း ၁၂
ဇယား(၃) လပွတ္တာမြို့နယ်အတွင်း ကျောင်းအရေအတွက်၊ ဆရာနှင့်ကျောင်းသားအချိုး ၁၃
ဇယား(၄) တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ၁၃
ဇယား(၅) ဆေးရုံများ၊ ဆေးပေးခန်းများ ၁၃
ဇယား(၆) ကျန်းမာရေးစောင့်ရှောက်မှု ၁၄
ဇယား(၇) ရေကြောင်းလမ်း ၁၄
ဇယား(၈) ကားလမ်း ၁၅
ဇယား(၉) မြို့နယ်ချင်းဆက်လမ်း ၁၅
ဇယား(၁၀) ပေ ၁၈၀ အထက်တံတားများ ၁၅
ဇယား(၁၁) ပေ ၁၈၀ အောက်တံတားများ ၁၅
ဇယား(၁၂) မြို့၊ ကျေးလက်၊ ကျေးရွာချင်းဆက် တံတားများ ၁၆
ဇယား(၁၃) အတိတ်ကဖြစ်ပွားခဲ့သော မုန်တိုင်းဒီရေဘေးများ ၁၈
ဇယား(၁၄) အတိတ်ကဖြစ်ပွားခဲ့သော ဆူနာမီဘေးများ ၂၀
ဇယား(၁၅) အတိတ်ကဖြစ်ပွားခဲ့သော မီးဘေးများ ၂၄

## နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ်များ ၈၇
နောက်ဆက်တွဲ (၂) လပွတ္တာခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အမည်နှင့် တယ်လီဖုန်းနံပါတ်များ ၈၉
နောက်ဆက်တွဲ (၃) လပွတ္တာမြို့နယ်အတွင်း အဖွဲ့အစည်းများ၏ အင်အား ၉၂
နောက်ဆက်တွဲ (၄) အန္တရာယ်ကျရောက်နိုင်ခြေပြဇယား ၉၃
နောက်ဆက်တွဲ (၅) လပွတ္တာမြို့နယ်အတွင်းရှိ Cyclone Shelter စာရင်းများ ၉၅
နောက်ဆက်တွဲ (၆) လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ဓာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်မှုမှတ်တမ်း ၉၈
နောက်ဆက်တွဲ (၇) လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း ပြုလုပ်မှုမှတ်တမ်း ၁၀၀
နောက်ဆက်တွဲ (၈) အရေးပေါ် အကူအညီလိုအပ်ချက် တောင်းခံမှုပုံစံ ၁၀၇
နောက်ဆက်တွဲ (၉) ပျက်စီးဆုံးရှုံးမှု လေ့လာဆန်းစစ်ချက်ပုံစံ ၁၀၈
နောက်ဆက်တွဲ (၁၀) ကျေးရွာအုပ်စုအဆင့် အချက်အလက်ကောက်ယူမှုပုံစံ ၁၁၀
နောက်ဆက်တွဲ (၁၁) ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်မှုပုံစံ ၁၁၃
နောက်ဆက်တွဲ (၁၂) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းအချက်အလက်ကောက်ယူမှုပုံစံ ၁၁၅

# လပွတ္တာမြို့နယ်
# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

လပွတ္တာမြို့နယ်သည် ပထဝီအနေအထားအရ သော်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အရသော်လည်းကောင်း ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ မီးဘေးနှင့် ဆူနာမီဘေးစသည့် ဘေးအမျိုးမျိုး၏ဒဏ်မှ ကျရောက်နိုင်ခြေများသည်ကို တွေ့ရှိရသည်။

၂၀၀၈ ခုနှစ်၊ မေလတွင် ကျရောက်ခဲ့သော နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြို့နယ်အတွင်း အသက်အိုးအိမ်၊ စည်းစိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး သဘာဝဘေးအန္တရာယ်၏ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ရသည်မှာ ထင်ရှားသော ပြယုဂ်တစ်ခုဖြစ်ပါသည်။ ယခုအချိန်တွင် ရာသီဥတု ပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင်ပြုန်းတီးခြင်းနှင့် ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်လာမှု၏ ဘေးထွက်ဆိုးကျိုးများကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝှမ်းလုံးတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် နိုင်ငံတော်အဆင့်မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ကို ရေးဆွဲရန် ဖော်ပြထားသည်ကို တွေ့ရသည်။ လပွတ္တာမြို့နယ် သဘာဝဘေးကာကွယ်ရေးစီမံချက်ပေါ် အခြေခံပြီးပြောင်းလဲလာသော ဒေသလိုအပ်ချက်များနှင့် စီမံချက်ကို ပိုမိုကျယ်ပြန့်သော သက်ဆိုင်ရာပါဝင် ပတ်သက်သူအားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်း နည်းလမ်းဖြင့်ရေးဆွဲထားပါသည်။ ထို့အပြင် မြို့နယ်တွင်းကျရောက်နိုင်ခြေရှိသော ဘေးအမျိုးအစားအလိုက် ဘေးမကျရောက်မီ၊ ဘေးကျရောက်နေစဉ်၊ ဘေးကျရောက်ပြီးဟူ၍ တာဝန်နှင့်ဝတ္တရားများကို အပိုင်း (၃)ပိုင်းဖြင့် ဖော်ပြထားပါသည်။

စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိအောင် အကောင်အထည်ဖော်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေနှင့် လိုက်လျောညီထွေဖြစ်အောင် အနည်းဆုံး (၂)နှစ်တစ်ကြိမ် ပုံမှန်အချိန်သတ်မှတ်၍ ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ သဘာဝဘေးအန္တရာယ် မကျရောက်မီ ဘေးလျော့ပါးရေးလုပ်ငန်းနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူတောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးစသည့်လုပ်ငန်းများကို ဤစီမံချက်ပါအတိုင်း ဆောင်ရွက်သွားပါက ဘေးကျရောက်ပါက ပျက်စီးဆုံးရှုံးမှုနည်းပါးပြီး မူလအခြေအနေသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိမည် ဖြစ်ပါသည်။

စီမံချက်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ရန်လိုအပ်ပြီး ရရှိလာသော သင်ခန်းစာများသည် စီမံချက်အား ထပ်မံဖြည့်စွက်ပြင်ဆင်ရေးဆွဲရန် လိုအပ်သောလမ်းညွှန်မှုကို ပေးနိုင်ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည် ထက်နည်းပါးလာပြီး မြို့နယ်အတွင်းမှီတင်းနေထိုင်ကြသော ပြည်သူများနှင့်၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် မြို့နယ်၏ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို

ထည့်သွင်းစဉ်စားခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို လျှောက်လှမ်းနိုင်မည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်မှုပေးခဲ့သော ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နည်းပညာနှင့်ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ် (UN-HABITAT)၊ ပူးပေါင်းပါဝင်ဆွေးနွေး အကြံဉာဏ်ပေးခဲ့ကြသော မြို့နယ်အတွင်းရှိဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ Department of International Development (DFID-UK) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် လုပ်ငန်းအစီအစဉ်များဖြစ်မြောက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါသော Building Resilience Adaptation to Climate Extremes and Disasters (BRACED Alliance Myanmar) တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၂၀၁၆ ခုနှစ် ဇူလိုင်လ

# အခန်း [ ၁ ]
# နိဒါန်း

## ၁-၁။ နောက်ခံသမိုင်းကြောင်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ ထည့်သွင်းဆောင်ရွက်သည့် လုပ်ငန်းများကိုလည်းကောင်း ဆိုလိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပထဝီအနေအထားအရ မီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မိုးကြိုး စသည်ဖြင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုး ကျရောက်နိုင်ပါသည်။

အမျိုးမျိုးသော ဘေးအန္တရာယ်ဖုန်များတွင် ကျရောက်ရခြင်းမှာ မတူညီသော ပထဝီအနေအထားများကြောင့်ဖြစ်၍ သဘာဝဘေးအန္တရာယ် မကျရောက်မီ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်မှုများတွင် နိုင်ငံတော်အဆင့်မှသည် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်တိုင်အောင် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားရန်လိုအပ်ကြောင်းကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဖွဲ့စည်းပုံတွင် မြို့နယ်သည် အဓိကမဏ္ဍိုင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ်သည် ရပ်ရွာနှင့် တိုင်း/ပြည်နယ် သို့မဟုတ် ခရိုင်အဆင့် အဖွဲ့အစည်းများအကြား အရေးပါသောဆက်စပ်မှုကို ပေးခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် အစိုးရဌာနအများစုသည် မြို့နယ်အဆင့်တွင် ရုံးများဖွင့်လှစ်ထားရှိပြီး သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု လျော့ပါးရေးနှင့် တုံ့ပြန်မှုအတွက် မြို့နယ်အဆင့်သည် အဓိကအရေးပါပါသည်။ သို့ဖြစ်၍ အထက်ပါဖော်ပြချက်များအရ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ရေးဆွဲရေးနည်းလမ်း လိုအပ်နေကြောင်းတွေ့ရသည်။

ပိုမိုကောင်းမွန်အောင် ညှိနှိုင်းရေးဆွဲထားသော မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်သည် သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက မြို့နယ်အဆင့်တွင် တုံ့ပြန်ဆောင်ရွက်မှုပေးသောအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုလျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်ရေး အစီအမံများ တာဝန်ယူဆောင်ရွက်မှုများကို ပိုမိုအားဖြည့်စေမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် ထိခိုက်ခံစားခဲ့မှုများကို သင်ခန်းစာယူ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်များရေးဆွဲခြင်းသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပြီး နိုင်ငံကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

လပွတ္တာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိခိုက်ဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရန်ရည်ရွယ်လျက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေး

လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျ၊ အမြန်ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်နိုင်ရန် **''လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်''** ကိုရေးဆွဲပါသည်။

ဤလုပ်ငန်းစီမံချက်ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်း လုပ်ငန်းစီမံကိန်းများဆောင်ရွက်နေသော အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သူများ ပူးပေါင်းပါဝင်ဆွေးနွေးသည့် နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

လပွတ္တာမြို့နယ်အတွင်း ယခင်က ကျရောက်ခဲ့သော ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ၊ ယခင်ကဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ၎င်းတို့၏ သက်ရောက်မှုများအပေါ် အခြေခံလျက် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှုအခြေအနေနှင့် မြို့နယ်အတွင်းရရှိနိုင်သော အရင်းအမြစ်များစသည်တို့ကိုလည်း ဖော်ထုတ်သတ်မှတ်၍ ဤလုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

## ၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ

### ၁-၂-၁။ ရည်မှန်းချက်

နာဂစ်မုန်တိုင်း တိုက်ခတ်သဖြင့် ဆုံးရှုံးမှုကြီးဖြစ်ပွားခဲ့သည့် မြို့နယ်တစ်မြို့နယ် ဖြစ်သည်နှင့်အညီ နောင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက်နည်းပါးစေခြင်းဖြင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အဦများနှင့် တိရစ္ဆာန်များ၊ သဘာဝသယံဇာတသစ်တောများ အစရှိသည်တို့အား ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တွေ့ကြုံခဲ့သည့် အတွေ့အကြုံ အခက်အခဲများအပေါ် သင်ခန်းစာယူ၍ ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရှိနိုင်ရန်။

### ၁-၂-၂။ ရည်ရွယ်ချက်များ

မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံချက်၏ ရည်ရွယ်ချက်များမှာ-

- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်။
- မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်နိုင်ရန်။

# အခန်း [ ၂ ]
# မြို့နယ်ဆိုင်ရာ အချက်အလက်များ

## ၂-၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု

လပွတ္တာမြို့နယ်၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပါသည်။ လပွတ္တာမြို့နယ်၏ အုပ်ချုပ်ရေး လုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

**ပုံ (၁) လပွတ္တာမြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု**




**အစိုးရဌာနများ** ။ ။ လပွတ္တာမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများကို ဖွဲ့စည်းထားရှိပါသည်။ လပွတ္တာမြို့နယ် အတွင်း မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားသော ဌာနဆိုင်ရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဇယား (၁) လပွတ္တာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း

| စဉ် | ဝန်ကြီးဌာန | ဌာန |
|---|---|---|
| ၁။ | ပြည်ထဲရေးဝန်ကြီးဌာန | – အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>– မီးသတ်ဦးစီးဌာန<br>– မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>– အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| ၂။ | နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန | – မြို့နယ်စည်ပင်သာယာရေးကော်မတီ |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | – ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန<br>– မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ |
| ၄။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | – ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန<br>– စိုက်ပျိုးရေးဦးစီးဌာန<br>– စက်မှုလယ်ယာဦးစီးဌာန<br>– လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>– မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>– မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန<br>– မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန<br>– မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| ၅။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန | – ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး မြို့နယ်မန်နေဂျာရုံး |
| ၆။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | – မြို့နယ်သစ်တောဦးစီးဌာန |
| ၇။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | – မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း |
| ၈။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | – လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>– မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး |
| ၉။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | – ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန |
| ၁၀။ | ပညာရေးဝန်ကြီးဌာန | – မြို့နယ်ပညာရေးမှူးရုံး |
| ၁၁။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | – ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>– မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန<br>– မြို့နယ်တိုင်းရင်းဆေးကုသမှု ဦးစီးဌာန |

| စဉ် | ဝန်ကြီးဌာန | ဌာန |
|---|---|---|
| ၁၂။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | – စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>– မြန်မာ့စီးပွားရေးဘဏ်ခွဲ<br>– ပြည်တွင်းအခွန်များဦးစီးဌာန |
| ၁၃။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | – လမ်းဦးစီးဌာန<br>– တံတားဦးစီးဌာန |

ပုံ (၂) လပွတ္တာမြို့နယ်ပြမြေပုံ




အကျယ်အဝန်း ဧရိယာ (၁၀၅၈. ၃၂၂) စတုရန်းမိုင်

ဧက (၆၇၇၃၂၆. ၀၀) ဧက

## ၂-၂။ ပထဝီဝင်အနေအထား

### (က) တည်နေရာနှင့် အကျယ်အဝန်း

လပွတ္တာမြို့နယ်သည် လပွတ္တာခရိုင်၊ ဧရာဝတီတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ လပွတ္တာမြို့နယ်သည် မြောက်လတ္တီတွဒ် (၁၅) ဒီဂရီ (၄၀) မိနစ် (၃၀) စက္ကန့်မှ (၁၆) ဒီဂရီ (၂၃) မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီ (၃၃) မိနစ်နှင့် (၉၅) ဒီဂရီ (၉) မိနစ်အကြားတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် (၁၁၆၀) စတုရန်းမိုင်ကျယ်ဝန်းပါ သည်။ အရှေ့မှအနောက်သို့ (၂၃. ၂)မိုင်ရှိပြီး တောင်မှမြောက်သို့ (၃၆. ၀၆၃)မိုင် ရှည်လျားပါသည်။ လပွတ္တာမြို့နယ်တွင် မြို့နယ် (၁)ခု၊ မြို့ (၃)မြို့၊ ရပ်ကွက် (၁၇)ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၄)အုပ်စု၊ ကျေးရွာခွဲ (၄၉၀)ရွာဖြင့် ဖွဲ့စည်းထားပါသည်။

### (ခ) နယ်နမိတ်

လပွတ္တာမြို့နယ်အရှေ့ဘက်တွင် ဘိုကလေးမြို့နယ်၊ အနောက်ဘက်တွင် ငပုတောမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ တောင်ဘက်တွင် ကပ္ပလီပင်လယ်အော်ရှိပြီး မြောက်ဘက်တွင် မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ် မော်လမြိုင်ကျွန်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။

### (ဂ) မြေပြင်အခြေအနေ

လပွတ္တာမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အလျောက် မြစ်ချောင်းပေါများပြီး ထင်ရှားသောမြစ်ကြီးများဖြစ်သည့် သက္ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြာမလော့မြစ်၊ ဧရာဝတီမြစ်တို့သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပါသည်။ မြို့နယ်၏ မြောက်ဘက်ပိုင်းတွင် အမြင့်ပေ ၅၀ အောက် တောင်ကုန်းအနည်းငယ်ရှိသည်မှအပ ကျန်ဒေသအားလုံးသည် မြေပြန့်ဒေသများ ဖြစ်ပါသည်။ လပွတ္တာမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် (၅)ပေ အထက်တွင် တည်ရှိပါသည်။

## ၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### (က) ရာသီဥတု

လပွတ္တာမြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ (နှစ် ၃၀) မှတ်တမ်းများအရ အမြင့်ဆုံးနေ့အပူမှာ (၄၁. ၅) ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ (ဧပြီ နှင့် မေ)။ ထိုမှတ်တမ်းကို ၂၀၀၂ မေလ (၂) ရက်နေ့နှင့် ၂၀၀၄ မေလ (၁) ရက်နေ့တို့တွင် ရရှိခြင်းဖြစ်သည်။ အနိမ့်ဆုံးနေ့အပူချိန်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် (၂၀) ဒီဂရီစင်တီ ဂရိတ်အထိ နိမ့်ဆင်းခဲ့သည်။

မေလမှ အောက်တိုဘာလသည် အနောက်တောင်မုတ်သုံကာလဖြစ်ပြီး ဇူလိုင်နှင့်ဩဂုတ်လများတွင် မိုးရေချိန် (၆၀၀) မီလီမီတာ ရရှိသည်။ နှစ် ၃၀ အတွင်းမှတ်တမ်းများအရ ၂၀၀၂ ခုနှစ်သည် အစိုစွတ်ဆုံးကာလဖြစ်ခဲ့ပြီး မိုးရေချိန် (၃၃၀၂) မီလီမီတာဖြင့် စံချိန်တင်ခဲ့သည်။

အနည်းဆုံးမိုးရွာရက်မှာ ၁၉၈၇တွင် (၉၄)ရက်ဖြစ်ပြီး အများဆုံးမိုးရွာရက်မှာ ၁၉၉၉ တွင် (၁၄၁)ရက် ဖြစ်သည်။

နှစ်စဉ်နှင့် စိုစွတ်ကာလတွင် ရရှိသော မိုးရေချိန်များ တိုးလာသဖြင့် အစိုစွတ်ဆုံး စိုစွတ်ကာလများ များလာသည်ကို တွေ့နိုင်သည့်အပြင် ခြောက်သွေ့ကာလတွင် မိုးရေချိန်ရရှိမှု လျော့နည်းလာသည်ကို လည်းတွေ့နိုင်သည်။ နှစ် (၃၀) အမြင့်ဆုံးပျမ်းမျှအပူချိန်များအပေါ် သုံးသပ်ချက်များအရ တစ်နှစ်နှင့်တစ်နှစ် အပူချိန်အပြောင်းအလဲ အထူးသဖြင့် ပူနွေးသော ရက်များသည် အောက်ပါအတိုင်း ပြောင်းလဲလာနေသည်ကို မြင်တွေ့နိုင်သည်။

(က) ပျမ်းမျှနေ့အပူချိန်များထက် ပိုပူသောနေ့များ တိုးလာခြင်း၊

(ခ) အစွန်းရောက်ဖြစ်စဉ်များတွေ့ရခြင်း (အလွန်ပူပြင်းသော အခြေအနေများ)

## ပုံ (၃) လပွတ္တာမြို့နယ်၏ နှစ်စဉ် ပျမ်းမျှအမြင့်ဆုံးအပူချိန်ပြပုံ




(အရင်းအမြစ် – Climate Profile Myanmar - Climate Variabilities, Extermes and Trends in Centeral Dry, Costal and Hilly Zones, RIMES & UN-Habitat, 2016)

## ပုံ (၄) လပွတ္တာမြို့နယ် လအလိုက် မိုးရွာရက်နှင့် မိုးရေချိန်




(အရင်းအမြစ် – မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

ပုံ (၅) နှစ်အလိုက် လပွတ္တာမြို့နယ် မိုးရေချိန် (၂၀၁၄ မှ ၂၀၁၆ မေလအထိ)




(အရင်းအမြစ် – မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

## (ခ) သဘာဝပေါက်ပင်များ

လပွတ္တာမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ပိန္နဲ၊ ကန့်ဘလာ၊ မဒမ၊ ဓနို၊ လမု၊လမဲ့၊ သမဲ့၊ ပျဉ်းမ၊ သင်ပေါင်း၊ ဗျူးခြေထောက်တို့ ဖြစ်ပါသည်။

## (ဂ) သဘာဝပတ်ဝန်းကျင် လက်ရှိအခြေအနေ

လပွတ္တာမြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု ၁၂. ၅၆ ရာခိုင်နှုန်းရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ ၁၂. ၅၆ ရာခိုင်နှုန်းဖြစ်ပြီး ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှုမှာ – ရာခိုင်နှုန်း ရှိပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ

လပွတ္တာမြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကြိုးဝိုင်းတော (၁၈၄၅၄၃. ၅၂) ဧက၊ ကြိုးပြင်တော (၅၅၇၈၅၅. ၂၈) ဧက ထိန်းသိမ်းလျက်ရှိပါသည်။ သစ်တောစိုက်ခင်းတည်ထောင်နိုင်မှုမှာ သစ်မာ (၅၃၄. ၂၃) ဧက၊ ကျေးရွာ ထင်းစိုက်ခင်း (၁၅၀) ဧက ဖြစ်ပါသည်။

## ၂-၄။ လူဦးရေနှင့်နေထိုင်မှုပုံစံ

လပွတ္တာမြို့နယ်၏ ၂၀၁၆ ခုနှစ်၊ မတ်လကုန်အထိ လူဦးရေ (၃၂၈၉၄၇) ဦး၊ အိမ်ထောင်စုပေါင်း (၇၈၈၃၁) စုရှိပြီး၊ အိမ်ခြေပေါင်း (၇၃၅၄၃) အိမ်ခြေ မှီတင်းနေထိုင်ပါသည်။ ရပ်ကွက် (၁၇) ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၄)စုနှင့် ကျေးရွာပေါင်း (၄၉၀)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ လူဦးရေ တိုးနှုန်းမှာ (၀. ၇၀) ရာခိုင်နှုန်းရှိပြီး၊ ကျား/မ အချိုးမှာ (၁း ၀. ၉၅) ဖြစ်ပါသည်။

### (က) ဘာသာစကားနှင့် ကိုးကွယ်သည့်ဘာသာ

လပွတ္တာမြို့နယ်အတွင်းတွင် မြန်မာစကားကို အများဆုံးအသုံးပြုပြီး အခြားဘာသာစကားဖြစ်သော ချင်း၊ ကချင်၊ ကရင်၊ ရှမ်း စသည်တို့၏ ဘာသာစကားများကိုလည်း အသုံးပြုကြပါသည်။ မြို့နယ်အတွင်း နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက်လူဦးရေမှာ ဗုဒ္ဓဘာသာ (၂၉၅၆၂၈) ဦး၊ ခရစ်ယာန် (၂၉၈၇၃) ဦး၊ ဟိန္ဒူ (၃၄၅) ဦးနှင့်အစ္စလာမ် (၃၀၉၁) ဦးရှိပြီး စုစုပေါင်း လူဦးရေမှာ (၃၂၈၉၄၇) ဖြစ်ပါသည်။

**ဇယား (၂) လပွတ္တာမြို့နယ်အတွင်း လူဦးရေစာရင်း**

| စဉ် | မြို့/မြို့နယ် | အကြောင်းအရာ | အသက် (၁၈) နှစ်အထက် | | | အသက် (၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | လပွတ္တာ | မြို့နေ | ၁၁၀၃၈ | ၁၁၉၅၄ | ၂၂၉၉၂ | ၆၅၀၂ | ၆၆၁၁ | ၁၃၁၁၃ | ၁၇၅၄၀ | ၁၈၅၆၅ | ၃၆၁၀၅ |
| | | ကျေးလက်နေ | ၉၀၄၃၅ | ၈၃၉၀၉ | ၁၇၄၃၄၄ | ၅၉၅၄၀ | ၅၆၄၅၀ | ၁၁၅၉၉၀ | ၁၄၉၉၇၅ | ၁၄၀၃၅၉ | ၂၉၀၃၃၄ |
| ၂။ | ပြင်စလူ | မြို့နေ | ၉၇၆ | ၆၉၅ | ၁၆၇၁ | ၄၃၅ | ၄၀၂ | ၈၃၇ | ၁၄၁၁ | ၁၀၉၇ | ၂၅၀၈ |
| | | ကျေးလက်နေ | - | - | - | - | - | - | - | - | - |
| မြို့နယ်ချုပ် | | | ၁၀၂၄၄၉ | ၉၆၅၅၈ | ၁၉၉၀၀၇ | ၆၆၄၇၇ | ၆၃၄၆၃ | ၁၂၉၉၄၀ | ၁၆၈၉၂၆ | ၁၆၀၀၂၁ | ၃၂၈၉၄၇ |

## ၂-၄-၁။ ပညာရေးကဏ္ဍ

လပွတ္တာမြို့နယ်တွင်ရှိသော ပညာရေးဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

**ဇယား (၃) လပွတ္တာမြို့နယ် ကျောင်းအရေအတွက်၊ ဆရာနှင့်ကျောင်းသားအချိုး**

| စဉ် | ကျောင်းအမျိုးအစား | ကျောင်းပေါင်း | ဆရာ/ဆရာမ ဦးရေ | ကျောင်းသား/သူ ဦးရေ | ဆရာနှင့်ကျောင်းသား အချိုး |
|---|---|---|---|---|---|
| ၁။ | အထက၊ အထကခွဲ | ၁၆ | ၄၇၅ | ၁၄၇၀၆ | ၁း၃၁ |
| ၂။ | အလက | ၃ | ၃၉ | ၁၈၇၁ | ၁း၄၈ |
| ၃။ | အမက | ၃၈၆ | ၁၈၀၆ | ၄၂၅၆၄ | ၁း၂၄ |
| ၄။ | မူလတန်းကြိုကျောင်း | ၃၉ | ၆၂ | ၁၁၁၈ | ၁း၁၈ |
| ၅။ | ဘုန်းတော်ကြီးသင် ပညာရေးကျောင်း | ၆ | ၁၅ | ၇၂၅ | ၁း၄၈ |

(အရင်းအမြစ် - ပညာရေးဦးစီးဌာန)

**ဇယား (၄) တက္ကသိုလ်ဝင်တန်းအောင်မြင်မှု**

| စဉ် | မြို့/မြို့နယ် | ၂၀၁၃-၂၀၁၄ ခုနှစ် | | | | ၂၀၁၄-၂၀၁၅ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|
| | | စာရင်းရှိ | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း | စာရင်းရှိ | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း |
| ၁။ | လပွတ္တာ | ၁၉၃၆ | ၁၇၂၈ | ၇၃၇ | ၄၂. ၆၅ | ၂၁၁၆ | ၁၉၉၃ | ၈၆၀ | ၄၃. ၁၅ |
| ၂။ | ပြင်စလူ | ၃၅ | ၃၅ | ၁ | ၂. ၈၅ | ၂၈ | ၂၇ | ၁၂ | ၄၄. ၄၄ |
| | မြို့နယ်ချုပ် | ၁၉၇၁ | ၁၉၆၃ | ၇၃၈ | ၄၁. ၈၆ | ၂၁၄၄ | ၂၀၂၀ | ၈၇၂ | ၄၃. ၁၇ |

## ၂-၄-၂။ ကျန်းမာရေးကဏ္ဍ

လပွတ္တာမြို့နယ်၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး အဖြစ်အများဆုံး ရောဂါများမှာ ငှက်ဖျား၊ ဝမ်းလျှော၊ တီဘီ၊ ဝမ်းကိုက်နှင့် အသည်းရောင်ရောဂါတို့ ဖြစ်သည်။

**ဇယား (၅) လပွတ္တာမြို့နယ်ရှိဆေးရုံများ၊ ဆေးပေးခန်းများ**

| စဉ် | ကျန်းမာရေးဌာန | အရေအတွက် | အစိုးရ/ပုဂ္ဂလိက |
|---|---|---|---|
| ၁။ | ဆေးရုံပေါင်း | ၅ | အစိုးရ |
| ၂။ | ဆေးပေးခန်းပေါင်း | ၅ | အစိုးရ |
| | | ၂ | ပုဂ္ဂလိက |
| ၃။ | ကျေးလက်ကျန်းမာရေးဌာနပေါင်း | ၁၅ | အစိုးရ |
| ၄။ | ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း | ၇၂ | အစိုးရ |

**ဇယား (၆) ကျန်းမာရေးစောင့်ရှောက်မှု**

| စဉ် | မြို့/မြို့နယ် | လူဦးရေ | ဆရာဝန်မှကျန်းမာရေး စောင့်ရှောက်မှုနှုန်း | | သူနာပြုမှကျန်းမာရေး စောင့်ရှောက်မှုနှုန်း | | လက်ထောက်ကျန်းမာရေးမှူးမှ ကျန်းမာရေးစောင့်ရှောက်မှုနှုန်း | |
|---|---|---|---|---|---|---|---|---|
| | | | ဆရာဝန် ဦးရေ | ဆရာဝန် နှင့်လူဦးရေ အချိုး | သူနာပြု ဦးရေ | သူနာပြုနှင့် လူဦးရေ အချိုး | လ/ထ ကျန်းမာရေးမှူး ဦးရေ | လ/ထ ကျန်းမာရေးမှူး နှင့်လူဦးရေ အချိုး |
| ၁။ | လပွတ္တာ | ၃၂၆၄၃၉ | ၆၃ | ၁း၅၁၈၂ | ၅၈ | ၁း၅၆၂၈ | ၁၂ | ၁း၂၇၂၀၃ |
| ၂။ | ပြင်စလူ | ၂၅၀၈ | ၁ | ၁း၂၅၀၈ | ၅ | ၁း၅၀၁ | ၃ | ၁း၈၃၆ |
| | မြို့နယ်ချုပ် | ၃၂၈၉၄၇ | ၆၁ | ၁း၅၁၄၀ | ၆၃ | ၁း၅၂၂၁ | ၁၅ | ၁း၂၁၉၂၉ |

## ၂–၅။ စီးပွားရေးဆိုင်ရာ အချက်အလက်များ

လပွတ္တာမြို့နယ်၏ အဓိကစီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ ဆားထုတ်လုပ်မှုလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို ဖြစ်ပါသည်။ မြို့နယ်သည် ကုန်းလမ်း၊ ရေလမ်းလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောဒေသဖြစ်ပြီး အဓိကထွက်ကုန်မှာ ဆန်၊ စပါး၊ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ အုန်းသီး၊ ကွမ်းသီးများကို ကူးသန်းရောင်းဝယ်ခြင်းတို့ ဖြစ်ပါသည်။

**(က) လယ်ယာစိုက်ပျိုးရေး။** ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီတွင် မိုးစပါးအဖြစ် စိုက်ပျိုးပြီး အချို့သော ဒေသများတွင် နွေရာသီကာလအတွင်း နွေစပါးအဖြစ် ရေသွင်းစိုက်ပျိုးလေ့ ရှိပါသည်။ စပါးစိုက်ဧက စုစုပေါင်းမှာ မိုးစပါး (၃၆၆၃၈၆)ဧကနှင့် နွေစပါးစိုက်ဧက စုစုပေါင်းမှာ (၂၄၈၉၀) ဧကရှိပါသည်။ စပါးအထွက်စုစုပေါင်းမှာ မိုးစပါး (၂၁၉၂၉၅၇၀) တင်းနှင့် နွေစပါး (၆၂၂၄၃၆) တင်းတို့ဖြစ်သည်။ အခြားသော အဓိကသီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကြံနှင့် အစေ့ထုတ်ပြောင်း တို့ဖြစ်ပါသည်။ နှစ်ရှည်သီးနှံများမှာ သစ်ဆိမ့်၊ ရာဘာ၊ အုန်း၊ သီဟိုဠ်တို့ဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း။** ။ လပွတ္တာမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ကျွဲ၊ နွား၊ ဝက်၊ သိုး/ဆိတ်၊ ကြက်နှင့် ဘဲများအား မွေးမြူကြပြီး ပင်လယ်ဒေသဖြစ်သောကြောင့် ငါး၊ ပုစွန်ကို အဓိက မွေးမြူကြသည်။ နိုင်ငံခြားသို့တင်ပို့ ရောင်းချသောလုပ်ငန်းကြီး ဖြစ်သည်။

## ၂–၆။ အခြေခံအဆောက်အအုံများ

### ၂–၆–၁။ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

လပွတ္တာမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား (၇) ရေကြောင်းလမ်း**

| စဉ် | ရေကြောင်းလမ်း အမည် | မြို့နယ်အတွင်း | | အရှည် ရေမိုင် | ဆိပ်ကမ်း အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | သင်္ဘောဆိပ် | အခြား |
| ၁။ | လပွတ္တာ–ပြင်စလူ | လပွတ္တာ | ပြင်စလူ | ၃၅ | ၂ | ၁ |
| ၂။ | လပွတ္တာ–ကိုင်းသောင် | လပွတ္တာ | ကိုင်းသောင် | ၃၈ | ၂ | ၁ |
| ၃။ | လပွတ္တာ–ကန်ဘက် | လပွတ္တာ | ကန်ဘက် | ၁၉ | ၁ | ၁ |
| ၄။ | လပွတ္တာ–ဘီတွတ် | လပွတ္တာ | ဘီတွတ် | ၁၄ | ၁ | ၁ |

## ဇယား (၈) ကားလမ်း

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁။ | လပွတ္တာ–မြောင်းမြ–အိမ်မဲ့ | လပွတ္တာ | ရေဆိုင် | ၂၁ မိုင် ၆ ဖာလုံ |
| ၂။ | လပွတ္တာ–သဃ်န်းကြီး–ပြင်စလူ | လပွတ္တာ | ပြင်စလူ | ၃၅ မိုင် ၂ ဖာလုံ |
| မြို့နယ်ချုပ် | | | | ၅၇ မိုင် |

## ဇယား (၉) မြို့နယ်ချင်းဆက်လမ်းများ

| စဉ် | လမ်းအမည် | အရှည် (မိုင်–ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | |
| ၁။ | လပွတ္တာ–မြောင်းမြ | ၄၆ မိုင် ၇ ဖာလုံ | ကတ္တရာ | – | – | |
| မြို့နယ်ချုပ် | | ၄၆ မိုင် ၇ ဖာလုံ | ကတ္တရာ | | | |

## ဇယား (၁၀) ပေ (၁၈၀) အထက်တံတားများ

| စဉ် | တံတားအမည် | အရှည် (ပေ) | အမျိုးအစား | တည်ဆောက်သည့် ခုနှစ် | သွားလာနိုင်သည့်ယာဉ် (ကား/ရထား) |
|---|---|---|---|---|---|
| ၁။ | ဆားကျင်းတံတား | ၁၉၆ | ဘေလီသစ်သား | ၂၀၀၈ | ကား |
| ၂။ | မရမ်းတံတား | ၂၀၀ | ဘေလီသံကူ | ၂၀၁၄ | ကား |
| မြို့နယ်ချုပ် | | ၃၉၆ | | | |

## ဇယား (၁၁) ပေ (၁၈၀) အောက်တံတားများ

| စဉ် | မြို့/မြို့နယ် | ပေ(၅၀)မှ (၁၈၀) ရှိ တံတားအမည် | အရှည် (ပေ) | အမျိုးအစား | တည်ဆောက်သည့်ခုနှစ် | သွားလာနိုင်သည့်ယာဉ် (ကား/ရထား) | ပေ(၅၀)အောက် တံတားအရေအတွက် |
|---|---|---|---|---|---|---|---|
| ၁။ | လပွတ္တာ | ကျောက်ဖြူ | ၈၅ | သံကူကွန်ကရစ် | ၂၀၁၃–၁၄ | ကား | ၆ |
| ၂။ | ပြင်စလူ | – | – | – | – | – | ၁ |
| မြို့နယ်ချုပ် | | | ၈၅ | သံကူကွန်ကရစ် | – | – | ၇ |

**ဇယား (၁၂) မြို့ ကျေးလက်၊ ကျေးရွာချင်းဆက် တံတားများ**

| စဉ် | မြို့/ မြို့နယ် | တံတားအမည် | အရှည် (ပေ) | အမျိုးအစား | ဆောက်လုပ်မှုပုံစံ | |
|---|---|---|---|---|---|---|
| | | | | | အသစ် | ပြင်ထိန်း |
| ၁။ | လပွတ္တာ | ကျားကိုက် | ၇၀ | ကွန်ကရစ် | အသစ် | – |
| ၂။ | | မိချောင်းအိုင် | ၄၆ | သစ်သား | – | ပြင်ထိန်း |
| ၃။ | | လတာချောင်း | ၃၀ | RC တိုင် | – | ပြင်ထိန်း |
| ၄။ | | လေယာဉ်ကွင်း | ၁၄၈ | သစ်သား | – | ပြင်ထိန်း |
| ၅။ | ပြင်စလူ | (၁) ရပ်ကွက် | ၆၀ | ကွန်ကရစ် | အသစ် | – |

# အခန်း [ ၃ ]

# အန္တရာယ်များနှင့် အန္တရာယ်ကျရောက်နိုင်မှု ဖော်ပြခြင်း

## ၃-၁။ အန္တရာယ်လေ့လာဆန်းစစ်ချက် (Hazard Assessment)

လပွတ္တာမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ (၃. ၂၁)ပေတွင်တည်ရှိပြီး အနောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ ရှိခြင်း၊ တောင်ဘက်သည် ပင်လယ်ကမ်းခြေဒေသ ဖြစ်ခြင်း၊ မိုးရေချိန်လက်မ ၁၀၀ နှင့်အထက် ရွာသွန်းခြင်း၊ ကပ္ပလီပင်လယ်၊ ရောဝတီမြစ်၊ ပြာမလော့မြစ်၊ ရွှေးမြစ်၊ သက္ကယ်သောင်မြစ်၊ သောင်ဒူမြစ်နှင့် ရောဝတီမြစ်စသော ပင်လယ်နှင့်မြစ်များ၊ ချောင်းများနှင့် ဆက်စပ်လျက်ရှိခြင်းနှင့် မြို့နယ်တွင်း အချို့သောဒေသများသည် ကုန်းလမ်းခရီးသွားလာရန် ခက်ခဲခြင်းတို့ကြောင့် ဘေးအမျိုးမျိုးတို့ကျရောက်ပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါသည်။

လပွတ္တာမြို့နယ်သည် တောင်ကုန်းအနည်းငယ်ရှိသည့်မှအပ ကျန်ဒေသများသည် မြေပြန့်၊ မြေနိမ့်များဖြစ်ခြင်းနှင့် မိုးများသော ဒေသဖြစ်ခြင်းကြောင့်လည်းကောင်း၊ မြို့နယ်နေလူထုသည် ရေလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြသည်ဖြစ်ရာ အများစုမှာ မြစ်ကမ်းနဖူးတွင်နေထိုင်ကြခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုနှင့် လူသားတို့ကြောင့်လည်းကောင်း သစ်ပင်၊ သစ်တောနှင့် ဒီရေတောများသည် တစ်စထက်တစ်စ ပိုမိုပြုန်းတီးလာခြင်းစသည့် အချက်တို့ကြောင့် လပွတ္တာမြို့နယ်သည် မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး၊ ဆူနာမီဘေး၊ ရေကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းစသော ဘေးအမျိုးမျိုးတို့ ကျရောက်နိုင်ခြေ များပါသည်။ ထို့အပြင် လပွတ္တာမြို့နယ်သည် စက်ရုံအလုပ်ရုံများနှင့် လူနေထူထပ်ခြင်းကြောင့်လည်းကောင်း၊ မီးအသိ၊ သတိနှင့်ကြိုတင်ပြင်ဆင်မှု အားနည်းခြင်းကြောင့် မီးဘေးအန္တရာယ်များလည်း ဖြစ်ပွားနိုင်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှပံ့ပိုးမှုဖြင့် ရရှိလာသောဘေးဖြစ်စဉ်သမိုင်းများနှင့် လပွတ္တာမြို့နယ်အတွင်း ကျရောက်နိုင်သော ဘေးအန္တရာယ်များကိုအောက်တွင် ဖော်ထုတ်ထားပါသည်။

(၁) မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

(၂) မီးဘေး

(၃) ဆူနာမီဘေး

### ၃-၁-၁။ မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

**အကြောင်းရင်းနှင့် သဘောသဘာဝ**

ဆိုင်ကလုန်းဆိုသည်မှာ လေဖိအားနည်းရပ်ဝန်းကို ဗဟိုပြု၍ လေပြင်းများ လှည့်ပတ်တိုက်ခတ်နေသော ကြီးမားပြင်းထန်သည့် ရာသီဥတုကြောင့် ဆိုးရွားသည့် မုန်တိုင်းများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းများသည် လေပြင်း၊ မိုးပြင်းနှင့်အတူ မုန်တိုင်း ဒီရေလှိုင်းကြီးများကို သယ်ဆောင်လာသည်။ မုန်တိုင်းကြောင့် လေပြင်းများသည် တစ်နာရီမိုင် ၁၂၀ အထိ ပြင်းထန်ပြီး မိုးပြင်းများသည် ၂၄ နာရီအတွင်း မိုးရေချိန် ၅ လက်မကျော်အထိ ရွာသွန်းကြကာ ဒီရေလှိုင်းများသည် ကမ်းခြေတွင် ၁၀ ပေကျော်အထိ မြင့်တက်ကြသည်။ ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်သောအခါ

မုန်တိုင်းဒီရေ၊ မိုးသက်လေပြင်း၊ ရေကြီးခြင်းစသည်တို့ ဖြစ်ပေါ်နိုင်သည်။ မုန်တိုင်းဒီရေလှိုင်းသည် မုန်တိုင်းကြောင့်ဖြစ်ပေါ်သော ထူးခြားကြီးမားသည့် ရေလွှမ်းမိုးမှုဖြစ်သည်။

**ဇယား (၁၃) အတိတ်ကဖြစ်ပွားခဲ့သော မုန်တိုင်း၊ ဒီရေလှိုင်းများ**

| စဉ် | ဘေးအမျိုးအစားများ | ခုနှစ် | ထိခိုက်ခံရသောနေရာ | ကြာချိန် | ထိခိုက်ဆုံးရှုံးမှုများ |
|---|---|---|---|---|---|
| ၁။ | မာလာမုန်တိုင်း– မုန်တိုင်းဒီရေလှိုင်း | ၂၀၀၆ | လေပြင်းတိုက်ခတ် | | ပျက်စီးဆုံးရှုံးမှုမရှိ |
| ၂။ | ပုသိမ်မုန်တိုင်း | ၁၉၇၅ | | ၁ရက် | အိမ်၊ အဆောက်အဦးများ ပျက်စီးခြင်း။ |
| ၃။ | နာဂစ်မုန်တိုင်း မုန်တိုင်းဒီရေလှိုင်း | ၂–၅–၂၀၀၈ | လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့နယ်ခွဲ | ၁၃နာရီ | (၅၀၂၀၁) ဦးသေဆုံး၊ (၃၁၅၇၄)ဦးပျောက်ဆုံး၊ (၁၄၂၀၈)ဦး ဒဏ်ရာရရှိ၊ ကျွဲနွား (၅၂၃၃၃)ကောင် သေဆုံး၊ ရုံး၊စာသင်ကျောင်း၊ ကျန်းမာရေး၊ အဆောက်အဦလူနေအိမ်၊ စက်ရုံ၊ အလုပ်ရုံများ။ |
| ၄။ | မုန်တိုင်း – မုန်တိုင်းဒီရေလှိုင်း | ၂၀၀၉ | ကိုင်းသောင်းကျေးရွာ | | ရွာလုံးကျွတ်ရွှေ့ပြောင်းနေထိုင်။ |
| ၅။ | လေဆင်နှာမောင်း | ၂၀၀၇ | အောင်ဖုန်းကျေးရွာ | မိနစ်ပိုင်း | မူလတန်းကျောင်းပြို၊ လူနေအိမ်များနှင့် မြို့နယ်ပညာရေးမှူးရုံးပြိုကျ။ |

## မုန်တိုင်းဘေး မကျရောက်မီဒေသတွင်း ကြုံတွေ့နိုင်သော ထူးခြားဝိသေသများမှာ

မရွှတ် (ခေါ်) စေတီခရုများ ကမ်းစပ်တွင် ခြေနင်းမကျအောင် များပြားခြင်း၊ သရက်ပင်၏ အပွင့်များလှိုင်လှိုင်ပွင့်ခြင်း၊ စပါးတွေ ယခင်နှစ်များထက် ပိုမိုကောင်းမွန်စွာ ထွက်ရှိခြင်းတို့ကို တွေ့ရှိနိုင်သည်။ ထို့အပြင် ၂၀၀၈ ခုနှစ် နာဂစ်မဖြစ်မီကာလတွင် လှော်ဇာချောင်းအတွင်းသို့ လင်းရှူးများ အုပ်လိုက်ဝင်ရောက်ခြင်းနှင့် ပင်လယ်ဖင်ယော်များ လှိုကြားထဲတွင် ဝင်ရောက်နေထိုင်းခြင်းစသော ထူးခြားချက်များကိုလည်း တွေ့ရှိရသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုအနေဖြင့် တိမ်တိုက်များ၏အရောင်မှာ အညိုရောင်အဖြစ်သို့ ပြောင်းလဲခြင်း၊ အောက်ခြေလေတိုက်နှုန်းနည်းပြီး တိမ်အပေါ် လေတိုက်နှုန်းမြန်ခြင်းများ ဖြစ်ပေါ်သည်ကို တွေ့ရသည်။ နာဂစ်မုန်တိုင်း မကျရောက်မီ (၃–၅)ရက် အလိုတွင် ငှက်ကလေးများ၊ စာကလေးများသည် ပိုမိုလုံခြုံသည့် အိမ်တံစက်မိတ်အောက်နှင့် သစ်ပင်အောက်ခြေကိုင်းတွင် အသိုက်များ ပြုလုပ်ခဲ့ကြသည်။ ရေနေသတ္တဝါ ပက်ကျိများ လယ်ကွင်းထဲသို့ အများအပြား ဝင်ရောက်ခြင်း၊ ပင်လယ်ဝတွင် ပုံမှန်မဟုတ်သော ဒီရေအတက်အကျရှိခြင်း၊ ပင်လယ်ပြင်တွင် ရေတစ်ဖက်သတ်စီးဆင်းခြင်း၊ လေငြိမ်ခြင်းကြောင့် သစ်ပင်များအသက်မဲ့သလို ဖြစ်ခြင်းစသော အချက်များသည် ဒေသတွင်းရှိ ဘေးမကျရောက်မီ ကြုံတွေ့ရသော ထူးခြားသော ဒေသအတွေ့အကြုံများ ဖြစ်သည်။

ဆိုင်ကလုန်းနာဂစ်ပြီးနောက် တွေ့ရှိချက်အရ ဧရာဝတီတိုင်းဒေသကြီး၏ တောင်ပိုင်းရှိ လပွတ္တာ၊ ဘိုကလေးနှင့် ဖျာပုံတို့တွင် ပျမ်းမျှမုန်တိုင်း ဒီရေအမြင့်သည် ၃.၁၇ မီတာခန့်ရှိသည်။

## သက်ရောက်နိုင်သော ဆိုးကျိုးများ

အကျိုးဆက်အားဖြင့် ကမ်းရိုးတန်း ဒေသများရှိ မြေနိမ့်များကို ပင်လယ်ရေလွှမ်းမိုးပြီးလူများ၊ မွေးမြူရေးတိရစ္ဆာန်များ ရေနစ်သေဆုံးနိုင်ပါသည်။ ကမ်းခြေများ၊ တာတမံများနှင့် အပင်များပျက်စီးခြင်း၊ မြေဆီလွှာ ပျက်စီးခြင်းများ ဖြစ်ပွား

ပါသည်။ ဆိုင်ကလုန်းလေပြင်းကြောင့် အဆောက်အအုံများ ပြိုကျခြင်း၊ အိမ်များ လုံးဝလွင့်ပါသွားခြင်းများဖြစ်ပြီး လူအများအပြား အသက်ဆုံးရှုံးခြင်း၊ ပစ္စည်းဥစ္စာ ပျက်စီးခြင်းများ ဖြစ်ပွားစေပါသည်။

ဆိုင်ကလုန်းမုန်တိုင်းများကြောင့် မိုးသည်းထန်စွာ ရွာသွန်းသောအခါတွင် မြစ်ရေလျှံခြင်း၊ မြေနိမ့်ဒေသများကို ရေလွှမ်းမိုးခြင်းဖြစ်ပွားပြီး အသက်အိုးအိမ်နှင့်ပစ္စည်းများ ပျက်စီးခြင်း၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ကာလကြာရှည်စွာ ပိတ်ဆို့ခြင်း၊ ကလေးများ ပညာသင်ကြားမှုကို အဟန့်အတား ဖြစ်စေခြင်း၊ မြေဆီလွှာများအား ယိုယွင်းပျက်စီးစေခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးခြင်း၊ ရေနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ခြင်းနှင့် နောက်ဆက်တွဲရောဂါ (ဝမ်းရောဂါ၊ အအေးမိခြင်း)များ ဖြစ်ပွားစေပါသည်။

အောက်တွင်ဖော်ပြထားသော ကျေးရွာအုပ်စုအလိုက် ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြ မြေပုံတွင်မုန်တိုင်း ဒီရေနှင့် ဆိုင်ကလုန်းဘေး အန္တရာယ်ကျရောက်နိုင်မှု အခြေအနေကို ဖော်ပြထားသည်။

## ပုံ (၆) ကျေးရွာအုပ်စုအလိုက် မုန်တိုင်းဒီရေဘေးအန္တရာယ်အဆင့် သတ်မှတ်ချက်ပြမြေပုံ



### ၃-၁-၂။ ဆူနာမီဘေး

### အကြောင်းရင်းနှင့် သဘောသဘာဝ

ဆူနာမီဆိုသည်မှာ ငလျင်လှုပ်ခြင်း (ပင်လယ်ရေမျက်နှာပြင်အောက် မီတာ၁၅၀ခန့်)၊ မီးတောင်ပေါက်ကွဲခြင်းကြောင့် ပင်လယ်အောက်ကြမ်းပြင် ရွေ့လျားခြင်း၊ ပင်လယ်အောက်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အလွန်ကြီးမားသည့် ရေလှိုင်းလုံးကြီးများကို ဆိုပါသည်။ ထိုသို့ဖြစ်ပေါ်လျှင် ပင်လယ်တွင်းတွင် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခြင်းမရှိဘဲ ဆူနာမီလှိုင်းများ ကမ်းခြေသို့ရောက်ရှိချိန်တွင် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေနိုင်သော အလွန်ကြီးမားသော အမြင့်ပေ ၁၀၀ ခန့်ရှိ လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာပြီး ထိုလှိုင်းလုံးကြီးများမှာ ၁ နာရီကို မိုင် ၃၀ နှင့်အထက် ရွေ့လျားလာနိုင်သော အလွန်လျင်မြန်သည့် ဆူနာမီရေလှိုင်းကြီးများအသွင် ဖြစ်ပေါ်လာပါသည်။

ယင်းသို့ဖြစ်ပေါ်မှုအား အခြေအနေ(၂)ရပ်ဖြင့် သုံးသပ်နိုင်ပါသည်။ ပထမအခြေအနေအဖြစ် ပျှမ်းမျှဒီရေ မြင့်တက်ချိန်တွင် အမြင့်ဆုံးဆူနာမီလှိုင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြေ နည်းပါသည်။ ဒုတိယအခြေအနေအဖြစ် ဒီရေမြင့်တက်ချိန် အမြင့်ဆုံးဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လများတွင် အမြင့်ဆုံးဆူနာမီလှိုင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြေ သိသိသာသာပိုများပါသည်။ ပျှမ်းမျှ ဒီရေမြင့်တက်ချိန်တွင် အမြင့်ဆုံးဆူနာမီလှိုင်း ဖြစ်ပေါ်ပါက ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာ (၃၃၃) ရွာ ထိခိုက်နိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် နှိုင်းယှဉ်ပါက ပိုများပါသည်။ ဒီရေအမြင့်ဆုံးဖြစ်ချိန်နှင့် ဆူနာမီလှိုင်းအမြင့်ဆုံးအချိန်တို့ ယှဉ်တွဲဖြစ်ပေါ်ပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ (၅၈၆) ရွာနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ (၄၈) ရွာတို့တွင် အန္တရာယ်ကျရောက်နိုင်သည်ဟု ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဘေးအန္တရာယ်ကျရောက်နိုင်ခြေနှင့် ထိခိုက်လွယ်မှုဆန်းစစ်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ကျေးရွာအုပ်စုအလိုက် အန္တရာယ်ကျရောက်နိုင်ခြေပြဇယားကို နောက်ဆက်တွဲ (၄)အဖြစ် ဖော်ပြထားသည်။

**ဇယား (၁၄) အတိတ်ကဖြစ်ပွားခဲ့သော ဆူနာမီဘေး**

| စဉ် | ဘေးအမျိုးအစားများ | ခုနှစ် | ထိခိုက်ခံရသောနေရာ | ကြာချိန် | ထိခိုက်ဆုံးရှုံးမှုများ |
|---|---|---|---|---|---|
| ၁။ | ဆူနာမီဘေး | ၁၆-၁၂-၂၀၀၄ | ကုန်းကြီးအုပ်စု ၁၅ပေခန့် လှိုင်းလုံးများ ပိုးလောင်းအုပ်စု | ၅မိနစ်ခန့် ငလျင်လှုပ် | (၁၇)ဦးသေဆုံး၊ (၁၁)ဦး ဒဏ်ရာရ၊ အိမ်ခြေ (၄၅)လုံးခန့် ပျက်စီး၊ (၅) ဦးသေသုံး၊ (၁၅) ဦး ဒဏ်ရာရ၊ အိမ်ခြေ (၅၀)လုံးခန့် ပျက်စီး။ |

### ဆူနာမီ ဘေးမကျရောက်မီဒေသတွင်း ကြုံတွေ့နိုင်သော ထူးခြားဝိသေသများမှာ

၂၀၀၄ ခုနှစ် ဆူနာမီဘေးမကျရောက်မီ (၁လ) ခန့်အလိုတွင် ငါးဒံငါးနှင့် ငါးဒီငါးများ အများအပြား ရရှိခဲ့သည်။ မရွတ်(ခေါ်) စေတီခရုများ ကမ်းစပ်တွင် ခြေနင်းမကျအောင် များပြားစွာတွေ့ရှိရသည်။

ယခင်ကထက် (၁)ဆမှ (၃)ဆအထိ ငါးများ (ငါးပုတ်သင်၊ ငါးဘူးစွေ၊ ငါးပြား၊ ငါးပလွေ) အစုလိုက်အပြုံလိုက် ရရှိခဲ့သည်။ ဆူနာမီဘေးသဘောသဘာဝမှာ ဘေးမကျရောက်မီ ရစ်ချ်စတာစကေး ၇.၆ ပြင်းအားရှိသော ငလျင်(၁၅) မိနစ်ခန့်လှုပ်ပြီးနောက် (၁) နာရီခန့်အကြာတွင် မူလရေမျက်နှာပြင်မှ အောက်သို့ (၁၂)ပေခန့် ရေများကျဆင်းပြီး (၁၀) မိနစ်ခန့်အကြာတွင် မူလအနေထားသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုသို့ နှစ်ကြိမ်ဖြစ်ပြီးနောက် တတိယအကြိမ်တွင် ရေတက်နှုန်း ပိုမိုမြန်ဆန်လာပြီး ရေနောက်ဖြစ်နေသော အမြင့်(၁၅)ပေခန့်ရှိသော ရေလှိုင်းလုံးများသည် ကမ်းခြေအတွင်းပိုင်း ခန့်မှန်းပေ ၅၀၀ မှ ၁၂၀၀ ခန့်အထိ ဝင်ရောက်ဖုံးလွှမ်းခဲ့သည်။

**သက်ရောက်နိုင်သော ဆိုးကျိုးများ**

အလွန်ကြီးမားသော လှိုင်းလုံးကြီးများသည် ကုန်းတွင်းဒေသကို လွယ်ကူစွာဝင်ရောက်နိုင်ပြီး ရေလှိုင်းသွားရာ လမ်းကြောင်းတစ်လျှောက်ရှိ သက်ရှိသက်မဲ့များကို ဖျက်ဆီးနိုင်ခြင်း၊ အဆောက်အအုံများနှင့် အခြေခံအဆောက်အဦများ ပျက်စီးနိုင်ခြင်း၊ ဆားငန်ရေဝင်ရောက်မှုနှင့် အမှိုက်သရိုက် ရေဆိုးရေညစ်များကြောင့် ရေမသန့်ရှင်းမှုဖြစ်ပြီး ဝမ်းရောဂါ ဖြစ်စေခြင်း၊ ရေလှောင်ကန်များနှင့် လမ်းတံတားများအား တမဟုတ်ချည်း ရေလွှမ်းသွားကာ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများ အားလုံးပြတ်တောက်သွားခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သိုလှောင်ထားသော စပါး၊သီးနှံစသည့် ရိက္ခာများ ပျက်စီးဆုံးရှုံးခြင်းတို့ကို ဖြစ်ပွားနိုင်ပါသည်။

အောက်တွင်ဖော်ပြထားသော ကျေးရွာအုပ်စုအလိုက် ဆူနာမီဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံတွင် ဆူနာမီ ဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေကို ဖော်ပြထားသည်။

## ပုံ (၇) ကျေးရွာအုပ်စုအလိုက် ဆူနာမီဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ



### ၃-၁-၃။ မီးဘေး

မီးဘေးကျရောက်တတ်သော မြို့နယ်အတွင်းရှိ အဆောက်အဦ အမျိုးအစားအများစုသည် မီးလောင်လွယ်သော ပစ္စည်းများ (ဓနိ၊ သက်ကယ်၊ ဝါး) ဖြင့် ဆောက်လုပ်ထားခြင်း၊ မီးငြိမ်းသတ်သောနည်းစနစ်နှင့် ပစ္စည်းကိရိယာများ (မီးသတ်ယာဉ်၊ ရေလှောင်ကန်) အားနည်းခြင်း၊ မီးဘေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ အသိပညာပေးခြင်းနှင့် မီးဘေးကာကွယ် တားဆီးရေးလုပ်ငန်းစဉ်များတွင် ရပ်ရွာလူထုစိတ်ပါဝင်စားမှု အားနည်းခြင်း၊ မြေယာအသုံးချစနစ် အားနည်းခြင်း၊ မီးတားလမ်းများပေါ်တွင် ကျူးကျော်နေထိုင်ခြင်း၊ မီးငြိမ်းသတ်ရန် ရေအရင်းအမြစ် လုံလောက်စွာ မရရှိခြင်း၊ မီးလောင်လွယ်သော စက်သုံးဆီများနှင့် ပစ္စည်းများသိုလှောင်ရာတွင် စနစ်တကျ မရှိခြင်း၊ လူနေရပ်ကွက်နှင့်နီးသော နေရာတွင် စက်သုံးဆီများ သိုလှောင်ထားရှိခြင်း၊ အရွယ်မရောက်သေးသည့် ကလေးငယ်များ မီးသုံးစွဲမှုကြောင့် ပေါ့ဆမီးများလောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများမှ မီးဘေးနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များအား လိုက်နာခြင်းမရှိဘဲ မဆင်မခြင်သုံးစွဲခြင်း စသောအချက်များကြောင့် လပွတ္တာမြို့နယ်သည် မီးဘေးအန္တရာယ်မှ ကျရောက်နိုင်ခြေများသည်ကို တွေ့ရှိရပါသည်။

### အကြောင်းရင်းနှင့် သဘောသဘာဝ

မီးလောင်ခြင်းဆိုသည်မှာ အပူ၊ လောင်စာနှင့်အောက်ဆီဂျင်တို့ ဓာတ်ပြုခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်စေသော အကြောင်းရင်းမှာ နေအိမ်များတွင်ဖြစ်ပေါ်သော မတော်တဆမှုများ (လျှပ်စစ်ပစ္စည်းများ ခံနိုင်ရည်ဝန်အားထက် ပိုမိုအသုံးပြုခြင်း၊ လောင်စာဆီမှ မီးလောင်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် ဆေးလိပ်မီးကို မဆင်မခြင် စွန့်ပစ်ခြင်း၊ အပူပေးသော အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ (မီးဖို၊ လျှပ်စစ်မီးပူစသည်) တို့ကို မဆင်မခြင်ပေါ့ဆစွာ အသုံးပြုခြင်းနှင့် သုံးပြီးထားပြီး သတိမေ့လျော့နေခြင်း၊ ခေတ်မီလျှပ်စစ်ပစ္စည်းများကို အသုံးပြုမှုနည်းပါးခြင်း၊ သဘာဝအလျောက်မီးလောင်ခြင်း (မိုးကြိုးပစ်ခြင်း၊ လျှင်ကြောင့် နောက်ဆက်တွဲ မီးလောင်မှုဖြစ်ခြင်း)နှင့် တောမီး (လူတို့ကြောင့် မီးလောင်ကျွမ်းခြင်းနှင့် သဘာဝအလျောက်လောင်ကျွမ်းခြင်း)၊ အဖျက်အမှောင့်သဘောဖြင့် လောင်စေသော ရှို့မီးတို့ ဖြစ်ပါသည်။

**ဇယား(၁၅) အတိတ်ကဖြစ်ပွားခဲ့သော မီးဘေးများ**

| စဉ် | ဘေးအမျိုးအစားများ | ခုနှစ် | ထိခိုက်ခံရသောနေရာ | ကြာချိန် | ထိခိုက်ဆုံးရှုံးမှုများ |
|---|---|---|---|---|---|
| ၁။ | မီးဘေး - ညမီး | ၁၉၆၈ | လပွတ္တာမြို့ပေါ် ၆ ရပ်ကွက် | နာရီပိုင်း | |
| ၂။ | မီးဘေး - နေ့မီး | ၁၉၇၀ | ဘီတွတ် | | အိမ်ခြေ ၃၀၀ကျော် ပျက်စီး |
| ၃။ | မီးဘေး - နေ့မီး | ၁၉၇၃ | မြို့ပေါ် ၃ ရပ်ကွက် | နာရီပိုင်း | အိမ်ခြေ ၁၀၀ကျော်ပျက်စီး |
| ၄။ | မီးဘေး - နေ့မီး | ၁၉၈၈ | မြို့ပေါ် ၁ ရပ်ကွက် | | အ. လ. ကကျောင်း၊ဆိုင်ခန်း၊ ဝန်ထမ်း |
| ၅။ | မီးဘေး - နေ့မီး | ၁၉၉၆ | ကြာကန်ကျေးရွာ | | အိမ်ခြေ ၇၀ကျော် |
| ၆။ | မီးဘေး - နေ့မီး | ၂၀၀၁-၂၀၀၂ | ရေကျော်ကြီးကျေးရွာ | | ရွာလုံးကျွတ်အိမ်ခြေ ၁၀၀ ကျော် |
| ၇။ | မီးဘေး - နေ့မီး | ၂၀၀၃ | လွဇာကျေးရွာ | | ရွာလုံးကျွတ်အိမ်ခြေ ၁၅၀ ကျော် |
| ၈။ | မီးဘေး - ညမီး | ၃၀-၁၂-၂၀၁၃ | က.န်ဘက်အုပ်စု | ၄ နာရီ | အိမ်ခြေ၂၀၅လုံး မီးလောင်ပျက်စီး၊ |
| ၉။ | မီးဘေး | ၄၂-၂၀၁၆ | လပွတ္တာမြို့ပေါ် ရော သီရိလမ်းမှ စတင်လောင် | ည ၇ နာရီမှ စလောင် | အိမ်ခြေ(၁၇၉) လုံး လူပေါင်း (၇၆၁) ယောက် အိုးမဲ့အိမ်မဲ့ဖြစ်၊ စုစုပေါင်း (၂၀) ကျော်ပျက်စီး။ |

**မီးဘေးကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများ**

ထို့အပြင် နွေရာသီမရောက်မီ မီးဘေးကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ရန် တပ်လှန့်နှိုးဆော်ခြင်း၊ မီးကင်းတဲများချခြင်း၊ ရှောင်တခင် စစ်ဆေးခြင်း၊ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ပြည်သူလူထုပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းစသည့် လုပ်ငန်းများအား ဆောင်ရွက်မှု၊ ပံ့ပိုးမှုအားနည်းခြင်းတို့ကြောင့် မလိုလားအပ်သော ဆိုကျိုးများ ဖြစ်ပေါ်လာနိုင်သည်ကိုတွေ့ရှိရသည်။

မီးဘေးကြောင့် (မီးလောင်နေသော အဆောက်အအုံတွင် ပိတ်မိသော) လူများနှင့် တိရစ္ဆာန်များ၏ အသက်များ ဆုံးရှုံးခြင်း၊ လူနေအိမ်ခြေများ၊ စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းခွင်နေရာများ၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ပျက်စီးဆုံးရှုံးခြင်း၊ မီးလောင်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခြင်း စသည့်ဆုံးရှုံးမှုတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ပြင် တောမီးလောင်မှုကြောင့် သစ်တောနှင့်မြေဆီလွှာများ ဆုံးရှုံးရခြင်း၊ ရေဝေရေလဲဧရိယာများ ခန်းခြောက်ခြင်း၊ သဘာဝတောရိုင်းသတ္တဝါတို့ အန္တရာယ်ကြုံတွေ့ရခြင်း၊ စားကျက်မြေများ ပျက်စီးခြင်းစသော သဘာဝပတ်ဝန်းကျင်အား ထိခိုက်ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်နိုင်ပါသည်။

အောက်တွင်ဖော်ပြထားသော ကျေးရွာအုပ်စုအလိုက် ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြ မြေပုံတွင် မီးဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေကို ဖော်ပြထားပါသည်။

ပုံ (၈) ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ



## ၃-၂။ အန္တရာယ်ကျရောက်လွယ်မှုလေ့လာဆန်းစစ်ချက် (Vulnerability Assessment)

လပွတ္တာမြို့နယ်၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ရေးဆွဲရာတွင် လိုအပ်သည့် ဘေးအန္တရာယ်ကျရောက်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment) လုပ်ဆောင် ရာတွင် မြို့နယ်အတွင်းကျရောက်နိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ကျရောက်လွယ်မှုကို အခြေခံပြီး လေ့လာသုံးသပ်ထားပါသည်။

### ၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု

#### (က) တည်နေရာနှင့် သွားလာရေးအခြေအနေ

လပွတ္တာမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အလျောက် မြစ်ချောင်းပေါများပြီး ထင်ရှားသော မြစ်ကြီးများဖြစ်သည့် သက္ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြာမလော့မြစ်၊ ရောဝတီမြစ်တို့သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပါသည်။ လပွတ္တာမြို့နယ်အရှေ့ဘက်တွင် ဘိုကလေးမြို့နယ်၊ အနောက်ဘက်တွင် ငပုတောမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ တောင်ဘက်တွင် ကပ္ပလီပင်လယ်အော်ရှိပြီး မြောက်ဘက်တွင် မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ မြို့နယ်၏ မြောက်ဘက်ပိုင်းတွင် အမြင့်ပေ ၅၀ အောက်တောင်ကုန်းအနည်းငယ်ရှိသည်မှအပ ကျန်ဒေသအားလုံးသည် မြေပြန့်ဒေသများ ဖြစ်ပါသည်။ လပွတ္တာမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျှမ်းမျှအမြင့် (၅)ပေ အထက်တွင် တည်ရှိပါသည်။ ကျေးရွာအုပ်စုများအား ရေကြောင်းခရီးဖြင့်သာ အသုံးပြုရသော မြို့ဖြစ်သည်။

#### (ခ) အဆောက်အဦများ

လပွတ္တာမြို့နယ်အတွင်း နေထိုင်ကြသော အဆောက်အဦများသည် ပုံမှန်သစ်သားအိမ်များကိုသာ အများအပြားနေထိုင်ကြပြီး တိုက်အိမ်ကြီးများနှင့်မြို့ပေါ်တွင်သာ နေထိုင်သူများပါသည်။ လပွတ္တာမြို့နယ်အတွင်း နေထိုင်ကြသော လူဦးရေပမာဏနှင့် နှိုင်းယှဉ်လျှင် မုန်တိုင်းခိုလှုံရာ Cyclone Shelter များ၊ ဆူနာမီ Shelter များ မရှိခြင်း၊ သက်ကယ်ကုန်းမြင့်များ၏ အရေအတွက်မှာ လုံလောက်မှု မရှိခြင်း၊ ဆောက်လုပ်ပြီးသော ခိုလှုံရာနေရာများသည် မသန်စွမ်းများအသုံးပြုနိုင်ရန် ထည့်သွင်းစဉ်းစားမှု မရှိခြင်း၊ ထိုအဆောက်အဦတို့ကို ပုံမှန်ပြန်လည် ပြုပြင်မှုအားနည်းခြင်းနှင့် ဘေးကင်းရာသို့သွားလာရန် လုံခြုံစိတ်ချရသော ရေယာဉ်များ လုံလောက်စွာမရှိခြင်း၊ အခြေခံလိုအပ်ချက်များဖြစ်သည့် ရေလှောင်ကန်များ၊ လမ်း၊ တံတားများနှင့် ပြေးလမ်းကြောင်းများ ဖော်ထုတ်ရန် လိုအပ်ချက်များရှိသည်ကို မြို့နယ်ဆိုင်ရာ အချက်အလက်များမှ ရှာဖွေတွေ့ရှိရသည်။

#### (ဂ) သောက်သုံးရေရရှိမှု

လပွတ္တာမြို့နယ်သည် နေထိုင်ကြသောသူများ မြို့နယ်ဆိုင်ရာအချက်အလက်များအရ ရေကန်များနှင့် မြေအောက်အဝီစိရေကိုသာ အားထားရသော မြို့ဖြစ်သည်။ ကျေးရွာများသည် ပင်လယ်နှင့်နီးစပ်ပြီး ရေငန်ဝင်ရောက်သော ဒေသများဖြစ်ပါသည်။ မုန်တိုင်းနှင့်အတူ မုန်တိုင်း၊ ဒီရေလှိုင်းများ တက်ရောက်လာပါက ရေချိုကန်များနှင့် အခြားရေချို အရင်းအမြစ်များ ပျက်စီးဆုံးရှုံးနိုင်ပါသည်။

### ၃-၂-၂။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု

သစ်ပင်သစ်တောပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် လည်းကောင်း၊ ရောဝတီမြစ်ကြောင်းများ ကျဉ်းမြောင်းလာခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုနှင့် လူသားတို့ကြောင့် ဒီရေတောများနှင့်

သစ်ပင်သစ်တောများ နည်းပါးလာခြင်းနှင့် ပြန်လည်အစားထိုး စိုက်ပျိုးထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် မုန်တိုင်းနှင့် မုန်တိုင်းဒီရေလှိုင်းများ ကျရောက်လာသည့်အခါ ခုခံနိုင်မှုစွမ်းအား လျော့နည်းသွား စေနိုင်ပါသည်။

### ၃-၂-၃။ စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်မှု

လပွတ္တာမြို့နယ်သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ရပြီး ပြည်သူလူထုတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြောက်များစွာ ဆုံးရှုံးခြင်းစသော ဆိုးကျိုးများကိုခံစားခဲ့ရပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်းများကြားလျှင် အကြောက်လွန်ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်း မရှိခြင်းနှင့် ကောလဟလများကို နားယောင်ခြင်းတို့ ဖြစ်တတ်ပါသည်။ ထို့အပြင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် မိသားစုဆုံးရှုံးခဲ့ရသော ကလေးသူငယ်များမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ အားနည်းခြင်းများ ဖြစ်ပေါ်စေရုံမျှမက မုန်တိုင်းဒဏ်ကြောင့် အိမ်ခြေရာခြေဆုံးရှုံးသွားသော မိသားစုများမှာ မြေယာအတည်တကျ မရှိခြင်းကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် မြေယာစီမံခန့်ခွဲမှုနှင့် ပံ့ပိုးမှုမရရှိသဖြင့် သူတစ်ပါးမြေ (လယ်မြေ၊ စားကျက်မြေ၊ သစ်တောမြေ)များတွင် နေထိုင်ရသဖြင့် လူမှုစီးပွားကဏ္ဍတွင် အခြားသောသူများထက် နောက်ကျနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဆိုးကျိုးအားဖြင့် ၎င်းတို့၏ ကလေးငယ်များ၊ အနာဂတ်သားကောင်းရတနာများ၏ ပညာရေး၊ စိတ်ဓာတ်ရေးရာ ထိခိုက်မှုများစွာ ရှိသည်ကို တွေ့ရှိရသည်။

## ၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment)

လပွတ္တာမြို့နယ်တွင် မြို့နယ်အတွင်းရှိ မုန်တိုင်းနှင့် မုန်တိုင်းဒီရေလှိုင်းဒဏ်ခံ အဆောက်အဦများ တည်ရှိရာနေရာနှင့် အရေးကြုံလျှင် ရှောင်ပြေးရန် လမ်းကြောင်းများကို ကြိုတင်ရေးဆွဲထားခြင်း၊ ဘေးအမျိုးအစားအလိုက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ထားရမည်ဖြစ်သည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ပံ့ပိုးမှုဖြင့် ရရှိလာသော ခိုလှုံရာနေရာများ (နောက်ဆက်တွဲ-၅) ၏ စာရင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ထားရှိမှုများကို နောက်ဆက်တွဲ-၇ ဖြင့် ဖော်ပြထားပါသည်။

ရောဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏လက်အောက်ရှိ လူငယ်အားမာန်သင်တန်းကျောင်းကို ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း အလွန်ကာလက လပွတ္တာမြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီး မိဘမဲ့ကလေးငယ်များ၊ မသန်စွမ်းများ၊ သက်ကြီးဘိုးဘွားများ၊ စောင့်ရှောက်သူမဲ့ အမျိုးသမီးငယ်များကို ပြုစုစောင့်ရှောက်ထားခြင်း၊ ၎င်းတို့အား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ပညာရေးဆက်လက်သင်ကြားနိုင်ရန် မြို့နယ်ပညာရေးမှူးရုံးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးသင်တန်းများဖွင့်လှစ်ခြင်းစသည့် လုပ်ငန်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ၃-၃-၁။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ

လပွတ္တာမြို့နယ်အတွင်း တည်ရှိရာနေရာနှင့် အရေးကြုံလျှင် ရှောင်ပြေးရန် လမ်းကြောင်းများကို ကြိုတင်ရေးဆွဲထားခြင်း၊ ဘေးအမျိုးအစားအလိုက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ထားရမည် ဖြစ်သည်။ အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်အလွယ်ဆုံး ဒေသများသည် ခိုလှုံရာနေရာအား ကောင်းစွာသိရှိထားရန် လိုအပ်ပါသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ပံ့ပိုးမှုဖြင့်ရရှိလာသော ခိုလှုံရာနေရာများ(နောက်ဆက်တွဲ-၅) တွင်ဖော်ပြထားပါသည်။

### ၃-၃-၂။ သယ်ယူပို့ဆောင်ရေးယာဉ်များ

လပွတ္တာမြို့နယ်တွင် ဘေးအန္တရာယ်ကျရောက်မည့် သတိပေးချက်ရရှိပါက လူများအား ရွှေ့ပြောင်းရန်အတွက် ကျေးရွာများရှိ စစ်တပ်လှေများ၊ သင်္ဘောများကို အသုံးပြုနိုင်ပါသည်။ လပွတ္တာမြို့နယ်တွင် စက်တပ်ရေယာဉ်များ အဖွဲ့အားလည်း လိုအပ်ပါက အကူအညီများ တောင်းခံနိုင်ပါသည်။

### ၃-၃-၃။ လူ့စွမ်းအား အရင်းအမြစ်များ

လပွတ္တာမြို့နယ်အတွင်း ကျေးရွာများအထိကြိုတင် သတိပေးချက်များထုတ်ပြန်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တုံ့ပြန်ခြင်း၊ ထူထောင်ခြင်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် ကြက်ခြေနီလူငယ်များ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ မိခင်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာကဲ့သို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်သားများ၏ အင်အားများကို အသုံးပြုနိုင်ပါသည်။ လပွတ္တာမြို့နယ်ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းများစာရင်းကို နောက်ဆက်တွဲ (၃) တွင် ဖော်ပြထားပါသည်။

# အခန်း [ ၄ ]

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ

လပွတ္တာမြို့နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ၎င်း၏လက်အောက်တွင် လုပ်ငန်းကော်မတီ (၁၀) ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတွင်းရေးမှူးသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Focal Person) အဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

**လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံဇယား**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှုများ

လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းပါသည်။

### ၄-၁။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | အမှုဆောင်အရာရှိ၊ မြို့ နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | မြို့နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | မြို့နယ်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၁၅) | မြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | မြို့နယ်မန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (၁၇) | ဦးစီးအရာရှိ၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၈) | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၉) | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၀) | တာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၂၁) | ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၂၂) | ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၂၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (၂၄) | ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၂၅) | ဦးစီးအရာရှိ၊ မြို့နယ် သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၂၆) | မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၂၇) | ဒုဦးစီးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၈) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းရုံး | အဖွဲ့ဝင် |
| (၂၉) | မြို့နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၃၀) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃၁) | မြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံး | အဖွဲ့ဝင် |
| (၃၂) | မြို့အုပ်ချုပ်ရေးမှူး၊ ပြင်စလူမြို့ | အဖွဲ့ဝင် |
| (၃၃) | ဦးစီးအရာရှိ၊ ပြည်တွင်းကုန်တင်ကုန်ချ | အဖွဲ့ဝင် |
| (၃၄) | ဦးစီးအရာရှိ၊ မြို့နယ်မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

## ၄-၂။ ပြင်စလူမြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားရှိမှု

| | | |
|---|---|---|
| (၁) | ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | အမှုဆောင်အရာရှိ၊ မြို့စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | အထက ကျောင်းအုပ်၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တာဝန်ခံဆရာဝန်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၈) | လျှပ်စစ်မှူး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၉) | တာဝန်ခံ၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တာဝန်ခံ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ရဲအုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

## ၄-၃။ လပွတ္တာမြို့နယ် လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့လက်အောက်ရှိ လုပ်ငန်းကော်မတီ (၁၀) ခုကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

**(၁) ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ၊ မြို့နယ်မီးသတ်ဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဥက္ကဋ္ဌ၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအသင်း | အဖွဲ့ဝင် |
| (၄) | ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၅) | လက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | နယ်ထိန်းအရာရှိ၊ မြို့မရဲစခန်း ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၇) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အတွင်းရေးမှူး |

**(၂) အရေးပေါ်ကာလထောက်ပံ့ရေးနှင့်အမိုးအကာထူထောင်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ရဲအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဒုဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကျန်းမာရေးမှူး (၁)၊ ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တောအုပ်ကြီး၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ဒုဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | လက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | အငယ်တန်းအင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၂) | လက်ထောက်ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဉက္ကဋ္ဌ၊ မြို့နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၄) | ဉက္ကဋ္ဌ၊ မြို့နယ်အတွင်းရှိ ဆန်ကုန်သည်များအသင်း | အဖွဲ့ဝင် |
| (၁၅) | ဉက္ကဋ္ဌ၊ မြို့နယ်အတွင်းရှိ ရေလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၆) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အတွင်းရေးမှူး |

## (၃) ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်ဦးစီးဌာနမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | ဉက္ကဋ္ဌ |
| (၂) | အငယ်တန်းအင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (၃) | ဒုဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ် အသုံးချဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အတွင်းရေးမှူး |

## (၄) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဉက္ကဋ္ဌ |
| (၂) | လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၃) | ဒုမြို့နယ်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အတွင်းရေးမှူး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၅) | အတွင်းရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၆) | မြန်မာ့တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အတွင်းရေးမှူး |

## (၅) ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ဉက္ကဋ္ဌ |
| (၂) | ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | အတွင်းရေးမှူး၊ မြို့နယ်ရေယာဉ်အသင်း | အဖွဲ့ဝင် |
| (၄) | ဉက္ကဋ္ဌ၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | လက်ထောက်အင်ဂျင်နီယာ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | နယ်ထိန်းခေါင်းဆောင်၊ မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၈) | မြို့နယ်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၉) | စခန်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဦးစီးမှူး၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | အဖွဲ့ဝင် |
| (၁၁) | ဥက္ကဋ္ဌ၊ မြို့နယ်အတွင်းရှိ စက်သုံးဆီလုပ်ငန်းရှင်များ | အဖွဲ့ဝင် |
| (၁၂) | မြို့နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

**(၆) သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်ဒုတိယဦးစီးဌာနမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တာဝန်ခံ၊ သတင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | စက်ရုံမှူး၊ မြန်မာအသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (၅) | စာတိုက်မှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၆) | တာဝန်ခံ၊ ကြေးနန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | တာဝန်ခံ၊ မိုက်ခရို၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၈) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၉) | လက်ထောက်အင်ဂျင်နီယာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်တာဝန်ခံ၊ တယ်လီဖုန်း | အတွင်းရေးမှူး |

**(၇) လုံခြုံရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးဌာနမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တာဝန်ခံ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဥက္ကဋ္ဌ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (၅) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) | ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၇) | တာဝန်ခံ (ခရိုင်၊ မြို့နယ်)၊ သတင်းတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၈) | စခန်းမှူး၊ မြို့မရဲစခန်းမှူး | အတွင်းရေးမှူး |

**(၈) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်အင်ဂျင်နီယာ၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ် အသုံးချဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တာဝန်ခံ၊ တယ်လီဖုန်း၊ ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ဦးစီးအရာရှိ၊ စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၁) | ဒုဦးစီးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ကျန်းမာရေးမှူး (၁)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဥက္ကဋ္ဌ၊ မြို့နယ်သစ်လုပ်ငန်းရှင်များအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |

## (၉) ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၅) | မန်နေဂျာ၊ စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ၊ လပွတ္တာမြို့နယ်အသင်း (ရန်ကုန်မြို့) | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ၊ ရေလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၀) | ဥက္ကဋ္ဌ၊ ဆန်စပါးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၁) | ဥက္ကဋ္ဌ၊ စက်သုံးဆီလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၂) | ဥက္ကဋ္ဌ၊ ကျောက်ထုတ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၁၃) | ယစ်မျိုးလိုင်စင်စိစစ်ရေး | အဖွဲ့ဝင် |
| (၁၄) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ် အသုံးချဦးစီးဌာန | အဖွဲ့ဝင် |
| (၁၇) | မြို့နယ်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၈) | တောအုပ်ကြီး၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၂၀) | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၁) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၂၂) | မြို့နယ်ဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (၂၃) | မန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (၂၄) | မြို့နယ်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၂၅) | မြို့နယ်ဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၆) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၇) | မြို့နယ်ဦးစီးအရာရှိ၊ အခွန်ဦးစီးဌာန | အတွင်းရေးမှူး |

## (၁၀) လေ့ကျင့်ရေးနှင့်စာရင်းပြုစုရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ခရိုင်ဦးစီးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ကျန်းမာရေးမှူး (၁)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၈) | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၉) | မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ခရိုင်ဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

# အခန်း [ ၅ ]

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များ

လပွတ္တာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးစေရန်နှင့် ဘေးမကျရောက်မီ ကြိုတင်ကာကွယ်ခြင်း၊ ဘေးလျော့ပါးစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်သတိပေးခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေး ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စနစ်တကျနှင့် ထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ နှင့် လုပ်ငန်းကော်မတီများ၏တာဝန်များကို ဘေးမကျရောက်မီ၊ ကျရောက်နေစဉ်၊ ကျရောက်ပြီးဟူ၍ အောက်ပါအတိုင်း ကဏ္ဍ ခွဲသတ်မှတ်ထားပါသည်။

## ၅-၁။ လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ

### ၅-၁-၁။ ဘေးမကျရောက်မီ

(၁) မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ သုတေသနနှင့်မှတ်တမ်းများ ပြုစုနိုင်ရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း။

(၂) ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများတိုးပွားစေရန် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ မြေစိုက်ပိုစတာ၊ နံရံကပ်ပိုစတာ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဘေးကျရောက်ပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးပြုစုခြင်းသင်တန်းများ ပို့ချပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိခြင်းနှင့် ၎င်းတို့ကို သိရှိနားလည်စေရန် ကြိုတင် လေ့ကျင့်ခြင်း စသည်တို့ကိုပြုလုပ်ရန် ညွှန်ကြားမှုများပေးခြင်း။

(၃) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားရန်နှင့် ခရိုင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများထံသို့ ဖြန့်ဝေနိုင်ရေး လမ်းညွှန်မှုများပေးခြင်း။

(၄) လုပ်ငန်းကော်မတီဝင်များနှင့် ပုံမှန်အစည်းအဝေးများပြုလုပ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကြီးကြပ် ဆောင်ရွက်ခြင်း။

(၅) နိုင်ငံတကာမှ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အရေးပေါ် သတိပေးချက်စနစ် ထူထောင်နိုင်ရေး စီမံဆောင်ရွက်ခြင်း။

(၆) ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ ဗီဒီယိုပြသခွင့်ရှိသော ရုံများတွင် ပြည်သူလူထုအား သဘာဝဘေးအသိ ပညာပေး သတင်းဇာတ်လမ်းများ၊ ပညာပေးကာတွန်းများ စသည်တို့ကိုပြသနိုင်ရန် စီစဉ်ညွှန်ကြားပေးခြင်း။

(၇) အရေးပေါ်ကာလ အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကြိုတင်ချိတ်ဆက်ပူးပေါင်းရန် လမ်းညွှန်မှုများ ပေးခြင်း။

(၈) အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွင် အသုံးပြုမည့်ပစ္စည်းကိရိယာ (သောက်ရေ၊ ဆေးဝါး၊ အစာခြောက်၊ အဝတ်အထည်၊ ယာဉ်၊ စက်သုံးဆီ၊ လှေ) တို့ကို အသင့်ဖြစ်အောင်ပြင်ဆင်ခြင်းနှင့် ပုံမှန်အစမ်းလေ့ကျင့်မှုများပြုလုပ်ရန် ညွှန်ကြားချက်များပေးခြင်း။

(၉) ခရိုင်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ မိုးလေဝသသတင်းများ (လေတိုက်နှုန်း၊ အပူချိန်နှင့် မိုးရွာသွန်းမှု) ကိုစဉ်ဆက်မပြတ်ရယူပြီး မိမိမြို့နယ်ရှိ ရပ်ရွာလူထုများဆီသို့ သတင်းများပေးပို့နိုင်ရန် စီမံပေးခြင်း။

(၁၀) ခိုလှုံရာအဆောက်အဦများ (Cyclone shelter, School cum shelter စသည်တို့) အား ပြုပြင်မွမ်းမံခြင်းနှင့် အားဖြည့်ပြင်ဆင်ထားရှိခြင်း၊ အခြေခံအဆောက်အဦများဖြစ်သည့် ဆည်များ၊ ရေသွင်းရေနုတ်မြောင်းများအား ခိုင်ခံ့အောင် ပြုပြင်တည်ဆောက်ခြင်းတို့ ပြုလုပ်ခြင်း။

(၁၁) အိုးအိမ်ကဏ္ဍတွင် ဘေးကင်းလုံခြုံသော ဆောက်လုပ်မှုနည်းလမ်းများဖြစ်သည့် လက်သမား၊ ပန်းရံသင်တန်းများပေးခြင်း၊ အိုးအိမ်များဆောက်လုပ်ရာတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ စည်းမျဉ်းတို့နှင့်အညီ ဆောက်လုပ်ရန်နှင့် သဘာဝဘေးအမျိုးမျိုး၏ဒဏ်မှ ခံနိုင်မှုရှိအောင် ဆောက်လုပ်နိုင်ရေးအတွက်လမ်းညွှန်မှုများပေးခြင်း။

(၁၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်အား လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ရပ်ရွာလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းနှင့် ယင်းလေ့ကျင့်မှုမှရရှိလာသော အတွေ့အကြုံများအပေါ် အခြေခံ၍ စီမံချက်ကို ပိုမိုကောင်းမွန်အောင် ရေးဆွဲနိုင်ရန်အတွက် လမ်းညွှန်မှုများပေးခြင်း။

(၁၃) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် သက်ဝင်လှုပ်ရှားမှုရှိစေရန် မိမိမြို့နယ်အတွင်း ပြောင်းလဲလာသော ဖြစ်စဉ်များပေါ်အခြေခံ၍ စီမံချက်ကို (၂) နှစ်တစ်ကြိမ် ပြင်ဆင်ရေးဆွဲခြင်း။

(၁၄) ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံကိန်းများရေးဆွဲရာတွင် ထိခိုက်လွယ်အုပ်စုများ (မသန်စွမ်း၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်စသည်) အတွက်ကိုပါ ဦးစားပေး ထည့်သွင်းရေးဆွဲနိုင်ရန်နှင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ပေးခြင်း။

(၁၅) မိမိမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဘေးလျော့ပါးရေးကဏ္ဍကို ထည့်သွင်းစဉ်းစားရန်နှင့် ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှုများပေးခြင်း။

(၁၆) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခရိုင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် ထက်အောက် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှုများပေးခြင်း။ လုပ်ငန်းကော်မတီများအကြား တယ်လီဖုန်းနံပါတ်များ၊ ဆက်သွယ်ရေးစက်များ၏ နံပါတ်များကို ထက်အောက်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပြုစုခြင်း။

(၁၇) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များအား တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရေး စီစဉ်ပေးရန်၊ သင်တန်း တက်ရောက်ပြီးသော ဆရာများအား ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချနိုင်ရန်နှင့် ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ ရပ်ရွာလူထုအား ဆင့်ပွားသင်တန်းတက်ရောက်နိုင်ရန် စိစစ်ရွေးချယ်ပေးခြင်းနှင့် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း။

(၁၈) မိမိဒေသတွင်းမှ အင်အားများဖြစ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့များ၏ ဆက်သွယ်ရမည့်သူများနှင့် ဖုန်းနံပါတ်များကို ကြိုတင်စာရင်းပြုစုထားရှိခြင်း။

(၁၉) မုန်တိုင်းသတိပေးချက်တွင်ပါဝင်သော အလံစနစ်၊ မီးအချက်ပြစနစ်တို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ရပ်ရွာလူထုအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

(၂၀) ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော ဒေသရှိ ပြည်သူများအား အာမခံစနစ်များထားရှိရေး စီစဉ်ညွှန်ကြား ပေးခြင်း။

(၂၁) နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အစိုးရမှအတည်ပြုပြဋ္ဌာန်းထားသော ဥပဒေပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဆောက်လုပ်ရေးနည်းလမ်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို ပြုစုဖော်ထုတ်ရန် နှင့်၎င်းတို့ကို ရပ်ရွာပြည်သူ လူထုမှ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးတို့အတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ လေ့ကျင့်သင် တန်းပေးခြင်းတို့ ပြုလုပ်နိုင်ရန် လမ်းညွှန်မှုများပေးခြင်း။

(၂၂) ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့နည်းစေရန်အတွက် ရေငန်တားတမံများ တည်ဆောက် ခြင်း၊ လမ်းများ၊ တံတားများ၊ သက်ကယ်ကုန်းမြင့်များ တည်ဆောက်ခြင်း၊ ဒီရေတောများ၊ လေကာပင်များ စိုက်ပျိုးခြင်းများ လုပ်ဆောင်နိုင်ရန် စီစဉ်ညွှန်ကြားပေးခြင်း။

(၂၃) ဘာသာရေးအဆောက်အဦများ၊ ခိုလှုံရာနေရာများ ဆောက်လုပ်ခြင်းနှင့် ပြန်လည်အားဖြည့် ပြုပြင်ရာတွင် မသန်စွမ်းများနှင့် ထိခိုက်ခံရလွယ်အုပ်စုများ (ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်) များအတွက် ထည့်သွင်းစဉ်းစားရန် စီစဉ်ညွှန်ကြားပေးခြင်း။

(၂၄) မုန်တိုင်းဒီရေ ကျရောက်နိုင်သောဒေသများ၊ အနိမ့်ပိုင်း ရေလွှမ်းမိုးနိုင်သောဒေသများတွင် နိုင်ငံတော်၏ ပံ့ပိုး ကူညီမှုဖြင့်သော်လည်းကောင်း၊ ကျေးရွာများ အစီအစဉ်ဖြင့်သော်လည်းကောင်း အသက်ကယ်ကုန်းမြင့်များ၊ ကျေးရွာချင်းဆက် တံတားများ၊ သောက်ရေကန်များ တည်ဆောက်ထားရေးအတွက် စီမံဆောင်ရွက်ခြင်း။

(၂၅) မိမိဒေသ၏ ရာသီဥတုနှင့်ကိုက်ညီပြီး ဘေးဒဏ်ခံနိုင်သော သီးနှံအမျိုးအစားများအား ရွေးချယ်စိုက်ပျိုးနိုင် ရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေသော (အကြမ်းခံသည့် မွေးမြူရေးတိရစ္ဆာန်များ တွဲဖက် မွေးမြူနိုင်ရန်အတွက် နည်းပညာပံ့ပိုးမှုများပေးခြင်း။

(၂၆) ကျေးရွာမှပြောင်းရွှေ့လာသော မုန်တိုင်းရှောင်ပြည်သူများအတွက် ခိုလှုံရာနေရာများသတ်မှတ် ဖော်ထုတ်အတည် ပြုပေးခြင်း။

(၂၇) ဘေးမကျရောက်မီ သက်ဆိုင်ရာနယ်မြေများတွင် အရေးပေါ်ဆက်သွယ်ရေးလမ်းကြောင်းများ စီစဉ်ထားရှိ ခြင်း။

(၂၈) ခိုလှုံရာနေရာများဖြစ်သည့် Cyclone Shelter များ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့်ကုန်းမြင့် များကိုစာရင်းပြုစုထားရှိပြီး ပြေးလမ်းကြောင်းပြ မြေပုံများရေးဆွဲထားရန် လိုအပ်သောလမ်းညွှန်မှုများ ပေး ခြင်း။

(၂၉) မြို့နယ်ပညာရေးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျောင်းတွင်းအခြေပြု သဘာဝဘေးလျော့ပါးရေး (School-Based Disaster Risk Reduction) လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်နိုင်ရေးအတွက် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များမှ အသိပညာများဖြင့် ပူးပေါင်းဆောင်ရွက်ရေးကို ကြိုးကြပ်ပေးခြင်း။

(၃၀) မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကဏ္ဍများကို ထည့်သွင်း ဖော်ဆောင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း။

(၃၁) လက်ရှိတပ်ဆင်ထားသော သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစက်များအပြင် တစ်မြို့နယ်လုံးလွှမ်းခြုံနိုင် ရေးအတွက် ဆက်သွယ်ရေးစက်များ ထပ်မံဖြည့်တင်းပေးခြင်းနှင့် လိုအပ်သောနည်းပညာများနှင့် ပတ်သက် သော သင်တန်းများပေးခြင်း။

(၃၂) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးသင်တန်း/ ဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် အသိပညာပေး မြေစိုက်ပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခြင်း။

(၃၃) နည်းဥပဒေ(၇) ပုဒ်မ (၂၉) အပိုဒ် (ဥ) ပါရည်ညွှန်းချက်အတိုင်း ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပြီး ယာယီခိုလှုံရာနေရာတို့တွင် နေထိုင်နိုင်စေရေးအတွက် မြေနေရာနှင့် အဆောက်အအုံများ၊ လို အပ်ပါက ပုဂ္ဂလိကပိုင်မြေကွက်နှင့် အဆောက်အအုံများကို ဝယ်ယူခြင်း၊ သို့မဟုတ် သင့်လျော်သော အသုံး ပြုခပေးပြီး ယာယီအသုံးပြုနေထိုင်ခွင့်ပေးခြင်း၊ ထိုသို့ဝယ်ယူခြင်းနှင့် ယာယီအသုံးပြုနေထိုင်ခွင့်ပေးခြင်းတို့ ဆောင် ရွက်ရာတွင် ပုဂ္ဂလိကပိုင်ရှင်များမှငြင်းဆိုပါက တည်ဆဲမြေသိမ်းအက်ဥပဒေနှင့်အညီ သိမ်းဆည်းပြီး ဘေးသင့် သူများအား ယာယီအသုံးပြုနေထိုင် ခွင့်ပေးခြင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(၃၄) နည်းဥပဒေ(၇) ပုဒ်မ (၂၉) အပိုဒ် (တ)ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ် ကူညီထောက်ပံ့ရေးပစ္စည်းများကို စနစ် တကျ ဖြန့်ဖြူးနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်ညှိနှိုင်း၍ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နိုင်ရန် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်း ဖြန့်ဖြူး ထောက်ပံ့ရေး စာရင်းဇယားပုံစံများအား စနစ်တကျ ဖြည့်သွင်းခြင်း။

(၃၅) နည်းဥပဒေ(၇) ပုဒ်မ (၂၉) အပိုဒ် (န)တွင် ပြဋ္ဌာန်းထားသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေး အန္တရာယ် လျော့ပါးသက်သာစေရေး အစီအစဉ်များ ထည့်သွင်းရေးဆွဲနိုင်ရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း အရ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးလျော့ပါးရေး အစီအစဉ်များ ထည့်သွင်းရေးဆွဲခြင်း။

(၃၆) သဘာဝဘေး အန္တရာယ်လျော့ပါးရေးအတွက် ကျေးရွာစီမံချက်များ ကြိုတင်ရေးဆွဲခြင်း။

(၃၇) သဘာဝဘေးအန္တရာယ်လုပ်ငန်း လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းပညာနှင့် စက်ပစ္စည်းကိရိယာများ တပ်ဆင်နိုင်ရေးအတွက် အစိုးရ၊ UN, NGO/INGO အဖွဲ့အစည်းများသို့ တင်ပြ တောင်းခံသွားခြင်း။

(၃၈) နည်းဥပဒေ အခန်း (၉) ပုဒ်မခွဲ (င) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘေးလွတ်ရာနေရာများနှင့် ယာယီခို လှုံရာနေရာများတွင် ထိခိုက်ခံရလွယ်သူများ၏ လိုအပ်ချက်များကိုထည့်သွင်း စဉ်းစားဆောင်ရွက်ရန်အတွက် ဒေသမြေမျက်နှာသွင်ပြင် အနေအထားအရ အရေးပေါ် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်သည့်နေရာ များကို ကြိုတင်သတ်မှတ်ထားခြင်း။

## ၅-၁-၂။ ဘေးကျရောက်စဉ်

(၁) ဘေးကျရောက်သည်နှင့်တစ်ပြိုင်နက် စီမံချက်ပါအတိုင်း လုပ်ငန်းကော်မတီအသီးသီးမှ စတင်ဆောင်ရွက်နိုင် ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီး အနီးကပ်ကြီးကြပ်ခြင်း။

(၂) အရေးပေါ်သတိပေးချက်ရရှိချိန်တွင် အန္တရာယ်ကျရောက်နိုင်ခြေရှိသော ဒေသရှိပြည်သူလူထု ထံအချိန်မီ သတင်းထုတ်ပြန်နိုင်ရန် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီအား တာဝန်ပေးရန်နှင့် သတင်းပေးပို့ပြီး ပါက ပြန်လည်တင်ပြနိုင်ရန် လမ်းညွှန်မှုများပေးခြင်း။

(၃) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ဘေးသင့်ပြည်သူလူထုများအား ဘေးကင်းရာသို့ အမြန် ဆုံးရွှေ့ပြောင်းရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(၄) ဘေးသင့်ပြည်သူများကို ဘေးကင်းရာသို့ အမြန်ဆုံးရွှေ့ပြောင်းရန် လိုအပ်ပါက အထက်အဖွဲ့အစည်းနှင့် နယ်မြေခံတပ်မတော်၏ အကူအညီရယူနိုင်ရေး တင်ပြခြင်း။

(၅) လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရန် စဉ်ဆက်မပြတ် လမ်းညွှန်မှုများပေးခြင်း။

(၆) မိမိဒေသတွင်းမှ အင်အားများဖြစ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်အကူအညီရယူခြင်း။

(၇) သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအနေဖြင့် အရေးပေါ်ကာလ ထောက်ပံ့ရန်ရှိသော ကျေးရွာများ၏ စာရင်းကိုပြုစုရန်နှင့် ကျန်လုပ်ငန်းကော်မတီများထံမှ ရရှိလာသော အချက်အလက်များကို စုစည်း၍ ခရိုင်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြပြီး လမ်းညွှန်မှုခံယူခြင်း။

(၈) သဘာဝဘေးကျရောက်မှု အခြေအနေကို စဉ်ဆက်မပြတ်ရယူပြီး ခရိုင်သို့တင်ပြကာ ဖြစ်ပေါ်လာသည့် အခြေအနေပေါ်မူတည်ပြီး လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း။

(၉) စီမံခန့်ခွဲမှုကော်မတီမှ လမ်းညွှန်မှုများကို အခြားသော လုပ်ငန်းကော်မတီများထံသို့ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှတစ်ဆင့် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်း။

(၁၀) ဘေးအန္တရာယ်ကျရောက်စဉ်တွင် ကြိုတင်ဖွဲ့စည်းထားသော ကယ်ဆယ်ရေးအဖွဲ့များမှ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း။

(၁၁) ဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ်ကင်းဝေးရေးသည် အဓိကဖြစ်ကြောင်း တပ်လှန့်နိုးဆော်မှုပြုလုပ်ခြင်း၊ စုဖွဲ့ထားသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အမြန်ဆုံးဆောင်ရွက်ခြင်း။

(၁၂) နည်းဥပဒေ ၃၄ အပိုဒ်ခွဲ (က၊ ခ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကနဦးဆန်းစစ်ချက်၏ တွေ့ရှိချက်များကို အထက်အဆင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်သို့ ထပ်ဆင့်တင်ပြခြင်း။

(၁၃) ဘေးကျရောက်လာပါက ကော်မတီဝင်များ စုဝေးနိုင်ရန် စုဖွဲ့နေရာ (assemble points) များ သတ်မှတ်ထားခြင်း။

## ၅-၁-၃။ ဘေးကျရောက်ပြီး

(၁) သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ရရှိလာသော အချက်အလက်များကိုအသုံးပြု၍ ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်နိုင်ရေး၊ ကျန်မာရေးစောင့်ရှောက်နိုင်ရေး၊ အရေးပေါ်ကာလ ထောက်ပံ့နိုင်ရေး၊ ဘေးကင်းခိုလှုံရာဒေသသို့ ပို့ဆောင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီတိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညွှန်ကြားခြင်း။

(၂) လုပ်ငန်းကော်မတီအချင်းချင်း အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုချောမွေ့စေရန် ကြီးကြပ်ကွပ်ကဲခြင်း။

(၃) သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ တွေ့ကြုံလာသော အခက်အခဲများဖော်ထုတ်၍ လုပ်ငန်းစီမံချက်၏ အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်၍ စီမံချက်အား ပြန်လည်ရေးဆွဲရန် ဦးဆောင်လမ်းညွှန်မှုများပေးခြင်း။

(၄) အလှူရှင်များမှ လှူဒါန်းလာသော ပစ္စည်းများစာရင်းများအား သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီထံသို့ စာရင်းပေးပို့စေရန်နှင့် ပစ္စည်းများအား ပစ္စည်းဝယ်ယူရေးလုပ်ငန်းကော်မတီထံ စာရင်းနှင့်တကွအပ်နှံခြင်း။

(၅) သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ တင်ပြလာသော ယခင်ဖြန့်ဝေပြီးသော ကယ်ဆယ်ရေးပစ္စည်းများ စာရင်းများပေါ်အခြေခံ၍ လိုအပ်နေသေးသော ဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံဖြန့်ဝေနိုင်ရေး ညွှန်ကြားခြင်း။

(၆) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီမှ ရရှိလာသောလှူဒါန်းငွေများအား ဘဏ္ဍာငွေစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းရန်၊ စနစ်တကျ သုံးစွဲနိုင်ရေးနှင့် စာရင်းရှင်းတမ်းများ ထုတ်ပြန်ရန် စီမံဆောင်ရွက်ခြင်း။

(၇) ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီမှ တင်ပြလာသောစာရင်းအား စိစစ်အတည်ပြုနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအကူအညီများ ရရှိနိုင်ရေး အထက်သို့ အဆင့်ဆင့်တင်ပြခြင်း။

(၈) ဘေးကျရောက်ပြီး ပြန်လည်တည်ဆောက်မည့် အဆောက်အဦများမှာ ဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် အဆောက်အဦများ ဖြစ်လာနိုင်စေရန်အတွက် သက်ဆိုင်ရာတည်ဆောက်ရေး ကြီးကြပ်မှုကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီမှ ကြီးကြပ်သွားခြင်း။ (အဆောက်အဦနမူနာပုံစံ)

(၉) အဆောက်အဦ ဆောက်လုပ်ရာတွင် ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ထိခိုက်ပျက်စီးမှုမရှိဘဲ ပြန်လည်သုံးစွဲနိုင်သော မိုးရေရရှိစုဆောင်းနိုင်သည့် close tank များ ထည့်သွင်းတည်ဆောက်ခြင်း။

(၁၀) သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်သားများ (ပန်းရံ၊ လက်သမားများ) အား ဘေးဒဏ်ခံနိုင်သော အဆောက်အဦများ တည်ဆောက်နိုင်စေရန်အတွက် သင်တန်းပေးခြင်း။

(၁၁) နည်းဥပဒေ အခန်း (၉) ပုဒ်မခွဲ (ဈ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖော်ပြချက်အရ အခြားအထောက်အပံ့ပေးနိုင်သည့် အဖွဲ့အစည်းများမှ ငွေကြေး၊ နည်းပညာအားဖြင့် ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်ခြင်း။

(၁၂) ထိခိုက်ပျက်စီးမှုစာရင်းသွင်းရာတွင် ပြန်လည်ထောက်ပံ့ရာ၌ ပုံစံကွဲလွဲမှု မရှိစေရေးအတွက် သက်ဆိုင်ရာပုံစံ ဇယားတစ်မျိုးတည်းကိုသာ သတ်မှတ်ဆောင်ရွက်ရန်နှင့် ပျက်စီးဆုံးရှုံးမှု စာရင်းဇယား အချက်အလက်များ အမြန်ဆုံးကောက်ယူနိုင်ရေး ညွှန်ကြားဆောင်ရွက်ခြင်း။

(၁၃) နည်းဥပဒေ အခန်း (၉) ပုဒ်မခွဲ (တ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘေးသင့်ဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ အခြားအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာနိုင်ရန် လမ်းပန်းဆက်သွယ်မှုနှင့်၊ ပို့ဆောင်ရေးပြန်လည်ကောင်းမွန်လာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်ဆက်သွယ်ရေးနှင့် အခြားလိုအပ်သော ကဏ္ဍအလိုက် လိုအပ်ချက်များ ပုံမှန်ဖြည့်ဆည်းပေးနိုင်ရန် စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလုပ်ငန်း၏ အရေးပါမှုအလိုက် အဆင့်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်မှုများပေးနိုင်ရန်အတွက် သက်ဆိုင်ရာပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်း အစီအစဉ်အရ ရေယာဉ်၊ ကား စသည်တို့ကို ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် အသုံးပြုနိုင်ရန် စတင်ခွင့်ပြုမိန့်ကျပြီးကတည်းက အဆိုပါအချက်အား ထည့်သွင်းတင်ပြခြင်းများ လိုအပ်ပါသည်။

## ၅-၂။ လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များ။

### ၁။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းကော်မတီ

### မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

**ဘေးမကျရောက်မီ**

- ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများ၏စာရင်းကို သက်ဆိုင်ရာဌာနဆိုင်ရာများဖြစ်သည့် မီးသတ်ဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ကြက်ခြေနီတို့နှင့် သင့်လျော်သလို ချိတ်ဆက်ကာ စာရင်းပြုစုထားရန်။
- ဘေးအန္တရာယ်မကျရောက်မီ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးတွင် အသုံးပြုရန်လိုအပ်မည့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ စက်ကိရိယာများ၊ အသက်ကယ်ပစ္စည်းများကို လွယ်လင့်တကူ ရယူသုံးစွဲနိုင်ရန် အရန်သင့်ကြိုတင်ပြင်ဆင်စုဆောင်းထားရန်နှင့် ယာဉ် (ရေသွား၊ကုန်းသွား) များ၊ ယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို အဆင်သင့်ပြင်ဆင်ထားရှိပြီး ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ရန်။
- မိမိတို့ရပ်ရွာအတွင်း ရှာဖွေကယ်ဆယ်ရေးတွင် အကူအညီရရှိနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ မီးသတ်၊ ရပ်မိရပ်ဖ၊ စေတနာ့ဝန်ထမ်း၊ စစ်မှုထမ်းဟောင်းများ အစရှိသော ပြည်သူများ၏ အင်အားကို ကြိုတင်စာရင်းပြုစုထားရှိပြီး ထိုစာရင်းပါလူများနှင့် စိတ်ပါဝင်စားစွာဖြင့် အမှန်တကယ် လုပ်ကိုင်နိုင်မည့်လူများအားဖွဲ့စည်းတာဝန်ပေးရန်။
- ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ရှေးဦးသူနာပြုနည်းလမ်းများကို ရပ်ရွာလူထုအား လေ့ကျင့်သင်ကြားပေးရန်နှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ထားရှိရန်။
- ထိခိုက်လွယ်သော နေရာများ (လမ်း၊ တံတား၊ အဆောက်အဦ၊ ကျောင်း၊ဆေးရုံစသည်) များကို ဖော်ထုတ်ထားပြီး စုရပ်များ၊ ခိုလှုံရန်နေရာများ၊ ဘေးလွတ်ရာနေရာများကို သတ်မှတ်ထားရန်။
- မြေနိမ့်ပိုင်း၊ ကမ်းရိုးတန်း၊ လွင်ပြင်နှင့် ကျွန်းစသော အနိမ့်ပိုင်းနေရာများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ထိခိုက်ခံရလွယ်အုပ်စု (သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းများ) များအတွက် ထည့်သွင်းစဉ်းစားထားသော ပြေးလမ်းကြောင်းပြမြေပုံများ၊ ခိုလှုံရန်နေရာပြ မြေပုံများကိုပြုစုထားပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဖြန့်ဝေပေးထားရန်နှင့် အများပြည်သူ သိရှိနိုင်သည့်နေရာများတွင် ကျေးရွာ/ရပ်ကွက်အလိုက် မြေစိုက်ပိုစတာများကို စိုက်ထူထားရန်။

**ဘေးကျရောက်စဉ်**

- ရပ်ရွာဖွဲ့စည်းထားသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ သဘာဝဘေးအန္တရာယ်ကျရောက်ရာနေရာသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးရန်။
- သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေကယ်ဆယ်ရာတွင် ဦးစားပေးအုပ်စုများ (သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ ကလေး၊ ကိုယ်ဝန်ဆောင်နှင့် ထိခိုက်ဒဏ်ရာရရှိသူများ) အစရှိသူတို့၏ အသက်ဘေးအန္တရာယ်ကို ပထမဦးစားပေး ကယ်ဆယ်ဆောင်ရွက်ရန်။
- ဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးရန်နှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချထားပေးနိုင်ရန်အတွက် အရေးပေါ်ကာလထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေး လုပ်ငန်းကော်မတီနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။
- အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ထပ်မံပံ့ပိုးမှုရရှိရန် သက်ဆိုင်ရာ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီသို့ အမြန်ဆုံးသတင်းပို့ရန်ပြီးလမ်းညွှန်မှုခံယူရန်။

- မြို့နယ်အတွင်းရှိ ပြည်သူလူထုများ၏ အသက်ဘေးမှလွတ်ကင်းစေရန် ဘေးလွတ်ရာသို့ ဦးစားပေး ရှာဖွေကယ်ဆယ ရွှေ့ပြောင်းပေးရန်နှင့် သက်ဆိုင်ရာဌာနများ၏ အရေးကြီးပြီး ပျက်စီးလွယ်သည့် စာရွက်စာတမ်းများ ဆုံးရှုံးမှုမရှိစေရန် ရွှေ့ပြောင်းသိမ်းဆည်းပေးရန်။
- ကယ်ဆယ်ရေးအဖွဲ့များ ထွက်ခွာချိန်ကို မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ သတင်းပို့ပြီးအမြန်ဆုံး ထွက်ခွာရန်။
- သဘာဝဘေးကျရောက်သောဒေသရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကိုယ်တိုင်ပင် ဘေးသင့်ပြည်သူများဖြစ်နေသဖြင့် ပတ်ဝန်းကျင်ရှိ သဘာဝဘေးလွတ်ကင်းသောဒေသမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ချိတ်ဆက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီပေးရန်၊ ညှိနှိုင်းဆောင်ရွက်ရန်။
- အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဘေးကင်းလုံခြုံမှုကို အလေးထားရန်။

### ဘေးကျရောက်ပြီး

- ရှာဖွေကယ်ဆယ်ပြီး ရရှိလာသည့်အရေးပေါ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ကာ ဆေးရုံသို့ ပို့ဆောင်ပေးရန်။
- ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်မှုကို မှတ်တမ်းပြုစုပြီး အထက်သို့တင်ပြကာ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်။
- ဘေးသင့်ပြည်သူများ၏ မိသားစုဝင်များအား နှစ်သိမ့်အားပေးခြင်း၊ အကူအညီပေးခြင်းတို့ ဆောင်ရွက်ရန်။
- ပျောက်ဆုံးသူစာရင်း၊ သေဆုံးသူစာရင်းများ ရရှိမှုကို ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီသို့ အချက်အလက်များ ပေးပို့ရန်။
- မိသားစုနှင့် ကွဲကွာသွားသောသူများအား ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချထားပေးပြီး မိသားစုပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီမှုများပေးရန်။

## မီးဘေး

### ဘေးမကျရောက်မီ

- မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၏ အခန်းကဏ္ဍ ကိုပါထည့်သွင်းဖော်ပြထားရန်။
- မီးဘေးနှင့်ပတ်သက်သော ရှာဖွေကယ်ဆယ်ရေးသင်တန်းများပြုလုပ်ပြီး အားလုံးပူးပေါင်းပါဝင်သော ဇာတ်တိုက်လေ့ကျင့်မှု ကြိုတင်လုပ်ဆောင်ထားရန်။
- မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မီးဘေးကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်မည့် အဖွဲ့ဝင်များ၏အင်အားကို ကြိုတင်စာရင်းပြုစုထားရန်။
- မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများသိရှိစေရန် အသိပေးဆောင်ရွက်ထားရှိရန်။
- ရပ်ကွက်တိုင်းတွင် ရေရရှိနိုင်မည့် (ဥပမာ – မြစ်ရေတင်) ရင်းမြစ်များ ထားရှိရန်။

| ဘေးကျရောက်စဉ် |
| --- |
| • ထိခိုက်လွယ်သော အုပ်စုအလိုက် (သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ အမျိုးသမီး၊ ကိုယ်ဝန်ဆောင်၊ ကလေးသူငယ်၊ ထိခိုက်ဒဏ်ရာရသူ) ဦးစားပေး ကယ်ဆယ်ရန်။<br>• မီးလောင်လွယ်သော ပစ္စည်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန်။<br>• သက်ဆိုင်ရာလျှပ်စစ်ဌာနနှင့်လည်း အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။<br>• သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီနှင့်ပူးပေါင်း၍ မီးဘေးအခြေအနေအားအချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်ပေးရန်။<br>• ပျောက်ဆုံးနေသောသူများကို ရှာဖွေကယ်ဆယ်ပြီး ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်စေရန် အကူအညီပေးရန်။ |
| **ဘေးကျရောက်ပြီး** |
| • ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများထောက်ပံ့ပေးရန်။<br>• ဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။<br>• မိသားစုနှင့်ကွဲကွာနေသော မီးဘေးသင့်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုများနှင့် မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေး ဆောင်ရွက်ရန်။<br>• ဘေးကင်းသွားပြီးနောက် မီးဘေးသင့်ပြည်သူများအား ဘေးလွတ်ရာနေရာများမှ မိမိတို့ နေရပ်သို့ပြန်သွားရန် ကူညီပေး ဆောင်ရွက်ပေးရန်။<br>• ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား စိတ်ဓာတ်မြှင့်တင်ခြင်း၊ အားပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးရန်။<br>• ကယ်ဆယ်ရေး အထောက်အပံ့များပေးခြင်း၊ ရိက္ခာထောက်ပံ့ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို မှတ်တမ်းပြုစုပြီး အထက်သို့တင်ပြကာ လမ်းညွှန်မှုခံယူရန်။<br>• ထိခိုက်ဒဏ်ရာရရှိထားသော မီးဘေးသင့် လူနာများအား နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နိုင်ရန် ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |

**ဆူနာမီဘေး**

| ဘေးမကျရောက်မီ |
| --- |
| • ဆူနာမီဘေး ကျရောက်လွယ်သောဒေသရှိ ရပ်ရွာလူထုများမှ ထိခိုက်လွယ်အုပ်စုများတွင်ပါဝင်သော မသန်စွမ်းများ၊ သက်ကြီးများ၊ ကလေးသူငယ်များ၏ အမည်စာရင်းနှင့် ၄င်းတို့နေထိုင်ရာ နေရာများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံမှ စာရင်းရယူထားရန်။<br>• ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သော ကြိုးခွေများ၊ ဓါတ်မီးများ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်းနှင့် ရေးဦးပြုစုရာတွင် အသုံးပြုသော ပစ္စည်းများကို စုဆောင်းပြင်ဆင်ထားရန်။<br>• မိမိမြို့နယ်အတွင်း ဆူနာမီဘေး ကျရောက်နိုင်ခြေများသော ကျေးရွာများ၏စာရင်းများကို ကြိုတင်ပြုစုထားခြင်း၊ ခိုလှုံ ရာနေရာများ (Shelter များ၊ သက်ကယ်ကုန်းမြင့်များ)ကို ထုတ်ဖော်စာရင်းပြုစုထားရှိပြီး ခိုလှုံရာနေရာသို့ သွားလာသောလမ်းကြောင်းပြ မြေပုံများ ရေးဆွဲထားကာ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီများသို့ အချက်အလက်များ ပေးပို့ရန်။ |

- မိမိရပ်ရွာရှိလူထုအား ဆူနာမီဘေးရန်နှင့်ပတ်သက်သော အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ သဘာဝဘေး လျော့ပါးရေး သင်တန်းများပေးခြင်းနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းများကို သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် လမ်းကြောင်းရေးဆွဲထားမှုကို ပြည်သူလူထုသိရှိ နားလည်စေရန် မိသားစုအလိုက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအလိုက် အစရှိသဖြင့် လေ့ကျင့်မှုများ ပြုလုပ်ထားရှိရန်။
- မိမိတို့ရပ်ရွာအတွင်း ရှာဖွေကယ်ဆယ်ရေးတွင် အကူအညီရရှိနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ မီးသတ်၊ ရပ်မိရပ်ဖ၊ စေတနာ့ဝန်ထမ်း၊ စစ်မှုထမ်းဟောင်းများ အစရှိသော ပြည်သူများ၏အင်အားကို ကြိုတင်စာရင်းပြုစုထားရှိရန်။
- ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်ဦးရေ ပိုမိုများပြားလာစေရန် စည်းရုံးရေးဆင်းရန်။
- ထိခိုက်လွယ်သော နေရာများ (လမ်း၊ တံတား၊ အဆောက်အဦ၊ ကျောင်း၊ ဆေးရုံစသည်) များကို ဖော်ထုတ်ထားပြီး စုရပ်များ၊ ခိုလှုံရန်နေရာများ၊ ဘေးလွတ်ရာနေရာများကို သတ်မှတ်ထားရန်။
- သတိပေးချက်ရရှိပါက ဘေးလွတ်ရာ သက်ကယ်ကုန်းမြင့်၊ ခိုလှုံရာ အဆောက်အဦများသို့ အမြန်ဆုံး ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန်။

**ဘေးကျရောက်စဉ်**

- ရှာဖွေကယ်ဆယ်ပြီးရရှိလာသည့် အရေးပေါ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ကာ ဆေးရုံသို့ ပို့ဆောင်ပေးရန်။
- ဆူနာမီဖြစ်ပေါ်ချိန်တွင် လူနာများအား ကြောက်လန့်ထွက်ပြေးမှုများ မရှိအောင် ကွပ်ကဲထိန်းချုပ်ထားရန်။
- ဆူနာမီဘေးအခြေအနေအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန် သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ဦးစားပေးအုပ်စု (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ထိခိုက်ဒဏ်ရာရသူ) တို့အား ဘေးကင်းသော ခိုလှုံရာနေရာသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ကူညီပေးရန်။

**ဘေးကျရောက်ပြီး**

- ဘေးကင်းသွားပြီးနောက် ဆူနာမီဘေးသင့်ပြည်သူများအား ဘေးလွတ်ရာနေရာများမှ မိမိတို့ နေရပ်သို့ပြန်သွားရန် ကူညီဆောင်ရွက်ပေးရန်။
- ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား စိတ်ဓါတ်မြှင့်တင်ခြင်း၊ အားပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးရန်။
- ထိခိုက်ဒဏ်ရာရရှိထားသော ဘေးသင့်လူနာများအား နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- ဘေးကျရောက်ပြီးနောက် အခြားသော လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပြီးရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်။
- နောက်ဆက်တွဲပြဿနာများဖြစ်သည့် လျှပ်စစ်ဘေးအန္တရာယ်၊ ရေနစ်ခြင်း အစရှိသောဘေးများမှ ကင်းဝေးစေရေး အသိပညာပေးဆောင်ရွက်ပေးရန်။
- ရှာဖွေကယ်ဆယ်ရေးအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို မှတ်တမ်းပြုစုပြီး စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် ပြန်လည်သုံးသပ်ရန်။

## ၂။ အရေးပေါ်ကာလထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေးလုပ်ငန်းကော်မတီ

### မုန်တိုင်း၊ဒီရေနှင့် ဆိုင်ကလုန်းဘေး

| ဘေးမကျရောက်မီ |
|---|
| • အရေးပေါ်ကာလထောက်ပံ့ရန် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် (တာပေါ်လင်၊ ရွက်ဖျင်တဲ၊ ရိက္ခာ၊ အဝတ်အထည်) စသည့် အထောက်အကူပြုပစ္စည်းများ၏စာရင်းကို ကြက်ခြေနီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့ထံမှ ရယူထားရန်။ |
| • အရေးပေါ်ထောက်ပံ့မည့်ပစ္စည်းများ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်ခံဖြန့်ဝေမှုပုံစံစနစ် ကြိုတင်ညှိနှိုင်း ပြင်ဆင်ဆောင်ရွက်ထားရန်။ |
| • အရေးပေါ်ဆက်သွယ်ရေး ဖုန်းနံပါတ်များ၊ ဆက်သွယ်ရမည့်သူများနှင့် အထက်–အောက် ဆက်သွယ်ရမည့် နံပါတ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ရယူရန်။ |
| • ဘေးဖြစ်နိုင်သည်ဆိုသော သတိပေးချက်ရရှိသည်နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီ (ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ)တို့နှင့် ပူးပေါင်းဆောင်ရွက်ရန်။ |
| • အရေးပေါ်ကာလ အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကြိုတင်ဆက်သွယ်ထားရှိရန်။ |
| • အရေးပေါ်ကာလ အမိုးအကာထူထောင်ရေးတွင် အသုံးပြုမည့် ကုန်းမြင့်များ၊ ဘေးကင်းလွတ်ရာ ဒေသများ၊ ကြိုတင်ဖော်ထုတ် စာရင်းပြုစုထားရှိရန်။ |
| • အရေးပေါ်ကာလတွင် အထောက်အပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့် ယာဉ်များအတွက် လိုအပ်သော စက်သုံးဆီများကြိုတင်စုဆောင်းထားရှိရန်။ |
| **ဘေးကျရောက်စဉ်** |
| • သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပြီး အရေးပေါ်ကာလ ထောက်ပံ့နိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရန်။ |
| • ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ကာ အရေးပေါ်ကာလ ထောက်ပံ့ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်။ |
| • ထိခိုက်ခံစားလွယ်သော အုပ်စုများ (ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်း) ကို ဦးစားပေးအနေဖြင့် ရွှေ့ပြောင်းပေးရန်၊ အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့် အမိုးအကာများ စီစဉ်ပေးနိုင်ရန် လုံခြုံရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • ဘေးသင့်သူများအားလုံးကို အမိုးအကာအောက်ရောက်ရှိအောင် စီစဉ်ပေးရန်။ |
| • ကယ်ဆယ်ရေးပစ္စည်းများရရှိသည်နှင့် လိုအပ်သောဒေသများသို့ ထောက်ပံ့ပေးရန်။ |
| • ထိခိုက်ခံစားရမှုတူညီလျှင် အဝေးဆုံးဒေသမှ ထိခိုက်ခံရလွယ်အုပ်စုများဖြစ်သည့် အမျိုးသမီး၊ ကိုယ်ဝန်ဆောင်၊ ကလေး၊ မသန်စွမ်း၊ သက်ကြီးများကို ဦးစားပေးထောက်ပံ့ရန်။ |
| • သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့်ပူးပေါင်းပြီး အမိုးအကာထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။ |
| • ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်၍ လိုအပ်ချက်များပေါ်မူတည်ကာ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးရန်နှင့် လိုအပ်ပါက ထပ်မံတောင်းခံရန်။ |

## မီးဘေး

| ဘေးမကျရောက်မီ |
|---|
| • အရေးပေါ်ကာလ ထောက်ပံ့ရေးများပြုလုပ်ရန် လိုအပ်သော ယာဉ်နှင့်စက်ပစ္စည်းများ၊ စက်သုံးဆီများ အသင့်ပြင်ဆင်စုဆောင်းထားရှိရန်။ |
| • INGOs, NGOs များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဘေးမကျရောက်မီ ကြိုတင်ညှိနှိုင်းပူးပေါင်းခြင်းဖြင့် အရေးပေါ်ကာလထောက်ပံ့ရေးလုပ်ငန်းများတွင် လိုအပ်သော အကူအညီများ ရယူရန်။ |
| • အရေးပေါ်ကာလ ထောက်ပံ့ရန် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် (တာပေါ်လင်၊ ရွက်ဖျင်တဲ၊ ရိက္ခာ၊ အဝတ်အထည်)စသည့် အထောက်အကူပြုပစ္စည်းများ၏စာရင်းကို ကြက်ခြေနီ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့ထံမှ ရယူထားရန်။ |
| • မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနှင့် ကျေးရွာအုပ်စုအလိုက် ဘေးသင့်ပြည်သူများ အရေးပေါ်ရွှေ့ပြောင်းနေထိုင်နိုင်ရန် ခိုလှုံနိုင်ရန် နေရာများ ဖော်ထုတ်ထားရန်။ |
| • အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းတွင် အဓိက ပံ့ပိုးပေးရမည့် ပစ္စည်းများဖြစ်သည့် ဆန်၊ ငွေ၊ ရိက္ခာ အစရှိသည်တို့ကို ပံ့ပိုးပေးနိုင်မည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ဖုန်းနံပါတ်များ၊ အဓိကထား ဆက်သွယ်ရမည့်သူများ၏စာရင်းကို သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီထံမှ ရယူထားရန်။ |
| **ဘေးကျရောက်စဉ်** |
| • ဘေးသင့်ပြည်သူများ မီးဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် လိုအပ်သော လုံခြုံရေးစောင့်ရှောက်မှု ရရှိရန် လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေးကော်မတီနှင့် ချိတ်ဆက်ပြီး အရေးပေါ်ကာလ ထောက်ပံ့ရေးအတွက် အသင့်ပြင်ဆင်ထားရန်။ |
| • အရေးပေါ်ထောက်ပံ့ရေး ပစ္စည်းများကို ရရှိနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များကို လျင်မြန်စွာဆက်သွယ်ပြီး အခြားသော လုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ လိုအပ်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန် ပံ့ပိုးကူညီမှုများပေးရန်။ |
| • မိမိမြို့နယ်မှ အင်အားနှင့်မလုံလောက်ပါက ဘေးလွတ်ကင်းသောဒေသမှ လိုအပ်သောအကူအညီများ တောင်းခံရန်။ |
| • သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အမိုးအကာထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန်။ |
| • မီးဘေးကျရောက်လျှင် ကျရောက်ခြင်း သက်ဆိုင်ရာသို့ အရေးပေါ်ဆက်သွယ်နိုင်ရန် မီးသတ်ဌာနများ၏ ဆက်သွယ်ရမည့် ဖုန်းများကို စာရင်းပြုစုပြီး လိုက်လံဖြန့်ဖြူးထားရှိရန်။ |
| • ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်၍ လိုအပ်ချက်များပေါ်မူတည်ကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရန်၊ ထပ်မံတောင်းခံရန်။ |
| • အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို မှတ်တမ်းပြုစုထားရှိပြီး သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီထံသို့ တင်ပြကာ လိုအပ်သောအချက်များ ဖော်ထုတ်ပြီး ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရန်။ |

## ဆူနာမီဘေး

### ဘေးမကျရောက်မီ

- အရေးပေါ်ကာလ ထောက်ပံ့ရန် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် (တာပေါ်လင်၊ ရွက်ဖျင်တဲ၊ ရိက္ခာ၊ အဝတ်အထည်) စသည့် အထောက်အကူပြုပစ္စည်းများ၏ စာရင်းကို ကြက်ခြေနီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့ထံမှ ရယူထားရန်။
- အရေးပေါ်ထောက်ပံ့မည့် ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့် ယာဉ်များတွင် လိုအပ်သော စက်သုံးဆီများ ကြိုတင်စုဆောင်းထားရှိရန်။
- အရေးပေါ်ကာလတွင် အထောက်အပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့်ယာဉ်များတွင် လိုအပ်သော စက်သုံးဆီများ ကြိုတင်စုဆောင်းထားရှိရန်။
- အရေးပေါ်ဆက်သွယ်ရေး ဖုန်းနံပါတ်များ၊ ဆက်သွယ်ရမည့်သူများနှင့် အထက်၊ အောက် ဆက်သွယ်ရမည့် နံပါတ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ရယူရန်။
- ဘေးဖြစ်နိုင်သည်ဆိုသော သတိပေးချက်ရရှိသည်နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီ (ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ)တို့နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အရေးပေါ်ကာလ အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကြိုတင်ဆက်သွယ်ထားရှိရန်။
- အရေးပေါ်ကာလ အမိုးအကာ ထူထောင်နိုင်ရေးတွင် အသုံးပြုနိုင်မည့် ကုန်းမြင့်များ၊ ဘေးကင်းလွတ်ရာ ဒေသများကို ကြိုတင်ဖော်ထုတ် စာရင်းပြုစုထားရှိရန်။
- အရေးပေါ်ကာလတွင် အထောက်အပံ့ပစ္စည်းများ သယ်ယူရာ၊ ပို့ဆောင်ရာတွင် အသုံးပြုမည့် ယာဉ်များတွင် လိုအပ်သော စက်သုံးဆီများ ကြိုတင်စုဆောင်းထားရှိရန်။

### ဘေးကျရောက်စဉ်

- သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပြီး အရေးပေါ်ကာလ ထောက်ပံ့နိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရန်။
- ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ကာ အရေးပေါ်ကာလ ထောက်ပံ့ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်။
- ထိခိုက်ခံစားလွယ်သော အုပ်စုများ (ကလေး၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်း)ကို ဦးစားပေးအနေဖြင့် ရွှေ့ပြောင်းပေးရန်၊ အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့် အမိုးအကာများ စီစဉ်ပေးရန် လုံခြုံရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

### ဘေးကျရောက်ပြီး

- ဘေးသင့်ပြည်သူများအားလုံးကို အမိုးအကာအောက် ရောက်ရှိအောင် စီစဉ်ပေးရန်။
- ကယ်ဆယ်ရေးပစ္စည်းများ ရရှိသည်နှင့် လိုအပ်သောဒေသများသို့ ထောက်ပံ့ပေးရန်။
- ထိခိုက်ခံစားရမှု တူညီလျှင် အဝေးဆုံးဒေသမှ ထိခိုက်ခံရလွယ်အုပ်စုများဖြစ်သည့် အမျိုးသမီး၊ ကိုယ်ဝန်ဆောင်၊ ကလေး၊ မသန်စွမ်း၊ သက်ကြီးများကို ဦးစားပေးထောက်ပံ့ရန်။
- သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပြီး အခိုအကာထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။
- ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်၍ လိုအပ်ချက်များပေါ် မူတည်ကာ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ရန်၊ လိုအပ်ပါက ထပ်မံတောင်းခံရန်။

- ဘေးကင်းလွတ်သောဒေသများမှ ပံ့ပိုးကူညီမှုပေးနိုင်သော အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဆက်သွယ်ကာ လိုအပ်သော အကူအညီများ ရယူနိုင်ရေး ချိတ်ဆက်ရန်။
- လက်ခံရရှိလာသော ထောက်ပံ့ရေးပစ္စည်းများ (ဆေးဝါး၊ ရိက္ခာ၊ တာပေါ်လင် အစရှိသည်တို့ကို စာရင်းပြုစုပြီး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီသို့ တင်ပြရန်)
- ကယ်ဆယ်ရေး စခန်းများတွင် ဒဏ်ရာရသူများအား အချိန်မီကုသပေးနိုင်ရန် လိုအပ်သော ဆေးဝါးများကို အချိန်မီ ပေးပို့ပေးရန်။
- အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို မှတ်တမ်းပြုစုထားရှိပြီး သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီထံသို့ တင်ပြကာ လိုအပ်သောအချက်များ ဖော်ထုတ်ပြီး ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရန်။

## ၃။ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီ

### မုန်တိုင်း၊ဒီရေနှင့် ဆိုင်ကလုန်းဘေး

| ဘေးမကျရောက်မီ |
|---|
| • သဘာဝဘေးအန္တရာယ်မကျရောက်မီ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအလိုက်လူဦးရေ၊ ရွှေ့ပြောင်းအိမ်ထောင်စု လူဦးရေ (ကျား၊ မ၊ ကလေး၊ အသက် အုပ်စုအလိုက်) စာရင်းများ၊ ထိခိုက်လွယ်အုပ်စု လူဦးရေ (သက်ကြီးရွယ်အို၊ ကလေးသူငယ်နှင့် မသန်စွမ်းများ) စာရင်းများ၊ အခြေခံအဆောက်အဦများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ကျွဲနွား တိရစ္ဆာန်ကောင်ရေ၊ လှေသမ္ဗာန်စီးရေနှင့် ရေယာဉ်စာရင်းများစသည်တို့ကို သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်ရယူကာ အမျိုးအစားအလိုက် စာရင်းပြုစုထားရန်နှင့် သတ်မှတ်ထားသော ကာလအပိုင်းအခြားအလိုက် ပြောင်းလဲမှုကို မှတ်တမ်းတင်ရန်။<br>• စာရင်းကောက်ယူရာတွင် အသုံးပြုမည့် စာရင်းဇယားပုံစံများကို နောက်ဆက်တွဲပါပုံစံအတိုင်း ပြင်ဆင်ထားရန်။<br>• အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံမှ ရယူထားရန်။<br>• ဘေးကျရောက်နိုင်သောနေရာရှိ စက်ရုံ၊ အလုပ်ရုံ၊ လမ်းတံတားနှင့် အဆောက်အဦစသည့် အခြေခံအဆောက်အဦ စာရင်းများ ပြုစုထားရှိရန်။ |
| **ဘေးကျရောက်စဉ်** |
| • အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန်လိုအပ်မှုများအတွက် ဆန်းစစ်ချက်များပြုလုပ်ရန်။<br>• အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အချက်အလက်များအားပံ့ပိုးပေးရန်။<br>• အခြားသောလုပ်ငန်းကော်မတီများ (ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ အရေးပေါ်ကာလထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေး)နှင့် ချိတ်ဆက်ကာ ပျက်စီးဆုံးရှုံးမှုစာရင်းများကို ရနိုင်သလောက်စာရင်းပြုစုကာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြပြီး သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးကော်မတီသို့ ပေးပို့ရန်။ |
| **ဘေးကျရောက်ပြီး** |
| • ပျက်စီးဆုံးရှုံးခဲ့သော နိုင်ငံပိုင်နှင့်အများပြည်သူပိုင်အဆောက်အဦများဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံများ၊ လမ်း၊ တံတား၊ ရထားလမ်း၊ ဆိပ်ကမ်းများ၏ စာရင်းများ၊ သေဆုံးသွားသော လူဦးရေ၊ ဘေးသင့်ပြည်သူများ၏ အိမ်ခြေ၊ အိမ်ထောင်စု စသည့်စာရင်းများ၊ ကျွဲ ၊နွား တိရစ္ဆာန်ကောင်ရေများစသည်ဖြင့် အသေးစိတ်စာရင်းများကို အမျိုးအစားအလိုက်ကောက်ယူခြင်းကို လေ့ကျင့်ရေးနှင့် စာရင်းပြုစုရေးလုပ်ငန်းကော်မတီ၏ ပံ့ပိုးမှုနှင့်စာရင်းကောက်ယူပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်နှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရန်။ |

- စီးပွားရေးလုပ်ငန်းတစ်မျိုးချင်းအလိုက် ပျက်စီးဆုံးရှုံးမှုကို အသေးစိတ်စာရင်း ပြုစုထားရန်။
- ပျက်စီးသွားသော စိုက်ပျိုးသီးနှံများနေရာတွင် အချိန်အခါနှင့်လျော်ညီသည့် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရန် လိုအပ်သည်များကို စီမံခန့်ခွဲမှုအဖွဲ့သို့ တွက်ချက်တင်ပြရန်။
- စာရင်း၊ ဇယား၊ ကိန်းဂဏန်းများရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အခြားသက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် လိုအပ်သလို စိစစ်၊ အတည်ပြု၊ ညှိနှိုင်းဆောင်ရွက်ရန်။
- လျှပ်စစ်ဓာတ်အားလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံနှင့် ကုန်ထုတ်စွမ်းအားစုများစသော ပျက်စီးဆုံးရှုံးမှုစာရင်းကို ကောက်ယူတင်ပြရန်။
- ပျက်စီးဆုံးရှုံးသွားသော စာရင်းများကို အခြားလုပ်ငန်းကော်မတီများနှင့် ဦးစီးအဖွဲ့ထံသို့ ပေးပို့ရန်။

**မီးဘေး**

| ဘေးမကျရောက်မီ |
|---|
| • ဘေးအန္တရာယ်မကျရောက်မီ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအလိုက် လူဦးရေ (ကျား၊ မ၊ ကလေး၊ အသက်အုပ်စုအလိုက်) အခြေခံအဆောက်အဦများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကျွဲနွားတိရစ္ဆာန်ကောင်ရေ၊ လှေသမ္ဗာန်စီးရေစသည့် စာရင်းများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရယူ စာရင်းပြုစုထားရန်နှင့် သတ်မှတ်ထားသော ကာလအပိုင်းအခြားအလိုက် ပြောင်းလဲမှုကို မှတ်တမ်းတင်ရန်။<br>• မီးဘေးဖြစ်ပေါ်ခဲ့သော သမိုင်းကြောင်းအလိုက် ပျက်စီးဆုံးရှုံးမှုများကို စာရင်းပြုစုထားရန်။<br>• မီးဘေးကျရောက်ပါက ပျက်စီးဆုံးရှုံးမှု ပိုမိုဖြစ်ပွားနိုင်သော စက်ရုံများ၊ အလုပ်ရုံများကို စာရင်းပြုစုပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသို့ စာရင်းပေးပို့ထားရန်။ |
| **ဘေးကျရောက်စဉ်** |
| • အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အချက်အလက်များအား လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်။<br>• အခြားသောလုပ်ငန်းကော်မတီများ (ရှာဖွေရေးနှင့်ကယ်ဆယ်ရေး)နှင့် ချိတ်ဆက်ကာ ပျက်စီးဆုံးရှုံးမှုစာရင်းများကို ရနိုင်သလောက် စာရင်းပြုစုကာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြကာ သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရန်။ |
| **ဘေးကျရောက်ပြီး** |
| • ပျက်စီးဆုံးရှုံးခဲ့သော ဌာနအဆောက်အဦများ၊ လူနေအဆောက်အဦ၊ ဘာသာရေးအဆောက်အဦ၊ အများပိုင်အဆောက်အဦ၊ သေဆုံးသွားသော လူ၊ တိရစ္ဆာန် အစရှိသောစာရင်းများ ပြုစုထားရှိရန်။<br>• စီးပွားရေးလုပ်ငန်းတစ်မျိုးချင်းအလိုက် ပျက်စီးဆုံးရှုံးမှုကို အသေးစိတ်ပြုစုထားရန်။<br>• အထက်ရုံးမှတောင်းခံလာသော စာရင်းဇယားများပြုစု၍ ဆုံးရှုံးမှုပမာဏများစိစစ်၊ အတည်ပြု ပြုစုပေးရန်။<br>• စာရင်း၊ ဇယား၊ ကိန်းဂဏန်းများ ရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အခြားလုပ်ငန်းကော်မတီများနှင့် လိုအပ်သလို စိစစ်၊ အတည်ပြု၊ ညှိနှိုင်းဆောင်ရွက်ရန်။<br>• ပျက်စီးဆုံးရှုံးမှုစာရင်းများကို အခြားလုပ်ငန်းကော်မတီများနှင့် စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ရန်။ |

## ဆူနာမီဘေး

### ဘေးမကျရောက်မီ

- သဘာဝဘေးအန္တရာယ်မကျရောက်မီ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအလိုက် လူဦးရေ၊ ရွှေ့ပြောင်းအိမ်ထောင်စု လူဦးရေ (ကျား၊ မ၊ ကလေး၊ အသက် အုပ်စုအလိုက်) စာရင်းများ၊ ထိခိုက်လွယ်အုပ်စု လူဦးရေ (သက်ကြီးရွယ်အို၊ ကလေးသူငယ်နှင့် မသန်စွမ်းများ) စာရင်းများ၊ အခြေခံအဆောက်အဦများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ကျွဲ၊ နွား တိရစ္ဆာန်ကောင်ရေ၊ လှေသမ္ဗာန်စီးရေနှင့် ရေယာဉ်စာရင်းများစသည်တို့ကို သက်ဆိုင် ရာဌာနများနှင့် ချိတ်ဆက်ရယူကာ အမျိုးအစားအလိုက် စာရင်းပြုစုထားရန်နှင့် သတ်မှတ်ထားသော ကာလအပိုင်း အခြားအလိုက် ပြောင်းလဲမှုကို မှတ်တမ်းတင်ရန်။
- စာရင်းကောက်ယူရာတွင် အသုံးပြုမည့် စာရင်းဇယားပုံစံများကို နောက်ဆက်တွဲပါ ပုံစံအတိုင်း ပြင်ဆင်ထားရန်။
- အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးများထံမှ ရယူထားရန်။
- ဘေးကျရောက်နိုင်သော နေရာရှိ စက်ရုံ အလုပ်ရုံ လမ်းတံတားနှင့် အဆောက်အဦစသည့် အခြေခံအဆောက် အဦစာရင်းများ ပြုစုထားရှိရန်။

### ဘေးကျရောက်စဉ်

- အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန်လိုအပ်မှု များအတွက် ဆန်းစစ်ချက်များ ပြုလုပ်ရန်။
- အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အချက်အလက်များအား ပံ့ပိုးပေးရန်။
- အခြားသော လုပ်ငန်းကော်မတီများ (ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ အရေးပေါ်ကာလထောက်ပံ့ရေးနှင့် အမိုး အကာထူထောင်ရေး)နှင့် ချိတ်ဆက်ကာ ပျက်စီးဆုံးရှုံးမှုစာရင်းများကို ရနိုင်သလောက် စာရင်းပြုစုကာ စီမံခန့်ခွဲမှု ကော်မတီသို့တင်ပြပြီး သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီသို့ ပေးပို့ရန်။

### ဘေးကျရောက်ပြီး

- ပျက်စီးဆုံးရှုံးခဲ့သော နိုင်ငံပိုင်နှင့် အများပြည်သူပိုင် အဆောက်အဦများဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံများ၊ လမ်း၊ တံတား၊ ရထားလမ်း၊ ဆိပ်ကမ်းများ၏ စာရင်းများ၊ သေဆုံးသွားသော လူဦးရေ၊ ဘေးသင့်ပြည်သူများ၏ အိမ်ခြေ၊ အိမ်ထောင်စုစသည့် စာရင်းများ ကျွဲ၊ နွား တိရစ္ဆာန်ကောင်ရေများစသဖြင့် အသေးစိတ်စာရင်းများကို အမျိုးအစားအလိုက် ကောက်ယူခြင်းကို လေ့ကျင့်ရေးနှင့် စာရင်းပြုစုခြင်း လုပ်ငန်းကော်မတီ၏ ပံ့ပိုးမှုနှင့် စာရင်းကောက် ယူပြီးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီသို့ ပေးပို့ရန်။
- စီးပွားရေးလုပ်ငန်းတစ်မျိုးချင်းအလိုက် ပျက်စီးဆုံးရှုံးမှုကို အသေးစိတ် စာရင်းပြုစုထားရန်။
- ပျက်စီးသွားသော စိုက်ပျိုးသီးနှံများအား အချိန်အခါနှင့်လျော်ညီသည့် အစားထိုးသီးနှံစိုက်ပျိုးရန် လိုအပ်သည်များ ကို စီမံခန့်ခွဲမှုအဖွဲ့သို့ တွက်ချက်တင်ပြရန်။
- စာရင်း၊ ဇယား၊ ကိန်းဂဏန်းများ ရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အခြားလုပ်ငန်းကော်မတီ များနှင့်လိုအပ်သလို စိစစ်၊ အတည်ပြု၊ ညှိနှိုင်း ဆောင်ရွက်ရန်။
- လျှပ်စစ်ဓာတ်အားလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ စက်ရုံအလုပ်ရုံနှင့် ကုန်ထုတ်စွမ်းအားစုများ စသော ပျက်စီးဆုံးရှုံးမှုစာရင်းကို ကောက်ယူတင်ပြရန်။
- ပျက်စီးဆုံးရှုံးသွားသော စာရင်းများကို အခြားလုပ်ငန်းကော်မတီများနှင့် ဦးစီးအဖွဲ့ထံသို့ ပေးပို့ရန်။

## ၄။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ

### မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

| ဘေးမကျရောက်မီ |
| --- |
| • အရေးပေါ်ကာလတွင် အလုံအလောက် အသုံးပြုနိုင်မည့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများနှင့် ဘေးကျရောက်ပြီး နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သော ရောဂါအမျိုးအစားအလိုက် လိုအပ်သောဆေးဝါးနှင့် ဆေးပစ္စည်းများကို စာရင်းပြုစု၍ ကြိုတင်ပြင်ဆင် မှာယူစုဆောင်းထားရန်။ |
| • ဆေးရုံ၊ ဆေးပေးခန်း အဆောက်အဦအရေအတွက် စာရင်းပြုစုထားရှိရန်နှင့် ခိုင်ခံ့မှု ရှိ၊ မရှိ စစ်ဆေးပြင်ဆင်ထား ရှိရန်။ |
| • ဆေးရုံ၊ ဆေးပေးခန်း အဆောက်အဦအနီးရှိ ပြိုလဲနိုင်သည့် သစ်ပင်များ ခုတ်လှဲထားရန်။ |
| • သဘာဝဘေးကျရောက်ချိန်တွင် လိုအပ်ပါက ပြောင်းရွှေ့ကုသနိုင်ရန်နှင့် ယာယီဆေးပေးခန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ ကြိုတင်နေရာများ သတ်မှတ်ထားရန်။ |
| • ထိခိုက်လွယ်သောအုပ်စုများ (ကလေးသူငယ်များ၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းသူများ) ကို စာရင်းပြုစု၍ ဦးစားပေး အရေးပေါ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်စီမံထားရန်။ |
| • ဘေးအမျိုးမျိုးကြောင့် ဖြစ်လာနိုင်ခြေရှိသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ကာကွယ်နှိမ်နှင်းနိုင်ရန် ကြိုတင် ဟောပြော ပညာပေးခြင်း၊ ရှေးဦးသူနာပြုသင်တန်းများ ပို့ချခြင်း အစရှိသော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။ |
| • ကျန်းမာရေးဌာနရှိ အရေးကြီးမှတ်တမ်းစာရင်းများ ဆုံးရှုံးမှု မရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်။ |
| • ယာယီကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများအတွက် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများရရှိရန် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန်။ |
| • ကျေးရွာနှင့်ကျေးရွာအုပ်စု ကျန်းမာရေးလုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်များမြှင့်တင်၍ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများအား လုပ်ဆောင်နိုင်ရေး ကြိုတင်စီစဉ်ထားရန်။ |
| • အရေးပေါ်ဆေးကုသမှုအတွက် လိုအပ်သော ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ အသင့်ရရှိနိုင်ရေး ကြိုတင်စီစဉ် ထားရန်။ |
| • ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ၊ နံရံကပ်ပိုစတာများ ဖြန့်ဝေပြီး အသိပညာပေးခြင်း၊ ဆင့်ပွားသင် တန်းများ ပို့ချခြင်းစသော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန်။ |
| **ဘေးကျရောက်စဉ်** |
| • အခြားလုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ အရေးပေါ်လူနာများအား အမြန်ဆုံးပို့ဆောင်နိုင်ရေးအား ကြိုတင်ချိတ် ဆက် ညှိနှိုင်းဆောင်ရွက်ရန်။ |
| • ယာယီဆေးခန်းနှင့် ယာယီဆေးရုံဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများအား ဆေးဝါးကုသမှုပေးရန်။ |
| • ရရှိလာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို လက်ခံရယူပြီး အရေးပေါ်ဆေးကုသမှု ပေးနိုင်ရန် ဆေးဝါးဆေးပစ္စည်းကိရိယာများကို အသင့်ထားရှိရန်။ |
| • လူနာများကို လက်ခံနေရာချထားရေး၊ လူနာများကို ချက်ချင်းကြည့်ရှုပြီး အရေးပေါ်ဆေးကုသမှုများပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ ယာယီအရေးပေါ်ဆေးခန်းများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်။ |
| • နယ်လှည့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဒေသခံပြည်သူတို့အား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကူးစက်ရောဂါများ မကျရောက်စေရေးအတွက် ကာကွယ်ခြင်းတို့ ဆောင်ရွက်ရန်။ |
| • ဒဏ်ရာရ၊ သေဆုံးသူများစာရင်းနှင့် ပျက်စီးဆုံးရှုံးသွားသော ကျန်းမာရေးဌာန၊ အဆောက်အဦစာရင်းများကို မှတ်တမ်းများပြုစုထား၍ အထက်သို့တင်ပြရန်။ |
| • လိုအပ်သော ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများကို စာရင်းပြုစု၍ အထက်သို့တင်ပြတောင်းခံရန်။ |
| • ကယ်ဆယ်ရေးစခန်းတွင် ရေကောင်းရေသန့်များရရှိရေးနှင့် ယင်လုံအိမ်သာ စနစ်တကျဆောက်လုပ်သုံးစွဲနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်။ |
| • ကူးစက်ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များပညာပေးရန် အများပြည်သူများ၏ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။ |
| • နေ့စဉ် ဆေးဝါးသောက်သုံးရသော လူနာများအား ပုံမှန်ဆေးဝါးရရှိရေးအတွက် စီစဉ်ပေးရန်။ (ဥပမာ-အနာကြီး၊ တီဘီ) |

**မီးဘေး**

| ဘေးမကျရောက်မီ |
|---|
| • မီးဘေးသင့်ပြည်သူများ အသုံးပြုမည့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများ စာရင်းပြုစု၍ ကြိုတင်မှာယူထားရှိရန်။ |
| • အရေးပေါ်သုံးစွဲနိုင်ရန် ခိုင်ခံ့သောသောက်ရေကန်၊ မီးရေလှောင်ကန်များကို တည်ဆောက်ထားရှိရန်။ |
| • ထိခိုက်လွယ်သော အုပ်စုများ (ကလေးသူငယ်များ၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းသူများ) ကို စာရင်းပြုစု၍ ဦးစားပေး အရေးပေါ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်စီမံထားရန်။ |
| • ကျန်းမာရေးဌာနရှိ အရေးကြီးမှတ်တမ်းစာရင်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ကြိုတင်ဆောင်ရွက်ထားရန်။ |
| • ယာယီကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးဆေးခန်းများ အတွက်လိုအပ်သော ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများရရှိရန် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရန်။ |
| • ကျေးရွာနှင့်ကျေးရွာအုပ်စု ကျန်းမာရေးလုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်များ မြှင့်တင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး ကြိုတင်စီစဉ်ထားရန်။ |
| • အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အရေးပေါ်လူနာများအား ညွှန်းပို့နိုင်ရေး ကြိုတင်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်။ |
| • မီးဘေးသင့် ထိခိုက်ဒဏ်ရာရလူနာများကို ရှေးဦးသူနာပြုစုနိုင်ရေး သင်တန်းပေးရန်။ |
| **ဘေးကျရောက်စဉ်** |
| • ရရှိလာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို လက်ခံရရှိပြီး အရေးပေါ်ဆေးကုသမှုပေးနိုင်ရန် ဆေးဝါးဆေးပစ္စည်း ကိရိယာများကို အသင့်ထားရှိရန်။ |
| • လူနာများကို လက်ခံနေရာချထားရေး၊ လူနာများကို ချက်ချင်းကြည့်ရှုပြီး အရေးပေါ်ဆေးကုသမှုများ ပေးရန်။ |
| • အခြားလုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ အရေးပေါ်လူနာများအား ညွှန်းပို့နိုင်ရေး ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်။ |

**ဘေးကျရောက်ပြီး**

- အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ ယာယီအရေးပေါ်ဆေးခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်။
- ဒဏ်ရာရ၊ သေဆုံးသူများစာရင်းကို စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်။
- လိုအပ်သောဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများကို စာရင်းပြုစု၍ အထက်သို့ တင်ပြတောင်းခံရန်။
- ကယ်ဆယ်ရေးစခန်းတွင် ရေကောင်းရေသန့်များ ရရှိရေးနှင့် ယင်လုံအိမ်သာစနစ်တကျ ဆောက်လုပ်သုံးစွဲနိုင်ရေး အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်။
- အများပြည်သူများ၏ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။

## ဆူနာမီဘေး

**ဘေးမကျရောက်မီ**

- အရေးပေါ်ကာလတွင် အလုံအလောက်အသုံးပြုနိုင်မည့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများ စာရင်းပြုစု၍ ကြိုတင်မှာယူထားရှိရန်။
- ဆေးရုံ၊ ဆေးပေးခန်း အဆောက်အဦအရေအတွက် စာရင်းပြုစုထားရှိရန်နှင့် ခိုင်ခံ့မှု ရှိ၊ မရှိ စစ်ဆေးပြင်ဆင်ထားရှိရန်။
- ဆေးရုံ၊ ဆေးပေးခန်း အဆောက်အဦအနီးရှိ ပြိုလဲနိုင်သည့် သစ်ပင်များရွှေ့ပြောင်းစိုက်ရန် (သို့မဟုတ်) ခုတ်လဲထားရန်။ အရေးပေါ်သုံးစွဲနိုင်ရန် ခိုင်ခံ့သော သောက်ရေကန်၊ မိုးလှောင်ကန်များကို တည်ဆောက်ထားရှိရန်။
- ဆူနာမီဘေးကျရောက်ချိန်တွင် လိုအပ်ပါက ပြောင်းရွှေ့ကုသနိုင်ရန်နှင့် ယာယီဆေးပေးခန်းများ ဖွင့်လှစ်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ ကြိုတင်နေရာများ သတ်မှတ်ထားရန်။
- ထိခိုက်လွယ်သောအုပ်စုများ (ကလေးသူငယ်များ၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းသူများ) ကို စာရင်းပြုစု၍ ဦးစားပေး အရေးပေါ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်စီမံထားရန်။

**ဘေးကျရောက်စဉ်**

- ရရှိလာသော ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို လက်ခံရရှိပြီး အရေးပေါ်ဆေးကုသမှု ပေးနိုင်ရန် ဆေးဝါးဆေးပစ္စည်းကိရိယာများကို အသင့်ထားရှိရန်။
- လူနာများကို လက်ခံနေရာချထားရေး၊ လူနာများကို ချက်ချင်းကြည့်ရှုပြီး အရေးပေါ်ဆေးကုသမှုများပေးရန်။
- အခြားလုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ အရေးပေါ်လူနာများအား ညွှန်းပို့နိုင်ရေးကြိုတင်ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရန်။

**ဘေးကျရောက်ပြီး**

- အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ ယာယီအရေးပေါ်ဆေးခန်းများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်။
- ဒဏ်ရာရ၊ သေဆုံးသူများစာရင်းနှင့် ပျက်စီးဆုံးရှုံးသွားသော ကျန်းမာရေးဌာန၊ အဆောက်အဦစာရင်းများကို မှတ်တမ်းများ ပြုစုထား၍ အထက်သို့တင်ပြရန်။
- လိုအပ်သောဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများကို စာရင်းပြုစု၍ အထက်သို့ တင်ပြတောင်းခံရန်။
- ကယ်ဆယ်ရေးစခန်းတွင် ရေကောင်းရေသန့်များရရှိရေးနှင့် ယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်သုံးစွဲနိုင်ရေး အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လည်ပတ်နိုင်ရေးဆောင်ရွက်ရန်။
- ကူးစက်ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ၊ အများပြည်သူများ၏ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။

## ၅။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ

### မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

| ဘေးမကျရောက်မီ |
| --- |
| • ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးတွင် အသုံးပြုမည့် ဒေသအလိုက် သွားလာနိုင်သော ယာဉ်အမျိုးအစား (ကား၊ သဘော်၊ စက်လှေ၊ ထော်လာဂျီစသည်) များနှင့် ထောက်ပံ့ရေးယာဉ်၊ လူနာတင်ယာဉ်စသည်ဖြင့် စာရင်းပြုစုထားရန်နှင့် ခရီးမိုင်အကွာအဝေး၊ ကြာမြင့်ချိန်နှင့် လမ်းကြောင်းပြ အညွှန်းပါမြေပုံများ ဖော်ထုတ်ပြုစုထားရန်။<br>• ဒေသတွင်းရှိ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ပို့ဆောင်ရေးယာဉ် (ကုန်းသွား၊ ရေသွား) များ၏စာရင်းကို ရယူထားရန်။<br>• ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာအသုံးပြုနိုင်ရန် လမ်းကြောင်းများကို ကြိုတင်ရှင်းလင်းထားခြင်း။ (သစ်ပင်များ)<br>• ကုန်းလမ်းသွားလာနိုင်မည့် ပင်မလမ်းတံတားများ ဆောက်လုပ်ရေး၊ ကျေးရွာချဉ်းကပ်လမ်းများ၊ တံတားများကို စနစ်တကျ မှတ်တမ်းပြုစုထားရန်။<br>• မြို့နယ်အတွင်းရှိ ကျေးရွာအလိုက် ရေယာဉ်များချဉ်းကပ်နိုင်သော ဆိပ်ခံတံတားများနှင့် ယာဉ်လိုင်းများ မှတ်တမ်းပြုစုထားရန်။<br>• ကျေးရွာအလိုက် သွားလာနိုင်ရေး ခန့်မှန်းကုန်ကျမည့် စက်သုံးဆီများ တွက်ချက်ထားရှိရန်။<br>• အရေးပေါ်ကာလအတွင်း ရဟတ်ယာဉ်များဆင်းသက်နိုင်သည့် ကွင်းများစာရင်းပြုစုထားပြီး အခြားထပ်မံဆင်းသက်နိုင်မည့်နေရာများ လျာထားသတ်မှတ်ထားရန်။<br>• အရေးပေါ်သတိပေးချက်ရသည်နှင့် တစ်ပြိုင်နက် ဘေးသင့်နိုင်သော ပြည်သူများကို ဦးစားပေးအလိုက် ဘေးလွတ်ရာသို့ အမြန်ဆုံး ပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းများ ကြိုတင်ရှင်းလင်းရန် စီစဉ်ထားရှိရန်။<br>• လမ်းကြောင်းရှင်းလင်းရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာ တန်ဆာပလာများ၏ စာရင်းအားသက်ဆိုင်ရာ ဌာနဆိုင်ရာများ (လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြည်သူ့ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးအဖွဲ့)မှ ပံ့ပိုးကူညီမှုရယူရန်။<br>• သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီနှင့် ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းကော်မတီများမှ ပြုစုထားရှိပြီးသော ဘေးကင်းခိုလှုံရာနေရာ အဆောက်အဦများ၏စာရင်းကို ရယူထားရှိရန်။<br>• ပို့ဆောင်ရေးတွင် အသုံးချရမည့် ယာဉ်အလိုက် ဝင်ဆံ့နိုင်သောပမာဏ၊ အရေအတွက်ပြုစုပြီး ယာဉ်ကြံ့ခိုင်မှုနှင့် လိုအပ်သည်များကို စိစစ်ဆောင်ရွက်ရန်။<br>• ပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုမည့်ယာဉ်နှင့် စက်သုံးဆီများကို စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြပြီး ကြိုတင်စီစဉ်ဆောင်ရွက်ရန်။<br>• ပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုမည့် ချဉ်းကပ်လမ်းကြောင်းများ၊ အရံလမ်းကြောင်းများ၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်း၊ အပျက်အစီးရှိပါက စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်။ |

| ဘေးကျရောက်စဉ် |
| --- |
| • ချိတ်ဆက်လာသော လုပ်ငန်းကော်မတီများ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်။<br>• မြို့နယ်တွင်းရှိ ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများ၊ ကျောင်းများ၏ အရေးကြီးသော စာရွက်စာတမ်းများသယ်ယူပို့ဆောင်နိုင်ရန်ယာဉ်များ စီစဉ်ပေးရန်။<br>• ဘေးသင့်ပြည်သူများ ထိခိုက်ခံစားလွယ်အုပ်စုကို ဦးစားပေးပြီး ခိုလှုံနေရာသို့ ပို့ဆောင်ပေးရန်၊ ထောက်ပံ့ရေးပစ္စည်းများ (ရိက္ခာ၊ ဆေးဝါး) စသည်တို့ကို သယ်ယူပေးနိုင်ရန်နှင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံ၊ ဆေးပေးခန်းများသို့ ပို့ဆောင်နိုင်ရန် ယာဉ်များစီစဉ်ပေးရန်။<br>• တွက်ချက်စီစဉ်ထားသော လောင်စာဆီအပါအဝင် ပံ့ပိုးပစ္စည်းများဖြင့် ပို့ဆောင်ဆက်သွယ်မည့် ယာဉ်များအားပံ့ပိုးပေးရန်။<br>• ရိက္ခာ/ဆေးဝါး အစရှိသည်များအား သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ဆက်သွယ်၍ ဘေးသင့်ဒေသများသို့ အမြန်ဆုံး ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • သက်ဆိုင်ရာဌာနများနှင့် အခြားလုပ်ငန်းကော်မတီများ၏ သွားလာပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန်။<br>• ဘေးကျရောက်၍ ပိတ်ဆို့နေသောလမ်းများကို အမြန်ဆုံး လမ်းကြောင်း ရှင်းလင်းပေးရန်။<br>• ဘေးဖြစ်ပြီးနောက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။<br>• ကြိုတင်စီစဉ်ထားသော သောက်သုံးရေ၊ ရိက္ခာ၊ ဆေးဝါးများအား စီစဉ်ထားသောယာဉ်များဖြင့် ဘေးသင့်ဒေသများသို့ ဆက်သွယ်ပို့ဆောင်ရန်နှင့် လိုအပ်သောယာဉ်များ ပံ့ပိုးပေးရန်။<br>• မိသားစုနှင့်ကင်းကွာနေသူများ ပြန်လည်ပေါင်းစည်းရေးအတွက် သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီအပါအဝင် အခြားလုပ်ငန်းကော်မတီများဖြင့် ဆက်သွယ်ပို့ဆောင်ပေးရန်။ |

## မီးဘေး

| ဘေးမကျရောက်မီ |
| --- |
| • ဒေသအလိုက် သွားလာနိုင်ရေး ခန့်မှန်းကုန်ကျမည့် စက်သုံးဆီများ တွက်ချက်ထားရှိရန်။<br>• လမ်းကြောင်းရှင်းလင်းရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာ တန်ဆာပလာများအား၏ စာရင်းအားသက်ဆိုင်ရာ ဌာနဆိုင်ရာများ (လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြည်သူ့ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးအဖွဲ့)များမှ ပံ့ပိုးကူညီမှုရယူရန်။<br>• ဒေသတွင်းရှိ ပြည်တွင်း၊ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှ ပို့ဆောင်ရေးတွင် အသုံးပြုနိုင်သော ယာဉ် (ကုန်းသွား၊ ရေသွား) များ၏စာရင်းကို ရယူထားရန်။<br>• မီးဘေးအန္တရာယ် ကြုံတွေ့လာပါကဒေသပြည်သူများကို ဘေးလွတ်ရာသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းများအား စဉ်ဆက်မပြတ် ရှင်းလင်းထားရန်။<br>• ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် လိုအပ်သည့်ယာဉ်နှင့် စက်သုံးဆီများကို စီမံခန့်ခွဲမှုကော်မတီသို့တင်ပြပြီး စီစဉ်ဆောင်ရွက်ရန်။ |

### ဘေးကျရောက်စဉ်

- မီးဘေးကျရောက်နေစဉ် ပိတ်ဆို့နေသော လမ်းများကို အမြန်ဆုံးလမ်းကြောင်း ရှင်းလင်းပေးရန်။
- ချိတ်ဆက်လာသောလုပ်ငန်းကော်မတီများ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်။
- မီးဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ လျင်မြန်စွာရွှေ့ပြောင်းနိုင်ရန် ယာဉ်များ စီစဉ်ပေးခြင်းနှင့် ၄င်းတို့၏ လုံခြုံရေးအတွက် လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- မီးဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများကို အရေးပေါ်ဆေးရုံသို့ ပို့ဆောင်ပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သောယာဉ်များ စီစဉ်ပေးရန်။

### ဘေးကျရောက်ပြီး

- မီးဘေးကျရောက်၍ ပိတ်ဆို့နေသောလမ်းများကို အမြန်ဆုံးလမ်းကြောင်း ရှင်းလင်းပေးရန်။
- သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန်။
- မီးဘေးသင့်ပြည်သူများကို ခိုလှုံနေရာသို့ ပို့ဆောင်ပေးရန်၊ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပေးနိုင်ရန်နှင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံဆေးပေးခန်းများသို့ ပို့ဆောင်ပေးရန်နှင့် မိသားစုပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများအတွက် လိုအပ်သောယာဉ်များ ပံ့ပိုးပေးရန်။
- ပျက်စီးသွားသောလမ်း၊ တံတားများ အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

## ဆူနာမီဘေး

### ဘေးမကျရောက်မီ

- မြို့နယ်အတွင်းကျေးရွာအလိုက် သွားလာနိုင်သော ယာဉ်အမျိုးအစား (ကား၊ သင်္ဘော၊ စက်လှေ၊ ထော်လာဂျီ စသည်)၊ ခရီးမိုင်အကွာအဝေး၊ ကြာမြင့်ချိန်နှင့် လမ်းကြောင်းပြ အညွှန်းပါမြေပုံများ ဖော်ထုတ်ပြုစုထားရန်။
- သွားလာနိုင်မည့် ပင်မလမ်းတံတားများဆောက်လုပ်ရေး၊ ကျေးရွာချဉ်းကပ်လမ်းများ၊ တံတားများကို စနစ်တကျ မှတ်တမ်းပြုစုထားရန်။
- မြို့နယ်အတွင်းရှိ ကျေးရွာအလိုက် ရေယာဉ်များချဉ်းကပ်နိုင်သော ဆိပ်ခံတံတားများနှင့် ယာဉ်လိုင်းများ မှတ်တမ်းပြုစုထားရန်။
- ကျေးရွာအလိုက် သွားလာရေးအတွက် ခန့်မှန်းကုန်ကျမည့် စက်သုံးဆီများ တွက်ချက်ထားရှိရန်။
- အရေးပေါ်ကာလအတွင်း ရဟတ်ယာဉ်များ ဆင်းသက်နိုင်သည့်ကွင်းများ၊ ကုန်းမြင့်များကို စာရင်းပြုစုထားပြီး နောင်ထပ်မံဆင်းသက်နိုင်မည့်ကွင်းများ စနစ်တကျ စီစဉ်ဆောင်ရွက်ထားရန်။
- ဒေသတွင်းရှိ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ပို့ဆောင်ရေးတွင် အသုံးပြုနိုင်သော ယာဉ် (ကုန်းသွား၊ ရေသွား) များ၏စာရင်းကို ရယူထားရန်။
- ဆူနာမီဘေး အရေးပေါ်သတိပေးချက်ရသည်နှင့် တစ်ပြိုင်နက် ဘေးသင့်နိုင်သော ပြည်သူများကို ဦးစားပေးအဆင့်လိုက် ဘေးလွတ်ရာသို့ အမြန်ဆုံးပို့ဆောင်နိုင်ရန် ကြိုတင်စီစဉ်ထားရန်။
- လမ်းကြောင်းရှင်းလင်းရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာတန်ဆာပလာများအား၏ စာရင်းအားသက်ဆိုင်ရာဌာနဆိုင်ရာများ (လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြည်သူ့ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးအဖွဲ့) များမှ ပံ့ပိုးကူညီမှုရယူရန်။

| |
|---|
| • ဆူနာမီဘေးကြုံတွေ့လာပါက ဒေသတွင်းပြည်သူများကို ဘေးလွတ်ရာသို့ အမြန်ဆုံး ပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းများအား စဉ်ဆက်မပြတ် ရှင်းလင်းထားရန်။<br>• အခြားလုပ်ငန်းကော်မတီများမှ ပြုစုထားရှိပြီးသော ဘေးကင်းခိုလှုံရာနေရာ အဆောက်အဦများစာရင်းကို ရယူထားရှိရန်။<br>• ပို့ဆောင်ဆက်သွယ်ရေးတွင် အသုံးပြုမည့် ယာဉ်အလိုက် ဝင်ဆံ့နိုင်သော ပမာဏ၊ အရေအတွက် စသည်တို့ကို ပြုစုပြီး ယာဉ်ကြွံ့ခိုင်မှုနှင့် လိုအပ်သည်များကို စိစစ်ဆောင်ရွက်ရန်။<br>• ချိတ်ဆက်လာသော လုပ်ငန်းကော်မတီများ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်။<br>• ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် လိုအပ်သည့်ယာဉ်နှင့် စက်သုံးဆီများကို စီမံခန့်ခွဲမှုကော်မတီသို့တင်ပြပြီး စီစဉ်ဆောင်ရွက်ရန်။<br>• ပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုမည့် ချဉ်းကပ်လမ်းကြောင်းများ၊ အရံလမ်းကြောင်းများ၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်း၊ အပျက်အစီးရှိပါက စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်။ |
| **ဘေးကျရောက်စဉ်** |
| • ချိတ်ဆက်လာသော လုပ်ငန်းကော်မတီများ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • သက်ဆိုင်ရာဌာနများ၏ သွားလာပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် အမြန်ဆုံး အကောင်အထည် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန်။<br>• ဆူနာမီဘေးသင့်ပြည်သူများကို ခိုလှုံနေရာသို့ ပို့ဆောင်ပေးရန်၊ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပေးနိုင်ရန်နှင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံဆေးပေးခန်းများသို့ ပို့ဆောင်ပေးရန်။<br>• ပျက်စီးသွားသော လမ်း၊ တံတားများ အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။<br>• ဆူနာမီဘေးကျရောက်၍ ပိတ်ဆို့နေသော လမ်းများကို အမြန်ဆုံးလမ်းကြောင်း ရှင်းလင်းပေးရန်။<br>• အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့်ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ပေးရန်။ |

## ၆။ သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ

### မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

| **ဘေးမကျရောက်မီ** |
|---|
| • မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မုန်တိုင်းသတိပေးချက်များ၊ ဖြစ်ပွားမှုသတင်းများနှင့် ခိုင်လုံသော သဘာဝဘေးဆိုင်ရာ သတိပေးချက်များကို အများပြည်သူ ကျယ်ပြန့်စွာ သိရှိလိုက်နာနိုင်ရေးအတွက် အချိန်နှင့်တပြေးညီအသိပေးရန်၊ ဖြစ်စဉ်များအား အထက်အဖွဲ့အစည်း၏ ညွှန်ကြားချက်နှင့်အညီ သတင်းကြေညာချက်ထုတ်ပြန်ဆောင်ရွက်ရန်။<br>• ဒေသတွင်း သဘာဝထူးခြားဖြစ်စဉ်များအပေါ် အခြေပြု၍ ဘေးအန္တရာယ်ဖြစ်ပွားလာနိုင်မှုကို ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်ဆောင်ရွက်ရန်။<br>• အရေးပေါ်ဆက်သွယ်ရမည့်သူများနှင့် ဖုန်းနံပါတ်များကို ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ရယူထားရှိရန်။ |

- ဒေသနှင့်ကိုက်ညီသော ကြိုတင်သတိပေးစနစ်များ ထူထောင်ပြီး ရပ်ရွာလူထု သိရှိနားလည်သည်အထိ ဇာတ်တိုက် လေ့ကျင့်ထားရန်။
- သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုဖြစ်စေမည့် အဓိကအကြောင်းရင်းများအား ပြည်သူတစ်ရပ်လုံး သိရှိနား လည်စေရေး အသိပညာပေး ဆောင်ရွက်ရန်။
- ဘေးအမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေး၊ ဘေးဒဏ်လျော့ပါးစေရေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ဘေး မကျမီ ဆောင်ရန်၊ ရှောင်ရန်များကို ပြည်သူလူထုမှ နားလည်သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဟောပြော ခြင်းလုပ်ငန်းများ ဆောက်ရွက်ရန်။
- မြစ်ကမ်းနဘေး၊ ကမ်းရိုးတန်းနှင့် မြေနိမ့်လွင်ပြင်စသော ထိခိုက်ခံရလွယ်ဒေသတွင် နေထိုင်သော ပြည်သူလူထုကို စာရင်းပြုစုရန်နှင့် ကုန်းမြင့်နှင့် ခိုလှုံရာနေရာသို့ သွားနိုင်သော လမ်းကြောင်းများနှင့် လမ်းကြောင်းပြမြေပုံများ ဖော်ထုတ်ပြုစုထားရန်။
- အရေးပေါ် တိုက်ရိုက်ဆက်သွယ်မည့်စနစ်များ (ဖုန်း၊ မိုဘိုင်း) နှင့် အခြား ဆက်သွယ်ရေးကိရိယာများအား ဒေသ မရွေး အသုံးပြုနိုင်ရန် စီစဉ်တပ်ဆင်ထားရှိရန်။
- ဘေးကျရောက်ဖွယ်ရှိသော ဒေသရှိ ရပ်ရွာလူထုအား Emergency Kit (အစားအသောက်၊ ရေ၊ မီးကာ၊ ပလတ် စတစ်စ၊ ဆေးများ၊ ဖယောင်းတိုင်၊ မီးခြစ်၊ အရေးကြီး စာရွက်စာတမ်းများ) ကို အသင့်ပြင်ဆင်ထားရှိရန် အသိ ပညာပေးရန်။
- တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ၎င်းတို့နှင့်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို မိုဘိုင်းလ် ဖုန်းများမှတစ်ဆင့် SMS ပေးပို့ရန်။
- အရေးပေါ်ဆက်သွယ်ရေးဖုန်းနံပါတ်များ၊ ဆက်သွယ်ရမည့်သူများနှင့် အထက်၊ အောက် ဆက်သွယ်ရမည့်နံပါတ် များကို စာရင်းပြုစုထားရှိရန်နှင့် စီမံခန့်ခွဲမှုကော်မတီထံသို့ ပေးပို့ရန်။
- မိမိမြို့နယ်တွင်း အန္တရာယ်ကျရောက်လွယ်သော ဒေသများအတွက် ICON, Satellite များ အသုံးပြုနိုင်ရန် ကြို တင်စီစဉ်ထားရှိရန်။
- အရေးပေါ်ကာလတွင်း အသုံးပြုရမည့် ဆက်သွယ်ရေးလမ်းကြောင်းများနှင့် ဆက်သွယ်ရေးသုံး ပစ္စည်းများကြို တင်စီစဉ်ထားရန်နှင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုတင်လေ့ကျင့်ခြင်းများ ပြုလုပ်ထားရှိရန်။
- အရန်ဆက်သွယ်ရေး ကိရိယာများ စုဆောင်းထားရှိရန်နှင့် အသုံးပြုရာတွင် လွယ်ကူစေရန် ပုံမှန်လေ့ကျင့်မှုနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိရန်။
- သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီမှ အသုံးပြုမည့်ဖုန်းများနှင့် လိုင်းနှုန်းများကို စာရင်းပြုစုထားရန်နှင့် ဖုန်းများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ပေးရန်။
- ယာဉ်နှင့်စက်ပစ္စည်းများ စုဆောင်းထားရှိရန် အရေးပေါ်ဆက်သွယ်ရေးစနစ် အသုံးပြုရာတွင် ပံ့ပိုးကူညီမှုပေးနိုင် သော အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ကြိုတင်ပူးပေါင်းဆောင်ရွက်ထားရှိရန်။
- မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သတင်းဖလှယ်မှု လွယ်ကူလျင်မြန်စေရန် ဆက်သွယ်ရေးစနစ်များ ပိုမိုတိုးချဲ့ထားရန်။
- မိမိမြို့နယ်အတွင်းအရေးပေါ်ဆက်သွယ်ရေး (မီး၊ အလံ) အချက်ပြစနစ်များ တပ်ဆင်အသုံးပြုနိုင်အောင် စီစဉ် ပေးရန်။

| ဘေးကျရောက်စဉ် |
| --- |
| • ဖြစ်ပွားမှုသတင်းများနှင့် ဖြစ်စဉ်များကို စဉ်ဆက်မပြတ်ရယူပြီး အချိန်နှင့် တပြေးညီထုတ်ပြန်ပေးရန်။ |
| • လုပ်ငန်းကော်မတီအသီးသီးမှ ရရှိလာသော သတင်းအချက်အလက်များကို စီမံခန့်ခွဲမှုကော်မတီနှင့် အခြားလုပ်ငန်းကော်မတီများသို့ အချိန်နှင့်တပြေးညီ သတင်းဖြန့်ဝေပေးရန်။ |
| • နောက်ဆက်တွဲ အန္တရာယ်များမကျရောက်စေရေး ပြည်သူလူထုသို့ အသိပေး အကြောင်းကြားရန်။ |
| • ဘေးကျရောက်သည်နှင့် သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီဝင်များ၊ မိမိမြို့နယ်တွင်းရှိ အင်အားရရှိနိုင်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး လိုအပ်သော အရေးပေါ်ဆက်သွယ်မှုများ ပြုလုပ်ရန်။ |
| • အရေးပေါ်ကာလတွင်း အသုံးပြုမည့် ယာယီဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန် ကြိုတင်စီစဉ်ထားရှိရန်။ |
| • အရေးပေါ်ကာလတွင် ကြေးနန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ ဆက်သားများဖြင့်လည်းကောင်း ဆက်သွယ်နိုင်ရန် ဆက်သွယ်ရေးစနစ်များ ကြိုတင်စီစဉ်ထားရှိရန်။ |
| • ဘေးအန္တရာယ်အတွက် တိကျခိုင်လုံသော သတင်းအချက်အလက်များ ရယူ၍ အခြားလုပ်ငန်းကော်မတီများနှင့် ပြည်သူများအား ဆက်သွယ်ထုတ်ပြန်ပေးရန်။ |
| • လုပ်ငန်းကော်မတီအသီးသီးမှ သတင်းအချက်အလက်များရယူ၍ စီမံခန့်ခွဲမှုအဖွဲ့နှင့် အခြား လုပ်ငန်းကော်မတီများထံ အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးရန်။ |
| **ဘေးကျရောက်ပြီး** |
| • ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကူးစက်ရောဂါများ မပြန့်ပွားစေရန် ကျန်းမာရေးအသိပေး သတင်းအချက်အလက်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်သတင်းရယူပြီး ပြည်သူလူထုထံသို့ သတင်းထုတ်ပြန်ရန်။ |
| • ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများဖြန့်ဝေသော သတင်းအချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ရယူပြီး သတင်းထုတ်ပြန်ရန်။ |
| • မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်။ |
| • ဘေးသင့်သူများ၏ စာရင်းများကို ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး လုပ်ငန်းကော်မတီမှရယူ၍ စီမံခန့်ခွဲမှု ကော်မတီသို့တင်ပြပြီး လိုအပ်သောအကူအညီများ ရယူရန်။ |
| • နောက်ဆုံးရရှိသော သတင်းများအား အချိန်နှင့်တပြေးညီရယူပြီး ဘေးသင့်ရာ နေရာများသို့ ထုတ်ပြန်ပေးရန်။ |
| • ပျက်စီးသွားသော ဆက်သွယ်ရေးစနစ်များနှင့် စက်ပစ္စည်းများကို လျင်မြန်စွာ ပြန်လည် ပြုပြင်တပ်ဆင်ပေးရန်။ |
| • မိသားစုနှင့်ကွဲကွာသွားသော ဘေးသင့်ပြည်သူများ ဆက်သွယ်ရာတွင် အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ရန်။ |
| • ယာယီစခန်းများတွင် ခိုလှုံနေသောမိသားစုများ ပြန်လည်ပေါင်းစည်းရေးအတွက် ယာယီတယ်လီဖုန်းများ၊ ကြေးနန်းများ၊ Fax များ တပ်ဆင်ထားရှိရန်။ |
| • ထိရောက်လျင်မြန်သော အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် လိုအပ်သော ဆက်သွယ်ရေးပစ္စည်းများအား အမြန်တပ်ဆင်ပေးရန်နှင့် လိုအပ်သော ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ထားရှိရန်။ |
| • ကြိုတင်စီစဉ်ထားသော အရေးပေါ်ဆက်သွယ်ရေးစနစ်များ အသုံးပြုပြီး အခြားသောလုပ်ငန်းကော်မတီများ၏ လိုအပ်သော ပံ့ပိုးမှုများပေးရန်။ |

| |
|---|
| • နောက်ဆက်တွဲအန္တရာယ်များ မကျရောက်စေရေး ပြည်သူသို့ အသိပေးအကြောင်းကြားရန်။<br>• မိသားစုနှင့်ကွဲကွာသူများအား ဆက်သွယ်ပေးရန်နှင့် ဆက်သွယ်မရပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ လွှဲအပ်သွားရန်။ |

**မီးဘေး**

| ဘေးမကျရောက်မီ |
|---|
| • စက်ရုံအလုပ်ရုံများကို လျှပ်စစ်မီး စနစ်တကျ သုံးစွဲရေး၊ မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများကို စနစ်တကျ သုံးစွဲရန်၊ မီးဘေးအသိပေးနှိုးဆော်ချက်များနှင့် မီးဘေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန်။<br>• ရပ်ကွက်၊ ကျေးရွာများအတွင်း မီးသုံးစွဲမှု စနစ်တကျရှိစေရန် လက်ကမ်းစာစောင်များအား ဝေငှခြင်း၊ ပိုစတာများ၊ ဆိုင်းဘုတ်များစိုက်ထူခြင်း၊ အသိပညာပေးဇာတ်လမ်းများ လိုက်လံပြသပေးခြင်း အစရှိသည်တို့ ပြုလုပ်ရန်။<br>• ဌာနဆိုင်ရာများနှင့် စက်ရုံအလုပ်ရုံများတွင် မီးဘေးလျော့ပါးရေး စီမံချက်များရေးဆွဲထားရန်နှင့် စီမံချက်ပါအတိုင်း မီးဘေးဇာတ်တိုက်လေ့ကျင့်မှုများကို ရပ်ရွာလူထုများ၊ ထိခိုက်ခံရလွယ်အုပ်စုများ (သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်)၊ လုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အားလုံးပါဝင်သော ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများကို စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။<br>• ရေရရှိနိုင်သော အရင်းအမြစ်များ၏စာရင်းကို သက်ဆိုင်ရာဌာနများမှ ရယူစာရင်းပြုစုရန်။<br>• သက်ဆိုင်ရာဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော မီးသုံးစွဲမှုအချိန်နှင့် စည်းကမ်းချက်များအား အများပြည်သူများသိရှိအောင် သတင်းထုတ်ပြန်ပေးရန်။<br>• မီးသတ်ဦးစီးဌာနမှ ညွှန်ကြားထားသော ညွှန်ကြားချက်များအား ပြည်သူများသိရှိအောင် သတိပေးနှိုးဆော်ထားရှိရန်။<br>• မီးဘေးကျရောက်ပါက လျင်မြန်စွာ သတင်းပေးပို့နိုင်မည့် အရေးပေါ်ဆက်သွယ်သည့်စနစ် ထူထောင်ထားရှိပြီး ကြိုတင်လေ့ကျင့်ထားရန်။<br>• အရေးပေါ် ဆက်သွယ်ရေးဖုန်းနံပါတ်များ၊ ဆက်သွယ်ရမည့်သူများနှင့် အထက်၊ အောက် ဆက်သွယ်ရမည့်နံပါတ်များကို စာရင်းပြုစုထားရှိရန်နှင့် သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရန်။<br>• မီးဘေးကျရောက်လျှင် ကျရောက်ခြင်း သက်ဆိုင်ရာသို့ အရေးပေါ်ဆက်သွယ်နိုင်ရန် မီးသတ်တပ်ဖွဲ့များ၏ ဆက်သွယ်ရမည့် ဖုန်းများကို စာရင်းပြုစုပြီး လိုက်လံဖြန့်ဖြူး ထားရှိရန်။ |
| **ဘေးကျရောက်စဉ်** |
| • နီးစပ်ရာဒေသများသို့ မီးပြန့်ပွားကူးစက်မှုမရှိစေရန် လိုအပ်သောသတင်းပေးခြင်းများ ပြုလုပ်ရန်။<br>• ဖြစ်ပွားမှုသတင်းများနှင့်ဖြစ်စဉ်များကို စဉ်ဆက်မပြတ်ရယူပြီး အချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်ပေးရန်။<br>• မီးဘေးကူးစက်မှုမရှိစေရန် မီးဘေးအခြေအနေများကို အရေးပေါ်ဆက်သွယ်မှုစနစ်များဖြင့် ကြိုတင်သတင်းပေးပို့ခြင်းဖြင့် ကာကွယ်မှုများ ပြုလုပ်ရန်။<br>• မီးဘေးပြန့်ပွားမှုမှ ကာကွယ်ရန်နှင့် လိုအပ်သော ပံ့ပိုးမှုများရရှိရန် အခြေအနေများကို အရေးပေါ်ဆက်သွယ်ရမည့်သူများနှင့် တိုင်း၊ ခရိုင် အစရှိသော တာဝန်ရှိသူများသို့ သတင်းပေးပို့ အကူအညီများရယူရန်။<br>• အရေးပေါ်ကာလအတွင်း လိုအပ်သောပံ့ပိုးကူညီမှုများ အဆက်မပြတ်ရရှိနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘေးကင်းလွတ်သောဒေသများမှ ပံ့ပိုးကူညီပေးနိုင်သော အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အရေးပေါ်ဆက်သွယ်ကာ လိုအပ်သော အကူအညီများ ရယူရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • မီးဘေးသင့်သူများ၏ စာရင်းများကို စုစည်း၍သက်ဆိုင်ရာသို့တင်ပြပြီး လိုအပ်သောအကူအညီများ ရယူရန်။ |
| • ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေသော သတင်းအချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှရယူပြီး သတင်းထုတ်ပြန်ရန်။ |
| • နောင်ထပ်မံ ဖြစ်ပွားမှုများမရှိစေရန် မှတ်တမ်းတင်ဟောပြောပွဲများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြုလုပ်ရန်။ |
| • နောက်ဆုံးရရှိသော သတင်းများအား အချိန်နှင့်တပြေးညီရယူပြီး ဘေးသင့်ရာနေရာများသို့ ထုတ်ပြန်ပေးရန်။ |
| • ကွဲကွာသွားသော မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန်။ |
| • မီးဘေးသင့်ပြီးနောက် ပျက်စီးသွားသော ဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရန် လိုအပ်သောပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်ပေးရန်။ |
| • ဆက်သွယ်ရေးလုပ်ငန်းတွင် လိုအပ်ပါက ဆက်သားစနစ်ဖြင့် ပံ့ပိုးမှုများပေးရန်။ |
| • မီးဘေးသင့်ပြည်သူများအား အရေးပေါ်ရွှေ့ပြောင်းရာတွင် ဆက်သွယ်ရေးဆိုင်ရာ လိုအပ်သော ပံ့ပိုးမှုများပေးရန်။ |

## ဆူနာမီဘေး

| ဘေးမကျရောက်မီ |
|---|
| • ဆူနာမီဘေးနှင့်ပတ်သက်သော အသိပညာပေးခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်းလုပ်ငန်းများကို လပွတ္တာမြို့နယ်တစ်ဝှမ်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန်။ |
| • မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဆူနာမီသတိပေးချက်များ (Alert, Watch and Warning)၊ ဖြစ်ပွားမှုသတင်းများနှင့် ဖြစ်စဉ်များအား အထက်အဖွဲ့အစည်း၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ အထိရောက်ရှိအောင် သတင်းထုတ်ပြန်ရန်။ |
| • မြစ်ကမ်းနံဘေး၊ ကမ်းရိုးတန်းနှင့် မြေနိမ့်လွင်ပြင်စသော ထိခိုက်ခံရလွယ်ဒေသတွင် နေထိုင်သောပြည်သူလူထုများကို စာရင်းပြုစုရန်နှင့် ကုန်းမြင့်နှင့် ခိုလှုံရာနေရာသို့ သွားနိုင်သောလမ်းကြောင်းများနှင့် လမ်းကြောင်းများမြေပုံများဖော်ထုတ်ပြုစုထားရန်။ |
| • ဆူနာမီဘေး သင့်နိုင်ခြေများသော ဒေသတွင်းရှိ ရပ်ရွာလူထုများ၊ ထိခိုက်ခံရလွယ်အုပ်စုများ (သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်) လုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အားလုံးပါဝင်သော ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများကို စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။ |
| • ဆူနာမီဘေးနှင့်ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန်များ၊ အသိပညာပေး လက်ကမ်းစာစောင်များ ရိုက်နှိပ်ဖြန့်ဝေရန်၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူရန်။ |
| • အထောက်အပံ့များရရှိနိုင်မည့် ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏စာရင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြုစုထားရှိရန်။ |

- ငလျင်လှုပ်ခတ်ပြီးနောက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သော ဆူနာမီဖြစ်နိုင်မှုအခြေအနေ ရှိ၊ မရှိ ကြိုတင်သတိပေးချက်များကို စဉ်ဆက်မပြတ်ရယူကာ ဆူနာမီဘေးကျရောက်နိုင်ခြေများသော ကျေးရွာအုပ်စုနှင့် ကျေးရွာများသို့ အရေးပေါ်သတင်းအချက်အလက်များ ပေးပို့ရန်။
- နယ်လှည့်ပြန်ကြားရေးယာဉ်ထားရှိပြီး ရပ်ရွာလူထုကို ဆူနာမီဘေးအန္တရာယ်နှင့်ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန်။
- ကောလဟလများမှကင်းဝေးစေရန် သတင်းများကို အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးရန်။
- အရေးပေါ်ဆက်သွယ်ရေးပစ္စည်းများ၊ သင်္ကေတ၊ လှိုင်းနှုန်း အခေါ်အဝေါ်များ စနစ်တကျအသုံးပြုနိုင်ရေး ကြိုတင်လေ့ကျင့် သင်တန်းပို့ချရန်။
- တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ၎င်းတို့နှင့်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် SMS ပေးပို့ရန်နှင့် ဆက်သွယ်ရေး channel (ဥပမာ–ရေဒီယို၊ SKY NET) IVHF Icon များမှတစ်ဆင့် သတင်းပေးပို့ခြင်းများ လုပ်ဆောင်ရန်။
- အရေးပေါ်ဆက်သွယ်ရမည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များ၊ မိုဘိုင်းလ်ဖုန်းများ၊ Icon များ၊ ကြေးနန်းများ၏ အခေါ်အဝေါ်လိုင်းများကို စာရင်းပြုစုထားရှိရန်နှင့် စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ရန်။
- ဆူနာမီဘေး ကျရောက်နိုင်ခြေများသော ဒေသများတွင် ဘေးအန္တရာယ် ကြိုတင်သတိပေးချက်ကို အချိန်နှင့်တပြေးညီရရှိနိုင်ရန် ICON, Sattelite များကို စီစဉ်ထားရှိရန်။
- အရန်ဆက်သွယ်ရေးကိရိယာများ စုဆောင်းထားရှိရန်နှင့် အသုံးပြုရာတွင်လွယ်ကူစေရန် ပုံမှန်လေ့ကျင့်မှုနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိရန်။
- သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းကော်မတီများမှ အသုံးပြုမည့်ဖုန်းများနှင့် လိုင်းနှုန်းများကို စာရင်းပြုစုထားရန်နှင့် ဖုန်းများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ပေးရန်။
- ဆူနာမီကျရောက်ပြီးနောက် ပျက်စီးသွားမည့် စက်များနေရာတွင် အစားထိုးအသုံးပြုနိုင်ရန်အတွက် အရန်ဆက်သွယ်ရေးကိရိယာများ စုဆောင်းထားရှိရန်နှင့် အသုံးပြုရာတွင် လွယ်ကူစေရန် ပုံမှန်လေ့ကျင့်အသုံးပြုရန်။
- အရေးပေါ်ဆက်သွယ်ရေးစနစ် အသုံးပြုရာတွင် ပံ့ပိုးကူညီမှုပေးနိုင်သော ဌာန၊ လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ကြိုတင်ပူးပေါင်း ဆောင်ရွက်ထားရှိရန်။
- မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများ သတင်းဖလှယ်မှု လွယ်ကူလျင်မြန်စေရန် ဆက်သွယ်ရေးစနစ်များ ပိုမိုတိုးချဲ့ထားရန်။

## ဘေးကျရောက်စဉ်

- ဖြစ်ပွားမှုသတင်းနှင့် ဖြစ်စဉ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ စဉ်ဆက်မပြတ်ရယူပြီး အချိန်နှင့်တပြေးညီထုတ်ပြန်ပေးရန်။
- နီးစပ်ရာဒေသများသို့လည်း ဆူနာမီဘေးနှင့်ပတ်သက်သည့် သတင်းပေးခြင်းများ ပြုလုပ်ရန်။
- ဆူနာမီဘေးကျရောက်နိုင်ကြောင်း သိလျှင်သိခြင်း ဘေးကျရောက်နေသော နေရာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဘေးဖြစ်နိုင်ခြေများသောဒေသများကို ဦးစားပေးပြောင်းရွှေ့ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် အရေးပေါ်ဆက်သွယ်ဆောင်ရွက်ပေးရန်။
- မြို့နယ်တွင်းရှိပြည်သူများ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ယာယီဆက်သွယ်ရေးစခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

| |
|---|
| • အခြားသော လုပ်ငန်းကော်မတီများမှ တောင်းခံလာသော အကူအညီများကို ဖြည့်ဆည်းပေးရန်။<br>• ဘေးကျရောက်သည်နှင့် သတင်းပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီဝင်များ၊ မိမိမြို့နယ်တွင်းရှိ အင်အားရရှိနိုင်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး လိုအပ်သော အရေးပေါ်ဆက်သွယ်မှုများ ပြုလုပ်ရန်။<br>• အရေးပေါ်ကာလတွင်း အသုံးပြုမည့် ယာယီဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန် ကြိုတင်စီစဉ်ထားရှိရန်။<br>• အရေးပေါ်ကာလတွင် ကြေးနန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ ဆက်သားများဖြင့်လည်းကောင်း ဆက်သွယ်နိုင်ရန် ဆက်သွယ်ရေးစနစ်များ ကြိုတင်စီစဉ်ထားရှိရန်။ |
| **ဘေးကျရောက်ပြီး** |
| • ဆူနာမီဘေးသင့်သူများ၏စာရင်းကို ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး လုပ်ငန်းကော်မတီမှရယူ၍ သက်ဆိုင်ရာသို့ တင်ပြပြီး လိုအပ်သောအကူအညီများ ရယူရန်။<br>• ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေသော သတင်းအချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ရယူပြီး သတင်းထုတ်ပြန်ရန်။<br>• ဘေးကျရောက်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန် (ကျန်းမာရေးအသိပညာပေးခြင်း) စသော လုပ်ငန်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။<br>• ဘေးသင့်ပြည်သူများ မိသားစု ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ယာယီဆက်သွယ်ရေးစခန်းများကို ဆောလျင်စွာ ဖွင့်လှစ်ပေးရန်။<br>• ယခင်ဖြစ်ပွားခဲ့မှုများကို မှတ်တမ်းတင်ထားရှိပြီး ဟောပြောပွဲများ၊ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ရန်။<br>• နောက်ဆုံးရရှိသော သတင်းများအား အချိန်နှင့်တပြေးညီရယူပြီး ဘေးသင့်ရာနေရာများသို့ ထုတ်ပြန်ပေးရန်။<br>• ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီမှ ပေးပို့လာသော အချက်အလက်များအား သက်ဆိုင်ရာကော်မတီသို့ ဆက်သွယ် သတင်းပို့ရန်။<br>• ပျက်စီးသွားသော ဆက်သွယ်ရေးစနစ်များနှင့် စက်ပစ္စည်းများကို လျင်မြန်စွာ ပြန်လည် ပြုပြင်တပ်ဆင်ပေးရန်။<br>• ယာယီစခန်းများတွင် ခိုလှုံနေသော မိသားစုများပြန်လည်ပေါင်းစည်းရေးအတွက် ယာယီတယ်လီဖုန်းများ၊ ကြေးနန်းများ၊ Fax များ တပ်ဆင်ထားရှိရန်။<br>• မိသားစုနှင့်ကွဲကွာသွားသော ဘေးသင့်ပြည်သူများ ဆက်သွယ်ရာတွင် အဆင်ပြေချောမွေ့စေရန် လိုအပ်သော ပံ့ပိုးကူညီမှုများပေးရန်။<br>• ဆူနာမီဘေးသင့်ဒေသရှိ အသုံးပြုနေသော စက်များပျက်ဆီးသွားပါက အရန်စက်များအား အစားထိုးအသုံးပြုရန်။<br>• ထိရောက်လျင်မြန်သော အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် လိုအပ်သော ဆက်သွယ်ရေးပစ္စည်းများအား အမြန်တပ်ဆင်ပေးရန်နှင့် လိုအပ်သော ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ထားရှိရန်။<br>• သင့်လျော်သော ဆက်သွယ်ရေးစနစ် (ဥပမာ-ဆတ်သား) ဖြင့် အရေးပေါ်ဆက်သွယ်မှုများ ပြုလုပ်ပေးရန်။ |

## ၇။ လုံခြုံရေးလုပ်ငန်းကော်မတီ

### မုန်တိုင်းဒီရေနှင့် ဆိုင်ကလုန်းဘေး

| **ဘေးမကျရောက်မီ** |
|---|
| • ဘေးကျရောက်နိုင်သည့်ဒေသများကို ဖော်ထုတ်စာရင်းပြုစုထားပြီး လုံခြုံရေးအစီအမံများ ကြိုတင်ရေးဆွဲထားရန်။<br>• လုံခြုံရေးအတွက် လိုအပ်မည့်အင်အားများကို ကြိုတင်စုဖွဲ့လေ့ကျင့်ထားရန်။ |

- လုံခြုံရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိရန်။
- အခြားသော လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ကော်မတီအချင်းချင်း ကြိုတင်ချိတ်ဆက်ထားရန်။
- လုံခြုံရေးအစီအမံများ ကြိုတင်ရေးဆွဲရန်နှင့် လုံခြုံရေးကင်းများကို စနစ်တကျဖွဲ့စည်းထားရန်။
- လုံခြုံရေးဆောင်ရွက်ရန်လိုအပ်မည့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိရန်။

### ဘေးကျရောက်စဉ်

- သတ်မှတ်ထားသော ကွပ်ကဲမှုလမ်းကြောင်းအဆင့်ဆင့် အထက်နှင့်အောက်ချိတ်ဆက်ကာ အချိန်နှင့်တပြေးညီဆက်သွယ်သတင်းပို့ရန်။
- အသင့်စုဖွဲ့ထားသည့် လုံခြုံရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များမှ အချိန်တိုအတွင်း စုစည်းနိုင်ရေးနှင့် ဘေးအန္တရာယ်ကျရောက်သည့်အရပ်သို့ ရောက်ရှိပြီး လုံခြုံရေးဆောင်ရွက်ရန်။
- ခိုလှုံရာနေရာ၊ နားခိုရာနေရာ၊ ကယ်ဆယ်ရေးစခန်းများ၊ ကွပ်ကဲရေးစခန်းများ အမြန်ဆုံးနှင့် အလုံခြုံဆုံးသက်ဝင်လှုပ်ရှားမှုရှိအောင် ဆောင်ရွက်ရန်။
- လုံခြုံရေးကင်းများကို လိုအပ်သလို တိုးမြှင့်ချထားရန်။
- ဘေးသင့်ပြည်သူလူထုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းတွင် လုံခြုံမှုပေးရန်။
- လုံခြုံရေးဆောင်ရွက်ရန်လိုအပ်မည့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိရန်။

### ဘေးကျရောက်ပြီး

- အခြားသောလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အကူအညီများကို ပံ့ပိုးကူညီရန်။
- အရေးပေါ်ကာလထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ပစ္စည်းများခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်းမရှိစေရန် လုံခြုံရေးများချထားရန်။
- ဘေးကျရောက်ရာဒေသသို့ လူစိမ်းများ ဝင်ထွက်သွားလာခြင်းကို အလေးထားစောင့်ကြည့်ရန်။
- ခိုးဆိုးလုယက်မှု မဖြစ်ပွားစေရေး စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။
- လုံခြုံရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာ နယ်မြေခံတပ်ရင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ဘေးသင့်ပြည်သူများအား မိမိနေရာသို့ ပြန်လည်ပို့ဆောင်ရာတွင် လုံခြုံရေးသတိဖြင့်ဆောင်ရွက်သွားရန်။
- အစိုးရအဆောက်အဦများ၊ ရုံးများ စသည်တို့နှင့် အရေးကြီးစာရွက်စာတမ်းများ မပျောက်ပျက်စေရေးအတွက် လုံခြုံရေးအစီအမံများ ပြုလုပ်ရန်။
- ပံ့ပိုးကူညီရန် ရောက်ရှိလာသော နိုင်ငံတကာအဖွဲ့အစည်းမှ နိုင်ငံခြားသားများ၏ လုံခြုံရေးကို ကြီးကြပ်ရန်။

## မီးဘေး

### ဘေးမကျရောက်မီ

- ကျေးရွာအုပ်စုများတွင် အပေါ့စားမီးသတ်စက်၊ မီးသတ်ပိုက်များ၊ စီစဉ်ထားရှိရန်။
- မီးသုံးစွဲချိန်ကန့်သတ်ရန်နှင့် မီးသုံးစွဲမှု စနစ်တကျ ရှိ၊ မရှိ စစ်ဆေးရန်။

- ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် မီးသတ်ပစ္စည်းများနှင့် မီးကို စနစ်တကျသုံးစွဲရန် အသိပညာပေးရန်။
- မီးဘေးကျရောက်ပါက အသုံးပြုနိုင်မည့်ပစ္စည်းများ (မီးချိတ်၊ မီးကပ်၊ ရေပုံး အစရှိသည့်) ကို အဆင်သင့်ပြင်ဆင်ထားခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းများတွင် မီးသတ်ဆေးဘူးများ ထားရှိခြင်း ရှိ၊ မရှိကို ရှောင်တခင် စစ်ဆေးရာတွင် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**ဘေးကျရောက်စဉ်**

- အသင့်စုဖွဲ့ထားသည့် လုံခြုံရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များမှ အချိန်တိုအတွင်း စုစည်းနိုင်ရေးနှင့် ဘေးအန္တရာယ်ကျရောက်သည့်အရပ်သို့ အမြန်ဆုံးရောက်ရှိပြီး လုံခြုံရေးဆောက်ရွက်ရန်။
- ဘေးသင့်ပြည်သူလူထုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် လုံခြုံမှုပေးရန်။

**ဘေးကျရောက်ပြီး**

- မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးယာဉ်များ အဆင်ပြေစွာဝင်ထွက်သွားလာနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- မီးလောင်ပြင်ကို အင်အားတိုးမြှင့်ချထားပြီး လုံခြုံရေးဆောင်ရွက်ရန်။
- မီးလောင်ပြင်ကိုရှင်းလင်းရာတွင် မီးဘေးသင့်ပြည်သူများ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုကို ခံယူ၍လုံခြုံရေးလုပ်ငန်းကော်မတီမှ ဆောင်ရွက်ရန်။
- လုံခြုံရေးစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ ဘေးကင်းမှုရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- ဘေးကျရောက်ပြီး မီးကြွင်းမီးကျန်များမှ မီးဘေးထပ်မံဖြစ်ပွားမှုမရှိစေရန် လုံခြုံရေးလုပ်ငန်းကော်မတီမှ ကြီးကြပ်ကွပ်ကဲရန်။

## ဆူနာမီဘေး

**ဘေးမကျရောက်မီ**

- ဘေးကျရောက်နိုင်သည့်ဒေသများကို ဖော်ထုတ်စာရင်းပြုစုထားပြီး လုံခြုံရေးအစီအမံများ ကြိုတင်ရေးဆွဲထားရန်။
- လုံခြုံရေးအတွက် လိုအပ်မည့်အင်အားများကို ကြိုတင်စုဖွဲ့လေ့ကျင့်ထားရန်။
- လုံခြုံရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိရန်။
- အခြားသော လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန် ကော်မတီအချင်းချင်း ကြိုတင်ချိတ်ဆက်ထားရန်။
- လုံခြုံရေးအစီအမံများ ကြိုတင်ရေးဆွဲရန်နှင့် လုံခြုံရေးကင်းများကို စနစ်တကျ ဖွဲ့စည်းထားရန်။
- လုံခြုံရေးဆောင်ရွက်ရန်လိုအပ်မည့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိရန်။

**ဘေးကျရောက်စဉ်**

- သတ်မှတ်ထားသော ကွပ်ကဲမှုလမ်းကြောင်း အဆင့်ဆင့်မှတစ်ဆင့် အထက်နှင့်အောက်ချိတ်ဆက်၍ အချိန်နှင့်တပြေးညီ ဆက်သွယ်သတင်းပို့ရန်။
- အသင့်စုဖွဲ့ထားသည့် လုံခြုံရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များမှ အချိန်တိုအတွင်း စုစည်းနိုင်ရေးနှင့် ဘေးအန္တရာယ်ကျရောက်သည့်အရပ်သို့ ရောက်ရှိပြီး အမြန်ဆုံးလုံခြုံရေး ဆောက်ရွက်ရန်။
- လုံခြုံရေးကင်းများကို လိုအပ်သလို တိုးမြှင့်ချထားရန်။

| |
|---|
| • ဘေးသင့်ပြည်သူလူထုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် လုံခြုံမှုပေးရန်။<br>• လုံခြုံရေးဆောင်ရွက်ရန် လိုအပ်မည့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိရန်။ |
| **ဘေးကျရောက်ပြီး** |
| • အခြားသောလုပ်ငန်းကော်မတီများ တောင်းခံလာသော အကူအညီများကို ပံ့ပိုးကူညီရန်။<br>• အရေးပေါ်ကာလ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ပစ္စည်းများခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်းမရှိစေရန် လုံခြုံရေးများချထားရန်။<br>• မီးဘေးကျရောက်ရာဒေသသို့ လူစိမ်းများ ဝင်ထွက်သွားလာခြင်းကို အလေးထားစောင့်ကြည့်ရန်။<br>• ခိုးဆိုးလုယက်မှု မဖြစ်ပွားစေရေး စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။<br>• ဘေးသင့်ပြည်သူများအားမိမိနေရာသို့ပြန်လည်ပို့ဆောင်ရာတွင် လုံခြုံရေးသတိဖြင့်ဆောင်ရွက် သွားရန်။<br>• အစိုးရအဆောက်အဦများ၊ ရုံးများ စသည်တို့နှင့် အရေးကြီးစာရွက်စာတမ်းများ မပျောက်ပျက်စေရေးအတွက် လုံခြုံရေးအစီအမံများ ပြုလုပ်ရန်။<br>• ပံ့ပိုးကူညီရန် ရောက်ရှိလာသော နိုင်ငံတကာအဖွဲ့အစည်းမှ နိုင်ငံခြားသားများ၏ လုံခြုံရေးကို ကြီးကြပ်ရန်။ |

## ၈။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ

### မုန်တိုင်း၊ ဒီရေနှင့် ဆိုင်ကလုန်းဘေး

| **ဘေးမကျရောက်မီ** |
|---|
| • အိမ်ထောင်စုနှင့် လူဦးရေစာရင်းများ၊ ထိခိုက်လွယ်သော စက်ရုံအလုပ်ရုံ၊ လမ်းတံတားနှင့် အရေးကြီးအဆောက်အဦစသည့် အခြေခံအဆောက်အဦများ၏ စာရင်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီ (ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး လုပ်ငန်းကော်မတီ)မှ ရယူထားရန်။<br>• လယ်ယာသုံးတိရစ္ဆာန်များစာရင်းကို သက်ဆိုင်ရာလုပ်ငန်းကော်မတီ (ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီ) မှ ရယူထားရန်။<br>• ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် ရေလွှမ်းမိုးခြင်း ခံရနိုင်သည့်ဒေသများတွင် တာတမံများတည်ဆောက်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများထိန်းသိမ်းခြင်းနှင့် ကြီးထွားမြန်သစ်ပင်များစိုက်ပျိုးခြင်း၊ ဘေးမကျရောက်မီ ဘေးဒဏ်ကျရောက်လွယ်သောဒေသများကို ဘေးအမျိုးအစားအလိုက် ဖော်ထုတ်ထားပြီး ခိုလှုံရာနေရာများဖြစ်သည့် သက်ကယ်ကုန်းမြင့်များ၊ ခိုလှုံရာအဆောက်အအုံများ (Cyclone Shelter) ရှာဖွေဖော်ထုတ် စာရင်းပြုစုထားရှိရန်။<br>• ပြည်တွင်းပြည်ပမှ အစိုးမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ထားရန်။<br>• ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းကော်မတီနှင့် ကြိုတင်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်။<br>• တည်နေရာအတည်တကျမရှိသော ရွှေ့ပြောင်းအိမ်ထောင်စု၊ လူဦးရေစာရင်းများနှင့် ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်စာရင်း ကောက်ယူထားရန်။ |
| **ဘေးကျရောက်စဉ်** |
| • အခြားသောလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ လိုအပ်သလို ပံ့ပိုးကူညီသွားရန်။<br>• ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်ရန် ပံ့ပိုးပေးနိုင်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ကြိုတင်ချိတ်ဆက် အကူအညီရယူရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီမှ ရရှိလာသော ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ် မူတည်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်ရန်။ |
| • သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အဆောက်အအုံများ၊ နေအိမ်များကို သင့်လျော်သည့်နေရာတွင် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအဖြစ် ပြန်လည်တည်ဆောက်ရန်။ |
| • ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် အမှန်တကယ်လုပ်ကိုင်နိုင်မည့် လိုအပ်သော စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန် ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ကြိုးကြပ်ဆောင်ရွက်ရန်။ |
| • ပြန်လည်ထူထောင်ပေးခြင်းနှင့် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • အထက်ဌာနများ၏ လမ်းညွှန်ခွင့်ပြုချက်အရ အသစ်ပြန်လည်တည်ဆောက်လျက်ရှိသော ကျေးရွာများ/အိမ်ခြေများအား ကြီးကြပ်ကွပ်ကဲရန်။ |
| • ပြုပြင်တည်ဆောက်သင့်သည့် အများဆိုင်အဆောက်အအုံများ (ဥပမာ– စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေးအဆောက်အအုံများ)နှင့် ဆက်သွယ်ရေးစနစ် ပုံမှန်လည်ပတ်နိုင်ရန် ဦးစားပေးပြန်လည် တည်ဆောက်ပေးရန်။ |
| • အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ဘေးသင့်ပြည်သူများ၏ နယ်မြေအငြင်းပွားမှုများကို အထက်မှလမ်းညွှန်မှုဖြင့် ပြေလည်မှုရရှိနိုင်ရန် ဖြေရှင်းဆောင်ရွက်ပေးရန်။ |
| • ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်မှုကို ဦးစားပေးဆောင်ရွက်ရန်။ |
| • သဘာဝဘေးအန္တရာယ်ကြောင့် ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသူကျောင်းသားများ အရှိန်မပျက် ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်။ |
| • ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြေပိုင်ရှင်များနှင့် ညှိနှိုင်းမှုရယူပြီး နိုင်ငံတော်မှချမှတ်ထားသော လမ်းညွှန်မှုနှင့်အညီ မြေယာကဏ္ဍစီမံခန့်ခွဲမှုခြင်းအားဖြင့် ဘေးကင်းရာဒေသများ ဖော်ထုတ်ရန်။ |
| • ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေးနှင့် သဘာဝဘေးဒဏ်ခံနိုင်စွမ်း အစီအမံများ ထည့်သွင်းရာတွင် ကြီးကြပ်ပေးရန်။ |
| • ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆောက်အအုံကြံ့ခိုင်ရေးကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ စည်းမျဉ်း (Myanmar National Building Code) များနှင့်အညီ ဆောက်လုပ်နိုင်စေရန်အတွက် လမ်းညွှန်ကြီးကြပ်ပေးရန်။ |
| • ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး အစီအမံများ ထည့်သွင်းစဉ်းစားရန်။ |
| • ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ စိတ်ဓာတ် မြှင့်တင်ရေးသင်တန်းနှင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးသင်တန်းများ ပေးရန်။ |
| • ပြန်လည်အစားထိုးစိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစပါး၊ ပျိုးပင်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား တောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရန်နှင့် ပျက်စီးသွားသည့် သီးနှံပြန်လည် အစားထိုးစိုက်ပျိုးရေး စီမံချက်ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန်။ |
| • ပင်လယ်ရေငန်ဝင်သည့် စိုက်ခင်းများအား မြေယာပြန်လည်ပြုပြင်ခြင်းများ လုပ်ဆောင်ပေးရန်။ |
| • ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် အရည်အသွေးထိန်းသိမ်းခြင်း (Quality Control) ကို အလေးပေးဆောင်ရွက်ရန်။ |
| • သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကာလကို ထိုက်သင့်သော အချိန်ကာလတစ်ခု သတ်မှတ်ပေးရန်။ |

## မီးဘေး

| ဘေးမကျရောက်မီ |
|---|
| • မိမိမြို့နယ်အတွင်းရှိ မီးဘေးဖြစ်ပေါ်ပါက ပျက်စီးဆုံးရှုံးမှုများနိုင်သော (စက်ရုံ၊ အလုပ်ရုံ) များ၊ မီးလျင်မြန်စွာကူးစက်နိုင်သောနေရာများ (ဓာတ်ဆီ၊ ဒီဇယ်သိုလှောင်ထားသော လုပ်ငန်းများ)၊ လူနေအိမ်ခြေထူထပ်သော နေရာများစာရင်းကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီထံမှ ရယူထားရန်။<br>• မီးဘေးကျရောက်ပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လိုအပ်သော ပံ့ပိုးကူညီမှုရရှိနိုင်သည့် လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ကြိုတင်စာရင်းပြုစုထားရန်။<br>• မီးဘေးသင့်သူများ ယာယီခိုလှုံရန် နေရာများ ဖော်ထုတ်ထားရန်။ |
| **ဘေးကျရောက်စဉ်** |
| • မီးဘေးသင့်ပြည်သူများ၊ အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ပြည်သူများ၏စာရင်းကို ရနိုင်သမျှစုစည်း၍ (ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးလုပ်ငန်းကော်မတီ)မှ ရယူကာ သက်ဆိုင်ရာ အထက်သို့ တင်ပြပြီးပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရန်။<br>• အခြားသော လုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ လိုသလို ပံ့ပိုးကူညီသွားရန်။<br>• ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ရရှိနိုင်ရန် ပစ္စည်းဝယ်ယူရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • အိုးအိမ်မဲ့ဖြစ်သွားသော ဒုက္ခသည်များ၏ နယ်မြေအငြင်းပွားမှုများကို ဦးဆောင်ကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူ၍ ဖြေရှင်းဆောင်ရွက်ခြင်း။<br>• ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။<br>• ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်မှုကို ဦးစားပေးဆောင်ရွက်ရန်။<br>• သဘာဝဘေးအန္တရာယ်ကြောင့် ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသူကျောင်းသားများ အရှိန်အဟုန်မပျက် ပညာရေးဆက်လက်သင်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်။<br>• ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပိုင်ရှင်များနှင့် ညှိနှိုင်းမှုရယူပြီး နိုင်ငံတော်မှချမှတ်ထားသော လမ်းညွှန်မှုနှင့်အညီ မြေယာကဏ္ဍ စီမံခန့်ခွဲခြင်းအားဖြင့် ဘေးကင်းရာဒေသများဖော်ထုတ်ရန်။<br>• မီးဘေးသင့်ပြည်သူများ ဆုံးရှုံးသွားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်လည်ပတ် လုပ်ကိုင်နိုင်ရန်ထူထောင်ပေးရန်။<br>• ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး သင်တန်းများပေးရန်။<br>• အခိုအကာအဆောက်အဦများ နေအိမ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းစနစ်များ ထည့်သွင်းတည်ဆောက်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲရန်။<br>• ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် အရည်အသွေးထိန်းသိမ်းမှု (Quality Control) ကို အလေးပေးဆောင်ရွက်ရန်။ |

## ဆူနာမီဘေး

| ဘေးမကျရောက်မီ |
|---|
| • ဆူနာမီဘေးကျရောက်နိုင်ခြေများသော ဒေသရှိအိမ်ထောင်စုနှင့် လူဦးရေစာရင်းများ၊ ထိခိုက်လွယ်သော စက်ရုံ အလုပ်ရုံ၊ လမ်းတံတားနှင့် အရေးကြီးအဆောက်အဦစသည့် အခြေခံအဆောက်အဦများ၏ စာရင်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီ (ပျက်စီးဆုံးရှုံးမှုအတည်ပြု ရေးလုပ်ငန်းကော်မတီ)မှ ရယူထားရန်။ |
| • အလွယ်တကူရှောင်တိမ်းရန် မဖြစ်နိုင်သောဒေသတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့် အသက်ကယ်ကုန်း များ ဆောက်လုပ်ထားရန်။ |
| • ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများထိန်းသိမ်းခြင်းနှင့် ကြီးထွားမြန်သစ်ပင်များ စိုက်ပျိုးခြင်းများဆောင် ရွက်ထားရှိရန်။ |
| • ဆူနာမီဘေး ကျရောက်နိုင်ခြေများသော ဒေသများအတွက် ခိုလှုံရာနေရာများဖြစ်သည့် သက်ကယ်ကုန်းမြင့်များ၊ ခို လှုံရာအဆောက်အအုံများ (Cyclone Shelter) ရှာဖွေဖော်ထုတ် စာရင်းပြုစုထားရှိခြင်း။ |
| • ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင် ရွက်ထားရန်။ |
| • ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းကော်မတီနှင့် ကြိုတင်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်။ |
| • တည်နေရာ အတည်တကျမရှိသော ရွှေ့ပြောင်းအိမ်ထောင်စု၊ လူဦးရေစာရင်းများနှင့် ၎င်းတို့၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့်ချိတ်ဆက်ကာ စာရင်းကောက်ယူထားရန်။ |
| **ဘေးကျရောက်စဉ်** |
| • အခြားသောလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ လိုအပ်သလို ပံ့ပိုးကူညီသွားရန်။ |
| • ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်ရန် ပံ့ပိုးပေးနိုင်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ကြိုတင်ချိတ်ဆက် အကူအညီရယူရန်။ |
| **ဘေးကျရောက်ပြီး** |
| • ပျက်စီးဆုံးရှုံးသွားသော အိမ်၊ လယ်ယာ၊ (ကျွဲ၊ နွားစသည့်) လယ်ယာသုံးတိရစ္ဆာန်များ၊ အခြေခံ အဆောက်အဦ များစသည့် လူမှုစီးပွားထိခိုက်မှုစာရင်းများကို ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး လုပ်ငန်းကော်မတီမှရယူရန်။ |
| • ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး လုပ်ငန်းကော်မတီမှရရှိလာသော ပျက်စီးဆုံးရှုံးမှု အခြေအနေပေါ်မူတည်၍ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစီမံချက်ချမှတ် ဆောင်ရွက်ရန်။ |
| • သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အဆောက်အအုံများ၊ နေအိမ်များကို သင့်လျော်သည့်နေရာတွင် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအဖြစ် ပြန်လည်တည်ဆောက်ရန်။ |
| • ဘေးသင့်သူများအတွက်လိုအပ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးရန်။ |
| • ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရန် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • အထက်ဌာနများ၏ လမ်းညွှန်ခွင့်ပြုချက်အရ အသစ်ပြန်လည်တည်ဆောက်လျက်ရှိသော ကျေးရွာများ/အိမ်ခြေများ အား ကြီးကြပ်ကွပ်ကဲရန်။ |
| • ပြုပြင်တည်ဆောက်သင့်သည့် အများဆိုင်အဆောက်အအုံများ (ဥပမာ– စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေး အဆောက်အအုံများ)နှင့် ဆက်သွယ်ရေးစနစ် ပုံမှန်လည်ပတ်နိုင်ရန် ဦးစားပေး ပြန်လည်တည်ဆောက်ပေးရန်။ |
| • အိုးအိမ်မဲ့ဖြစ်သွားသော ဘေးသင့်ပြည်သူများ၏ နယ်မြေအငြင်းပွားမှုများကို အထက်မှ လမ်းညွှန်မှုဖြင့်တာဝန်ခံ၍ ဖြေရှင်းဆောင်ရွက်ရန်။ |

- ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်မှုကို ဦးစားပေးဆောင်ရွက်ရန်။
- ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေးနှင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေး သဘာဝဘေးဒဏ်ခံနိုင်စွမ်းအစီအမံများ ထည့်သွင်းရာတွင် ကြီးကြပ်ပေးရန်။
- ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆောက်အအုံကြံ့ခိုင်ရေးကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာစည်းမျဉ်း (Myanmar National Building Code) များနှင့် အညီဆောက်လုပ်နိုင်စေရန် ကြီးကြပ်ဆောင်ရွက်ပေးရန်။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေလျှော့ချရေးအစီအမံများ ထည့်သွင်းစဉ်းစားရန်။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး သင်တန်းများပေးရန်။
- ပြန်လည်အစားထိုးစိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစပါး၊ ပျိုးပင်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအားတောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရန်နှင့် ပျက်စီးသွားသည့်သီးနှံ ပြန်လည်အစားထိုးစိုက်ပျိုးရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်။
- ပင်လယ်ရေငန်ဝင်သည့် စိုက်ခင်းများအား မြေယာပြန်လည်ပြုပြင်ခြင်းများ လုပ်ဆောင်ပေးရန်။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် အရည်အသွေးထိန်းသိမ်းမှု (Quality Control) ကို အလေးပေးဆောင်ရွက်ရန်။
- ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းပြုစုကာ ဦးဆောင်ကော်မတီသို့ တင်ပြပြီး ပြန်လည်သုံးသပ်ချက်များရယူရန်။

## ၉။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းကော်မတီ (ဘေးအန္တရာယ်အမျိုးအစား ခွဲခြားထားခြင်းမရှိပါ)

| ဘေးမကျရောက်မီ |
|---|
| • ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းကော်မတီ ကြိုတင်ဖွဲ့စည်းထားရှိရန်။<br>• ရန်ပုံငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ထားရှိရန်။<br>• ပစ္စည်းဝယ်ယူထားရှိမှု၊ ထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ လွှဲပြောင်းပေးအပ်မှုနှင့် လက်ကျန်စာရင်းများအတွက် စာရင်းဇယားများ၊ ပစ္စည်းထုတ်ပေးမှုပုံစံများ သတ်မှတ်ထားရှိရန်။<br>• ရန်ပုံငွေရရှိမည့်နည်းလမ်းများကို ရှာဖွေ၍ စနစ်တကျ စုဆောင်းထားရန်။<br>• ထောက်ပံ့ရေးပစ္စည်းများ ရရှိ/ဝယ်ယူနိုင်မည့် အရင်းအမြစ်များကို ကြိုတင်ရှာဖွေထားရန်။<br>• သဘာဝဘေးကျရောက်မည့် သတင်းရရှိသည့်အချိန်မှစ၍ အမှန်တကယ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို အနည်းဆုံးကုန်ကျမည့် ဈေးနှုန်းဖြင့် ရံပုံငွေတောင်းခံဝယ်ယူစုဆောင်းထားရန်။<br>• ထောက်ပံ့ရေးပစ္စည်းများခွဲဝေရာတွင် ပျက်စီးဆုံးရှုံးမှုအလိုက် အဆင့်များ ကြိုတင်သတ်မှတ်ထားရန်။<br>• သဘာဝဘေးအန္တရာယ် မကျရောက်မီ လိုအပ်သည့်အစားအစာ၊ ရေ၊ ရိက္ခာများ၊ ကယ်ဆယ်ရေးသုံးပစ္စည်းများကို ကြိုတင်အသင့် ဝယ်ယူစုဆောင်းထားရှိရန်။ |

**ဘေးကျရောက်စဉ်**

- မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ဘဏ္ဍာငွေရရှိရေး စီမံဆောင်ရွက်ရာမှ ရရှိလာသောရန်ပုံငွေများကို ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်။
- သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သောပစ္စည်းများအား သက်ဆိုင်သည့်လုပ်ငန်းကော်မတီများသို့ စာရင်းဇယားများဖြင့် စနစ်တကျ လွှဲပြောင်းပေးရန်။
- သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရမည့်အပြင် ဘဏ္ဍာရေးငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်၍ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ အချိန်နှင့်တပြေးညီ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ရန်။
- မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန်။

**ဘေးကျရောက်ပြီး**

- ရရှိလာသောရန်ပုံငွေများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန် လျာထားသုံးစွဲရန်။
- အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြ၍လမ်းညွှန်မှုအရ ငွေစာရင်းဖွင့်ဆောင်ရွက်ရန်။
- တင်ပြထားသော ရန်ပုံငွေများကို ချက်ခြင်းသုံးစွဲနိုင်ရေး ဆောင်ရွက်ရန်။
- ထပ်မံလိုအပ်သော ရန်ပုံငွေများကို ထပ်မံတောင်းခံသွားရန်။
- ရန်ပုံငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် ကြပ်မတ်ကွပ်ကဲသွားရန်။
- မြို့နယ်စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျရှိစေရေး ဆောင်ရွက်ရန်။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရရှိပြီးသော အသုံးစရိတ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ အမြန်ထုတ်ပေးနိုင်ရေးအတွက် ဦးဆောင်ကော်မတီသို့ တင်ပြဆောင်ရွက်ရန်။
- သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရာတွင် လုပ်ငန်း၏အရေးပါမှုအလိုက် အလိုအပ်ဆုံးပစ္စည်းများကို ဦးစားပေးဝယ်ယူရေးဆောင်ရွက်ရန်။
- ဝယ်ယူသည့်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ အမျိုးအစားကောင်းမွန်ရေး၊ ဈေးနှုန်းမှန်ကန်ရေး စသည်တို့ကို ကြီးကြပ်ကွပ်ကဲရန်။
- ဝယ်ယူသည့်ပစ္စည်းများနှင့် သက်ဆိုင်သောဆိုင်ပိုင်ရှင်များမှ တင်ပြလာသောဈေးနှုန်းများအား စီမံခန့်ခွဲမှုကော်မတီမှ အစည်းအဝေးပြုလုပ်ပြီး ဈေးနှုန်းစိစစ်မှုများပြုလုပ်၍ စနစ်တကျ ဆောင်ရွက်ရန်။
- ပစ္စည်းများဝယ်ယူသည့်အခါ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှတာဝန်ပေးအပ်သော အဖွဲ့ဝင်ငါးဦးဖြင့် ဝယ်ယူရေး ဆောင်ရွက်ရန်။

| |
|---|
| • လှူဒါန်းရရှိမှုနှင့် သုံးစွဲမှုစာရင်းများအား ခရိုင်သို့ အချိန်နှင့်တပြေးညီတင်ပြရန်။<br>• မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဘဏ္ဍာငွေရရှိရေး စီမံဆောင်ရွက်ရန်။<br>• အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အကူအညီများကို လိုအပ်သလို ပံ့ပိုးမှုများပေးရန်။<br>• မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထပ်မံဖြည့်တင်းရန်လိုအပ်သည်ဟု ဆုံးဖြတ်သော အရေးပေါ် သောက်ရေ၊ ရိက္ခာ၊ ဆေးဝါးစသည်တို့ကို ဝယ်ယူရေးအတွက် ဆောင်ရွက်ရန်။<br>• ပစ္စည်းဝယ်ယူမှု၊ ထုတ်ယူသုံးစွဲမှု အစရှိသောစာရင်းများကို စနစ်တကျမှတ်တမ်းပြုစုရန်နှင့် စီမံခန့်ခွဲမှုကော်မတီသို့ အစီရင်ခံစာတင်ပြီး လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်။ |

၁၀။ **လေ့ကျင့်ရေးနှင့် စာရင်းပြုစုရေးလုပ်ငန်းကော်မတီ** (ဘေးအန္တရာယ်အမျိုးအစား ခွဲခြားထားခြင်းမရှိပါ)

| **ဘေးမကျရောက်မီ** |
|---|
| • မိုးလေဝသနှင့်ပတ်သက်သော သတင်းအချက်အလတ်များကို လေ့ကျင့်သင်ကြားပေးရန်။<br>• သဘာဝဘေးအန္တရာယ်နှင့်ဆိုင်သော ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးရန် (ဘေးကျရောက်နိုင်သော နေရာများအား မြေပုံရေးဆွဲခြင်း စသည်များ)<br>• မီးသတ်ခြင်းလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးရန်။<br>• ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးရန်။<br>• သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ရေးဆွဲနည်းများကို လေ့ကျင့်သင်ကြားပေးရန်။<br>• ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ပုံ၊ နည်းစနစ်များကို လေ့ကျင့်သင်ကြားပေးရန်။<br>• မြို့နယ်အတွင်းဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်တို့ကို နှစ်အလိုက် စာရင်းပြုစုထားရှိရန်။<br>• ယခင်ဖြစ်ခဲ့ဖူးသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခဲ့ဖူးသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ရမည့်သူများကို စာရင်းပြုစုထားရန်။<br>• ဘေးလွတ်ဒေသများအား မှတ်တမ်းထားရှိရန်။<br>• သဘာဝဘေးဖြစ်ပွားပါက အသုံးပြုနိုင်ရန် မြို့နယ်အတွင်းရှိ မော်တော်ယာဉ်၊ စက်တပ်ယာဉ်၊ အရေးပေါ်ကယ်ဆယ်ရေးယာဉ်များနှင့် ဆန်စက်၊ စက်သုံးဆီဆိုင်၊ ကုန်စုံဆိုင်၊ သောက်ရေကန်၊ ကျောင်း၊ ဆေးရုံ၊ ဆေးဆိုင်၊ ဂိုထောင် စသည့် အရေးအတွက်တို့ကို မှတ်တမ်းပြုစုထားရှိရန်။<br>• ဘေးအန္တရာယ်ဆိုင်ရာအချက်အလက်များ၊ ဖြစ်ပေါ်မှုလမ်းကြောင်းပုံစံ၊ ဖြစ်ပွားမှု၊ ဖြစ်စဉ်နှင့် ထိခိုက်ဆုံးရှုံးခဲ့မှုများကို မှတ်တမ်းပြုစုထားရန်။<br>• ဘေးအန္တရာယ်ဆိုင်ရာ ဥပဒေများအား အများပြည်သူများသိရှိစေရေးနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။ |
| **ဘေးကျရောက်စဉ်** |
| • ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုခံယူ၍ အခြားလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ပံ့ပိုး ဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • နိုင်ငံတကာမှ ဘေးအန္တရာယ်မှတ်တမ်းများအပေါ်မှီငြမ်း၍ စာရင်းနှင့် လုပ်ထုံးလုပ်နည်းများ ပြုစုထားရှိပြီး နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်များ ရေးဆွဲထားရန်။<br>• ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ၊ ဖြစ်ပေါ်မှုလမ်းကြောင်းပုံစံ၊ ဖြစ်ပွားမှု၊ ဖြစ်စဉ်နှင့် ထိခိုက်ဆုံးရှုံးခဲ့မှုများကို မှတ်တမ်းပြုစုထားရန်။ |

# အခန်း [ ၆ ]
# လုပ်ငန်းစီမံချက်ကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း

## ၆-၁။ စီမံချက် အကောင်အထည်ဖော်ဆောင်နိုင်မှုကို စောင့်ကြည့်စစ်ဆေးခြင်း။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ထိရောက်စွာလုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိကို ပြန်လည်ဆန်းစစ်ရန်နှင့် စောင့်ကြည့်စစ်ဆေးရန်အတွက် တိုင်းတာမည့် အစီအမံများ (အညွှန်းကိန်း)များကို အောက်တွင် ဖော်ပြထားပါသည်။ မြို့နယ်အဆင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်သည် လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို အောက်ဖော်ပြပါ အညွှန်းကိန်းများဖြင့် တိုင်းတာနိုင်ပါသည်။

| ကော်မတီနှင့်လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|
| မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ | • လုပ်ငန်းကော်မတီများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်သည့် အကြိမ်အရေအတွက်(၁လ-၁ကြိမ် ပုံမှန်အချိန်) အရေးပေါ်အချိန်တွင် လိုအပ်သလို အစည်းအဝေးခေါ်ယူရန်။<br>• မြို့နယ်တွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်း-ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်သည့် အကြိမ်အရေအတွက်။<br>• စီမံခန့်ခွဲမှုကော်မတီဝင်များအား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းပေးနိုင်သည့်ဦးရေ။<br>• ရပ်ရွာလူထုအားသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းနှင့် ရပ်ရွာလူထုအခြေပြု သဘာဝဘေးလျော့ပါးရေး သင်တန်းပို့ချပေးနိုင်သည့် အကြိမ်အရေအတွက်။<br>• မြို့နယ်တွင်း သဘာဝဘေးလျော့ပါးရေး ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်သည့် အကြိမ်အရေအတွက်။<br>• မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်၍ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းတွင်း သဘာဝဘေးလျော့ပါးရေး (School Based DRR) ပြုလုပ်သည့် အကြိမ်အရေအတွက်။<br>• ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝဘေး လျော့ပါးရေးကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်း ရှိ၊ မရှိ။<br>• ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်သော ကျေးရွာအုပ်စုနှင့်ကျေးရွာများ၏ အရေအတွက်။ |

| ကော်မတီနှင့်လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|
| ရှာဖွေနှင့်ကယ်ဆယ်ရေး လုပ်ငန်းကော်မတီ | • ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းပို့ချသည့် အကြိမ်အရေအတွက်၊<br>• ရှာဖွေရေးနှင့်ကယ်ဆယ်ရေးမှ ဘေးလျော့ပါးရေး ဟောပြောပွဲများ ပြုလုပ်သည့်အကြိမ် အရေအတွက်၊<br>• ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်များ (Life Jacket စသည်) ၏ စာရင်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက် စာရင်းပြုစုသည့် အကြိမ်အရေအတွက် |
| အရေးပေါ်ကာလထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေး လုပ်ငန်းကော်မတီ | • အရေးပေါ်ကာလသုံးမည့် ထောက်ပံ့ရေးပစ္စည်းများ၏ စာရင်းများကို သက်ဆိုင်ရာ (ကြက်ခြေနီ၊ ကယ်ဆယ်ရေး) ဌာနများနှင့် ချိတ်ဆက်ပြီး အနည်းဆုံး တစ်လတစ်ကြိမ် စာရင်းပြုစုမှု ရှိ၊ မရှိ။<br>• အရေးပေါ်ကာလ အမိုးအကာထူထောင်ရေးအတွက် ခိုလှုံရာနေရာများ၊ Emergency Camp တည်ဆောက်နိုင်သော မြေနေရာများ၊ ကုန်းမြင့်များအား ရှာဖွေဖော်ထုတ် စာရင်းပြုစုပြီး စီမံခန့်ခွဲမှုဖွဲ့သို့ တင်ပြနိုင်ခြင်း ရှိ၊ မရှိ။<br>• အရေးပေါ်ကာလ ထောက်ပံ့ရေးပစ္စည်း ဖြန့်ဝေပုံစံနစ် အသုံးပြုပုံကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ရှင်းလင်းတင်ပြခြင်းနှင့် လက်ရှိပြောင်းလဲလာသော လုပ်ထုံးလုပ်နည်းနှင့် မူဝါဒလိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲခြင်း ရှိ၊ မရှိ။ |
| ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး လုပ်ငန်းကော်မတီ | • လူဦးရေ (ကျား၊ မ၊ ကလေး၊ သက်ကြီး၊ မသန်စွမ်း)၊ ဘာသာရေးပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အဦ၊ စိုက်ပျိုးရေး၊ မွေးမြူရေး (ကျွဲ၊ နွား) စသည့် စာရင်းများကို ၃-လတစ်ကြိမ် ကောက်ယူခြင်း ရှိ၊ မရှိ။<br>• စာရင်းကောက်ယူရေး သင်တန်းပေးသည့် အကြိမ်အရေအတွက်။<br>• စာရင်းကောက်ယူထားရှိမှု ပုံစံအား ပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ရေးဆွဲခြင်း ရှိ၊ မရှိ။ |
| ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ | • ဘေးဖြစ်ပြီးနောက် နောက်ဆက်တွဲ ဖြစ်နိုင်ခြေရှိသော ကူးစက်ရောဂါများနှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များကို ရပ်ရွာလူထုအား အသိပေးဟောပြောသည့် အကြိမ်အရေအတွက်၊<br>• ကျေးရွာနှင့် ကျေးရွာအုပ်စု ကျန်းမာရေးကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးသော သင်တန်းပေးသည့် အကြိမ်အရေအတွက်၊ ကျန်းမာရေး ပညာပေးဟောပြောပွဲများ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်မှု အကြိမ်အရေအတွက်။<br>• ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်းပေးခြင်း ပြုလုပ်သည့် အကြိမ်အရေအတွက်။<br>• ဘေးကျရောက်ပြီး ဘေးသင့်ပြည်သူများအား စိတ်ဓာတ်မြှင့်တင်ရေး (Psycho-Social Support) ပြုလုပ်သည့် အကြိမ်အရေအတွက်။ |
| ပို့ဆောင်ရေးနှင့်လမ်းကြောင်း ရှင်းလင်းရေးလုပ်ငန်းကော်မတီ | • ပင်မလမ်းတံတားများ၊ ကျေးရွာချဉ်းကပ်လမ်းများ၏ စာရင်းနှင့် အရေးပေါ်ကာလအသုံးပြုရန် လမ်းကြောင်းများကို ၃-လတစ်ကြိမ် မှတ်တမ်းတင်ပြုစုထားခြင်း ရှိ၊မရှိ။<br>• မြို့နယ်အတွင်းရှိ ကျေးရွာအလိုက် ရေယာဉ်များချဉ်းကပ်နိုင်သော ဆိပ်ခံတံတားများကို မှတ်တမ်းပြုစုရန်နှင့် ပျက်စီးမှု ရှိ၊ မရှိ စစ်ဆေးပြီး ဦးဆောင်အဖွဲ့သို့ တင်ပြခြင်း ရှိ၊ မရှိ။ |

| ကော်မတီနှင့်လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|
| | • ခိုလှုံရာနေရာသို့သွားသည့် လမ်းကြောင်းတစ်လျှောက်တွင် ရှိနိုင်သည့် အဟန့်အတားများ (ဥပမာ-တံတားများ ကျိုးပျက်နေခြင်း)နှင့် ခိုလှုံရမည့် အဆောက်အဦခိုင်ခန့်မှု ရှိ၊ မရှိကို လိုက်လံစစ်ဆေးပြီး စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသည့် အကြိမ်အရေအတွက်။ |
| သတင်း၊ ပြန်ကြားရေးနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ | • ကျေးရွာများတွင် သဘာဝဘေးလျော့ပါးရေး အသိပညာပေးရုပ်ရှင်နှင့် ဗီဒီယိုပြသသည့် အကြိမ်အရေအတွက်။<br>• မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စုရှိ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ၃-လတစ်ကြိမ် ပုံမှန်စာရင်းကောက်ယူထားရှိမှု အကြိမ်အရေအတွက်။<br>• ကျေးရွာစာကြည့်တိုက်၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်း အစရှိသည့် လူစည်ကားရာနေရာများတွင် သဘာဝဘေးလျော့ပါးရေး လက်ကမ်းစာစောင်များ ပိုစတာများဖြန့်ဝေခြင်း၊ ကြော်ငြာသင်ပုန်းတွင် ကပ်ထားသော အရေအတွက်။<br>• သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်သည့် အကြိမ်အရေအတွက်။<br>• ရပ်ရွာလူထုအား လမ်းကြောင်းပြမြေပုံများ၊ ခိုလှုံရာနေရာပြမြေပုံများ ရေးဆွဲနိုင်ရန် အသိပညာ၊ နည်းပညာဖြန့်ဖြူးပေးခြင်း ရှိ၊ မရှိ။<br>• ဆက်သွယ်ရေးပစ္စည်းများ၊ လိုင်းနှုန်းများကို ကော်မတီဝင်များ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် သင်တန်းပို့ချပေးသည့် အကြိမ်အရေအတွက်။<br>• အရေးပေါ်ဆက်သွယ်စနစ် (မီးအချက်ပြ၊ အလံအချက်ပြ)များကို နားလည်အသုံးပြုသည့် ကျေးရွာအရေအတွက်။<br>• မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆက်သွယ်ရမည့် ဖုန်းများကို ပုံမှန်မှတ်တမ်းပြုစုသည့် ပြုလုပ်သည့် အကြိမ်အရေအတွက် (အနည်းဆုံး ၃-လ တစ်ကြိမ်)<br>• ပြေးလမ်းကြောင်းပြမြေပုံများ၊ ခိုလှုံရာ(Shelter)စာရင်းနှင့် နေရာပြမြေပုံများရေးဆွဲထားသည့် ကျေးရွာအရေအတွက်။ |
| လုံခြုံရေး လုပ်ငန်းကော်မတီ | • လုံခြုံရေးဆိုင်ရာများကို ကြိုတင် ဖာတ်တိုက်လေ့ကျင့်မှု ရှိ၊ မရှိ။<br>• လုံခြုံရေးဝန်ထမ်းများနှင့် ကော်မတီဝင်များအတွက် လုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ ပို့ချပေးခြင်း ရှိ၊ မရှိ။<br>• လုံခြုံရေးဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရပ်ရွာလူထုသိရှိအောင် အသိပညာပေးခြင်း ရှိ၊ မရှိ။ |
| ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ | • ဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် ဘေးလျော့ပါးရေး (DRR measures)အတွက် ထည့်သွင်းစဉ်းစား တည်ဆောက်ထားခြင်း ရှိ၊ မရှိ။<br>• ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကဏ္ဍအလိုက် အရည်အသွေးစစ်ဆေးခြင်း ပြုလုပ်ခြင်း ရှိ၊ မရှိ။<br>• ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် မြေပိုင်ရှင်များနှင့် ညှိနှိုင်းမှုရယူပြီး နိုင်ငံတော်မှချမှတ်ထားသော လမ်းညွှန်မှုနှင့်အညီ မြေယာစီမံခန့်ခွဲမှု ရှိ၊ မရှိ။ |

| ကော်မတီနှင့်လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|
| ဘဏ္ဍာငွေရှာဖွေရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းကော်မတီ | • သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေရရှိရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်သူအားလုံး (All Stakeholders) များနှင့် အစည်းအဝေး ကျင်းပပြုလုပ်သည့် အကြိမ်အရေအတွက်။<br>• အစည်းအဝေးဆုံးဖြတ်ချက်အရ ကောက်ယူရရှိသော ရန်ပုံငွေများအား သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် ဦးစားပေးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိ၊ မရှိ။<br>• ရန်ပုံငွေသုံးစွဲမှုအား ဘဏ္ဍာရေးစည်းမျဉ်း ဥပဒေနှင့်အညီ သုံးစွဲခြင်း ရှိ၊ မရှိနှင့် ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း ရှိ၊ မရှိ။<br>• အရေးပေါ်ကာလထောက်ပံ့မည့် ပစ္စည်းများကို ဦးစာပေး အုပ်စုလိုက်ခွဲခြားထားခြင်းရှိ–မရှိ။ (ဆေးဝါး၊ သောက်ရေ၊ အစာခြောက် စသည်)<br>• လိုအပ်သည့် ပစ္စည်းများ၏ဈေးနှုန်းနှင့် ရရှိနိုင်သောနေရာ၊ ဆိုင်များကို အနည်းဆုံး (၃) လ တစ်ကြိမ် စာရင်းပြုစုထားခြင်း ရှိ၊ မရှိ။ |
| လေ့ကျင့်ရေးနှင့် စာရင်းပြုစုရေးလုပ်ငန်းကော်မတီ | • မြို့နယ်အတွင်း ကျရောက်နိုင်သော ဘေးအမျိုးအစားအလိုက် ဘေးကျရောက်နိုင်ခြေနှင့် ထိခိုက်လွယ်မှု မှတ်တမ်းများ ပြုလုပ်ထားခြင်း ရှိ၊ မရှိ။<br>• မြို့နယ်တွင်း ဘေးဖြစ်စဉ်သမိုင်းများနှင့် မှတ်တမ်းများကို ပြုစုထားရှိပြီး စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း ရှိ၊ မရှိ။<br>• မြို့နယ်တွင်း ပြည်တွင်း၊ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆက်သွယ်ရမည့်သူနှင့် ဖုန်းနံပါတ်များကို အနည်းဆုံး ၃–လ တစ်ကြိမ် စာရင်းပြုစုပြီးစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း ရှိ၊ မရှိ။ |

## ၆–၂။ စီမံချက် ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ထိရောက်စွာလုပ်ဆောင် နိုင်ခြင်း ရှိ၊ မရှိကို ပြန်လည်ဆန်းစစ်ရန်နှင့် ဖြည့်စွက်ပြင်ဆင်ရခြင်း၏ ရည်ရွယ်ချက်များမှာ–

(က) စီမံချက်ပါလုပ်ငန်းများဖြစ်သော ဘေးမကျရောက်မီ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ လက်တွေ့လုပ်ဆောင် နိုင်ရန်။

(ခ) ဘေးကျရောက်စဉ်အတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဂ) ဘေးကျရောက်ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ရန်။

(ဃ) မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်နိုင်ရန်။

(င) စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန်။

(စ) လူအင်အားအပါအဝင် အခြားသော အရင်းအမြစ်များ လုံလောက်မှု ရှိစေရန်။

(ဆ) ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးပွားလာစေရန်။

(ဇ) ပြောင်းလဲနေသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စည်းမျဉ်းများ၊ နည်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲမှုစသည်တို့ကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

ထိုသို့ပြန်လည်ဆန်းစစ်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခန်းမှ တွေ့ရှိလာသော အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ဆန်းစစ်ပြီး လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို လက်တွေ့နှင့်ကိုက်ညီမှုရှိအောင် အနည်းဆုံး (၂) နှစ်တစ်ကြိမ် ပြန်လည်ရေးဆွဲရန် လိုအပ်ပါသည်။

## ၆–၃။ နိဂုံး

လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ကို သဘာဝဘေးအန္တရာယ်မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီးဟူ၍ ရေးဆွဲထားပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အများစုမှာ ဘေးအမျိုးမျိုးတို့၏ အန္တရာယ်မှ ကျရောက်နိုင်သောကြောင့် စီမံချက်ကို မြို့နယ်တွင်း ကျရောက်နိုင်ခြေများသော ဘေးအမျိုးအစားအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရန်နည်းလမ်းများ ပါရှိပါသည်။

လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို အစိုးရဦးစီးဌာနအားလုံးနှင့် ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသောအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားခြင်း ဖြစ်သည်။

စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိစေရန် လက်တွေ့အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီးတို့နှင့် ရပ်ရွာလူထုအားလုံးပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်း၊ လုပ်ငန်းကော်မတီအလိုက် ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်း၊ ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစည်းမျဉ်း၊ နည်းဥပဒေများနှင့် မြို့နယ်တွင်း လိုအပ်ချက်များပေါ်မူတည်၍ ပိုမိုပြည့်စုံကောင်းမွန်သောစီမံချက်များကို ရေးဆွဲခြင်းဖြင့် လပွတ္တာမြို့နယ်နေ ပြည်သူများသည် သဘာဝဘေးအန္တရာယ်ဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိပြီး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခု ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

# အခန်း [ ၇ ]
# ကြိုတင်သတိပေးချက်စနစ် ထူထောင်ထားရှိမှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့်သတင်းနှင့် သတိပေးချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လည်းကောင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနချုပ်မှ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနသို့လည်းကောင်း ပေးပို့လျက်ရှိပါသည်။

တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရရှိသောသတင်းနှင့် သတိပေးချက်အားတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရန်အတွက် တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းအဆင့်မှ ခရိုင်အဆင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ ဖုန်းဖြင့်လည်းကောင်း၊ ဖက်(စ်)ဖြင့်လည်းကောင်း သတိပေးချက်ကို ဆက်လက်ဖြန့်ဝေလျက်ရှိပြီး ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့ပြီး သတိပေးချက်များကို မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ အမြန်ရောက်ရှိရေး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

## ကြိုတင်သတိပေးချက်စနစ် သင်္ကေတများ (Early Warning Signs) ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအတွက် တည်မြဲအမိန့်နောက်ဆက်တွဲ (၁) နှင့် နောက်ဆက်တွဲ (၂)အရ အလံအချက်ပြစနစ်နှင့် အရောင်စနစ်ကို နားလည်သဘောပေါက်ရန် အရေးကြီးကြောင်း ဖော်ပြထားပါသည်။

(က) အရောင်စနစ် (Color Codes) တွင် အရေးပေါ်အခြေအနေကို အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ အညိုရောင်နှင့် အစိမ်းရောင်ဟု သတ်မှတ်ထားပါသည်။

**အဝါရောင်အရေးပေါ်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် အပူပိုင်းမုန်တိုင်း စတင်ဖြစ်ပေါ်သည့်အချိန်အခါကို အဝါရောင်အခြေအနေဟု သတ်မှတ်ပါသည်။

**လိမ္မော်ရောင်အရေးပေါ်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် အပူပိုင်းမုန်တိုင်း စတင်ဖြစ်ပေါ်သည့်နောက် မြန်မာ့ကမ်းရိုးတန်းဒေသသို့ တူရူရွေ့လျားလာမည့် အချိန်အခါကို လိမ္မော်ရောင်အခြေအနေဟု သတ်မှတ်ပါသည်။

**အနီရောင်အရေးပေါ်အခြေအနေ။** ။ မုန်တိုင်း မြန်မာ့ကမ်းရိုးတန်းဒေသသို့ တူရူရွေ့လျားလာပြီး မြန်မာ့ကမ်းရိုးတန်းသို့ မဖြတ်ကျော်မီ (၁၂) နာရီအလိုကို အနီရောင်အခြေအနေဟု သတ်မှတ်ပါသည်။

**အညိုရောင်အရေးပေါ်အခြေအနေ။** ။ မြန်မာ့ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်နေချိန်အား အညိုရောင်အခြေအနေဟု သတ်မှတ်ပါသည်။

**အစိမ်းရောင်အရေးပေါ်အခြေအနေ။** ။ မုန်တိုင်းအားပျော့ကာ မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားချိန်ကို အစိမ်းရောင်အခြေအနေဟု သတ်မှတ်ပါသည်။

(အရင်းအမြစ် – သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်မှ ထုတ်နုတ်ချက်)

**မုန်တိုင်းအလံအချက်ပြစနစ်**

မုန်တိုင်းဒဏ်အတွက် ရပ်ကွက်ကျေးရွာများတွင် သတိပေးမည့် မုန်တိုင်းအလံအချက်ပြများ သတ်မှတ်ချက်



(၁) အဆင့် (၁) မှ (၃)　　အဆင့် (၄) မှ (၇)　　အဆင့် (၈) မှ (၁၁)

**အလံများမှာ အနီရောင်ဖြစ်ပါသည်။**

(အရင်းအမြစ် – သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်မှ ထုတ်နုတ်ချက်)

သတိပေးချက်အဆင့် (၁) ။ ။ ဒေသအတွင်း မုန်တိုင်းကျရောက်နိုင်သည့် အလားအလာ ခန့်မှန်းချက်များရှိနေ၍ ပြည်သူများအနေဖြင့် မိုးလေဝသ သတင်းထုတ်ပြန်ချက်များကို အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန်။

သတိပေးချက်အဆင့် (၂) ။ ။ မုန်တိုင်းတစ်ခုဖြစ်ပေါ်စပြုနေပြီဖြစ်သဖြင့် ပြည်သူများအနေဖြင့် မိုးလေဝသသတင်းထုတ်ပြန်ချက်များကို အထူးဂရုပြုလိုက်နာ ဆောင်ရွက်ကြရန်။

သတိပေးချက်အဆင့် (၃) ။ ။ မုန်တိုင်းကြောင့် ရာသီဥတုအခြေအနေ ဆိုးရွားနိုင်ဖွယ်ရာရှိ၍ ပြည်သူများအနေဖြင့် ကြိုတင်သတိပေး သတင်းထုတ်ပြန်ချက်များကို အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန်။

သတိပေးချက်အဆင့် (၄) ။ ။ မုန်တိုင်းကျရောက်တော့မည်ဖြစ်သော်လည်း ကြီးမားပြင်းထန်နိုင်ခြေမရှိသဖြင့် သတိပေးချက်များအလိုက် လိုက်နာဆောင်ရွက်ကြရန်။

သတိပေးချက်အဆင့် (၅) ။ ။ မုန်တိုင်းသည် အင်အားအနည်းငယ်မှ အသင့်အတင့်သို့ ပြောင်းလဲရောက်ရှိနေပြီဖြစ်၍ အထူးသတိပြုကြရန်။

| | |
|---|---|
| သတိပေးချက်အဆင့် (၆) ။ | ။ မုန်တိုင်းကြောင့် ရာသီဥတုအခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိ၍ သတိပေးချက်များအလိုက် လိုက်နာဆောင်ရွက်ကြရန်။ |
| သတိပေးချက်အဆင့် (၇) ။ | ။ လေတိုက်နှုန်းအသင့်အတင့် ပြင်းထန်သောမုန်တိုင်းတစ်ခု ဖြစ်ပေါ်နေသောကြောင့် ရာသီဥတုအခြေအနေ ဆိုးရွားလာဖွယ် ရှိပြီး ပြည်သူများအနေဖြင့် မိုးလေဝသသတင်း ထုတ်ပြန်ချက်များကို မပျက်နားထောင်၍ အချိန်မီသတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်။ |
| သတိပေးချက်အဆင့် (၈) ။ | ။ မုန်တိုင်းသည် အသင့်အတင့်မှ ပိုမိုအားကောင်းလာနိုင်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိလာပြီဖြစ်၍ ကြိုတင်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ကြရန်။ |
| သတိပေးချက်အဆင့် (၉) ။ | ။ ဤဒေသသို့ အင်အားပြင်းထန်သော မုန်တိုင်းကျရောက်တော့ မည်ဖြစ်၍ ကြိုတင်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ကြရန်။ |
| သတိပေးချက်အဆင့် (၁၀) ။ | ။ မကြာမီခင်အချိန်အတွင်း ပြင်းထန်သော မုန်တိုင်းကျရောက်တော့မည်ဖြစ်၍ ဘေးလွတ်ရာသို့ ရှောင်တိမ်းကြရန်။ |
| သတိပေးချက်အဆင့် (၁၁) ။ | ။ ဆက်သွယ်မှုများ ပြတ်တောက်သွားပြီးဖြစ်၍ မုန်တိုင်းကျရောက်လာပြီ ဖြစ်သည်။ |

နောက်ဆက်တွဲ (၁)

## မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ်များ

| စဉ် | ဌာနအမည် | အမည် | ကြိုးဖုန်း |
|---|---|---|---|
| ၁။ | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (မနရ–မှူး) | ရဲမှူးတင်မောင်ဌွေး | ၀၄၂၈၀၀၃၃ |
| ၂။ | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (စခန်းမှူး) | ဦးတင်ဝင်း | ၀၄၂၈၀၀၃၄ |
| ၃။ | မြို့နယ်တရားရုံး (တရားသူကြီး) | ဦးသန်းဇော်ဦး | ၀၄၂၈၀၀၁၇ |
| ၄။ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (ဦးစီးအရာရှိ) | ဦးသိန်းဖုံ | ၀၄၂၈၀၄၁၃ |
| ၅။ | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ဦးသန်းအောင် | ၀၄၂၈၀၀၂၇ |
| ၆။ | မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချဦးစီးဌာန | ဦးကျော်စိုး | ၀၄၂၈၀၀၃၀ |
| ၇။ | မြို့နယ်ကုန်သွယ်မြှင့်တင်ဦးစီးဌာန | ဦးအောင်မြင့်စိုး | ၀၄၂၈၀၄၁၄ |
| ၈။ | မြို့နယ်စည်ပင်သာယာရေးကော်မတီ (အမှုဆောင်အရာရှိ) | ဦးကျော်ကျော် | ၀၄၂၈၀၀၃၂ |
| ၉ | မြို့နယ်မွေး၊ ကုဦးစီးဌာန (ဦးစီးမှူး) | ဒေါက်တာစိုးလှိုင်ဝင်း | ၀၄၂၈၀၀၁၂ |
| ၁၀။ | မြို့နယ်စာရင်းစစ်ရုံး (စာရင်းစစ်အရာရှိ) | ဒေါ်မြင့်မြင့်ကြည် | ၀၄၂၈၀၀၂၃ |
| ၁၁။ | ပြည်တွင်းကုန်တင်ကုန်ချ | ဒေါ်အေးအေးသန်း | ၀၄၂၈၀၀၁၆ |
| ၁၂။ | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဦးစီးမှူး) | ဒေါ်စန္ဒာကြည် | ၀၄၂၈၃၀၄၃ |
| ၁၃။ | စီမံကိန်းဦးစီးဌာန (ဦးစီးအရာရှိ) | ဒေါ်သန်းသန်းနု | ၀၄၂၈၀၀၁၉ |
| ၁၄။ | မြို့နယ်သစ်တောဦးစီးဌာန | ဦးအေးချမ်း | ၀၄၂၈၀၀၂၂ |
| ၁၅။ | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | ဦးဇေလတ် | ၀၄၂၈၀၀၂၆ |
| ၁၆။ | ဆောက်လုပ်ရေးဦးစီးဌာန | ဦးကျော်ဦး | ၀၄၂၈၀၀၂၈ |
| ၁၇။ | ပြည်တွင်းရေကြောင်းဦးစီးဌာန | ဦးမြင့်ဦး | ၀၄၂၈၀၀၂၁ |
| ၁၈။ | စာတိုက်၊ မြန်မာ့ဆက်သွယ်ရေး (တာဝန်ခံ) | ဒေါ်ဝေဝေ | ၀၄၂၈၀၅၈၆ |
| ၁၉။ | မြို့နယ်ပညာရေးမှူးရုံး | ဒေါ်သန်းသန်းဦး | ၀၄၂၈၃၀၄၂ |
| ၂၀။ | မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန(ဦးစီးအရာရှိ) | ဦးကျော်စွာမျိုး | ၀၄၂၈၀၀၁၅ |
| ၂၁။ | မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးကျော်နိုင်ဦး | ၀၄၂၈၀၀၂၀ |
| ၂၂။ | မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ မြို့နယ်အင်ဂျင်နီယာ | ဦးမင်းဇော်ဇော်လွင် | ၀၄၂၈၀၀၃၂ |
| ၂၃။ | မြို့နယ်မီးသတ်ဦးစီးဌာန (ဦးစီးမှူး) | ဦးကျော်မျိုးမြင့် | ၀၄၂၈၀၅၉၉ |

| စဉ် | ဌာနအမည် | အမည် | ကြိုးဖုန်း |
|---|---|---|---|
| ၂၄။ | အားကစားနှင့် ကာယပညာဦးစီးဌာန | ဦးသိန်းဇံ | ၀၄၂၈၀၀၇၈ |
| ၂၅။ | လယ်ယာဖွံ့ဖြိုးရေးဘဏ် | ဦးမျိုးတင့် | ၀၄၂၈၀၁၁၃ |
| ၂၆။ | ပြည်တွင်းအခွန်ဦးစီးဌာန (ဦးစီးအရာရှိ) | ဦးနေလင်း | ၀၄၂၈၀၀၈၃ |
| ၂၇။ | မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ | ဦးထွန်းထွန်းဝင်း | |
| ၂၈။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မိုက္ကရို) တာဝန်ခံ | ဦးဘိုဘို | ၀၄၂၈၀၅၈၈ |
| ၂၉။ | စက်မှုလယ်ယာ ဦးစီးဌာန | ဦးတင်ဇော် | ၀၄၂၈၀၀၃၃ |
| ၃၀။ | သမဝါယမဦးစီးဌာန | ဦးညွန့်ဆွေ | ၀၄၂၈၀၅၂၁ |
| ၃၁။ | မြန်မာ့စီးပွားရေးဘဏ် | ဦးနိုင်ဦး | ၀၄၂၈၀၁၁၄ |
| ၃၂။ | မြန်မာ့တိုင်းရင်းဆေးပညာဦးစီးဌာန | ဒေါ်ယုဝါမြွေး | |
| ၃၃။ | မြို့နယ်ဥပဒေ | ဒေါ်နေခြည်သွေး | ၀၄၂၈၀၆၁၅ |

နောက်ဆက်တွဲ (၂)

## လပွတ္တာခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အမည်နှင့် တယ်လီဖုန်းနံပါတ်များ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ဦးတင်ဦး | ၀၉ ၄၂၂၄၇၀၈၃၁ | |
| ၂ | အမှတ် (၂) ရပ်ကွက် | ဦးအောင်ပိုက် | ၀၉ ၂၅၂၇၁၅၂၅၁ | |
| ၃ | အမှတ် (၃) ရပ်ကွက် | ဦးမောင်စိုး | ၀၉ ၇၂၇၄၇၆၂၅၂ | |
| ၄ | အမှတ် (၄) ရပ်ကွက် | ဦးသိန်းအေး | ၀၉ ၇၈၉၅၉၄၈၆၅ | |
| ၅ | အမှတ် (၅) ရပ်ကွက် | ဦးမြင့်သူ | ၀၉ ၂၅၄၄၃၂၁၃၁ | |
| ၆ | အမှတ် (၆) ရပ်ကွက် | ဦးဇော်မျိုးထွန်း | ၀၉ ၂၅၁၁၁၉၈၂၉ | |
| ၇ | အမှတ် (၇) ရပ်ကွက် | ဦးဝင်းဇော် | ၀၉ ၄၂၅၂၇၉၀၆၁ | |
| ၈ | အမှတ် (၈) ရပ်ကွက် | ဦးသက်နိုင် | ၀၉ ၇၈၆၂၂၆၇၇၈ | |
| ၉ | အမှတ် (၉) ရပ်ကွက် | ဦးသန်းနိုင် | ၀၉ ၉၈၇၀၁၀၁၈၈ | |
| ၁၀ | အမှတ် (၁၀) ရပ်ကွက် | ဦးခင်မောင်စိုး | ၀၉ ၂၆၂၉၈၆၉၈၁ | |
| ၁၁ | ကကရံ | ဦးမြင့်ဝေ | ၀၉ ၄၉၇၁၃၀၅၆ | |
| ၁၂ | ကညင်ကုန်း | ဦးသော်တာဟိန်း | ၀၉ ၂၅၉၈၁၂၄၉၂ | |
| ၁၃ | ကန်ဘက် | ဦးကျော်ကျော် | ၀၉ ၄၉၇၄၄၀၅၂ | |
| ၁၄ | ကျီးချောင်း | ဦးကြီးရွှေ | ၀၉ ၂၅၈၈၃၅၅၇၅ | |
| ၁၅ | ကျောက်မှော် | ဦးနေလင်း | ၀၉ ၄၂၂၅၅၀၇၁၉ | |
| ၁၆ | ကြုတော | ဦးဝင်ဦး | ၀၉ ၂၅၄၉၉၃၄၀၂ | |
| ၁၇ | ကြိမ်ကွင်း | ဦးမျိုးကြည် | ၀၉ ၂၅၀၉၉၄၉၅၃ | |
| ၁၈ | ကြိမ်ကုန်းကြီး | ဦးအောင်ထွန်းသိန်း | ၀၉ ၉၇၉၇၀၃၀၈၅ | |
| ၁၉ | ကျွန်းချောင်း | ဦးဝင်းမြင့် | ၀၉ ၉၆၃၃၄၂၉၁၇ | |
| ၂၀ | ဂုံညှင်းတန်း | ဦးမျိုးဇော်ဦး | ၀၉ ၄၂၂၅၀၉၀၁၇ | |
| ၂၁ | ဆားကျင်း | ဦးဝင်းမြင့်ဦး | ၀၉ ၇၈၈၉၃၁၄၂၂ | |
| ၂၂ | ညောင်လိန် | ဦးညဏ်တင် | ၀၉ ၄၂၂၅၀၇၀၀၅ | |
| ၂၃ | ညောင်လန်း | ဦးမောင်မောင်ဌေး | ၀၉ ၄၂၂၅၅၆၅၀၄ | |
| ၂၄ | ညောင်ချောင်း | ဦးမင်းဇော် | ၀၉ ၄၂၂၄၉၀၃၆၄ | |
| ၂၅ | တပ်ကွင်း | ဦးအုန်းမြင့် | ၀၉ ၉၇၁၁၅၃၉၄၇ | |
| ၂၆ | ထင်းပုံကွင်း | ဦးမန်းရွှေနှင်း | ၀၉ ၄၂၂၅၃၂၇၂၈ | |
| ၂၇ | ဘေးပေါက် | ဦးဌေးလွင် | ၀၉ ၄၉၇၂၁၂၈၃ | |
| ၂၈ | ဘီတွတ် | ဦးခင်မောင်တင့် | ၀၉ ၄၅၁၂၃၁၆၂၉ | |

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၂၉ | ဘိုးပြေ | ဦးတင်ထွန်းဦး | ၀၉ ၄၅၃၄၅၆၄၈၁ | |
| ၃၀ | မြစ်ပေါက် | ဦးအောင်ထွန်းမြင့် | ၀၉ ၇၃၁၁၄၂၁၆ | |
| ၃၁ | မောင်ငယ် | ဦးကျော်မိုး | ၀၉ ၄၂၂၄၇၆၁၄၁ | |
| ၃၂ | ရှော်ချောင်း | ဦးတင်ကြိုင် | ၀၉ ၄၉၇၂၂၃၆၅ | |
| ၃၃ | လပွတ္တာလုပ်တောင် | ဦးခင်မောင်မြင့် | ၀၉ ၇၈၈၈၂၄၃၁၃ | |
| ၃၄ | လပွတ္တာလုပ်မြောက် | ဦးနိုင်ဦး | ၀၉ ၄၂၂၅၁၄၉၂၈ | |
| ၃၅ | ဘုန်းကြီးကုန်း | ဦးအောင်မင်းနိုင် | ၀၉ ၉၆၀၉၄၁၅၇၇ | |
| ၃၆ | သနပ်ဖက် | ဦးရဲခိုင် | ၀၉ ၂၅၀၉၄၀၆၉၆ | |
| ၃၇ | အမတ် | ဦးကံမြင့် | ၀၉ ၂၅၀၄၄၆၄၈ | |
| ၃၈ | အုန်းတပင် | ဦးခင်ရွှေ | ၀၉ ၄၂၂၄၉၉၈၆၆ | |
| ၃၉ | ကြာကန် | ဦးကျော်ခိုင် | ၀၉ ၇၈၄၃၂၇၇၈၆ | |
| ၄၀ | တူးမြောင်း | ဦးကိုကိုမြိုင် | ၀၉ ၂၅၀၅၉၈၅၂၀ | |
| ၄၁ | ရေဆိုင် | ဦးမြင့်အောင် | ၀၉ ၇၈၈၀၄၈၅၉၇ | |
| ၄၂ | ကျောက်ဖြူ (ပိန္နဲတောင်) | ဦးထွန်းစိုး | ၀၉ ၄၂၂၅၃၂၇၂၉ | |
| ၄၃ | ကသပေါင်း | ဦးမန်းလွန်းတင် | ၀၉ ၇၈၆၂၅၃၆၅၁ | |
| ၄၄ | ကျောက်တန်းကြီး | ဦးဇော်လင်းထိုက် | ၀၉ ၇၇၇၄၆၉၆၀၉ | |
| ၄၅ | ကျောက်တန်းကလေး | ဦးခင်မောင်ဦး | ၀၉ ၈၅၇၀၅၈၂၊<br>၀၉ ၂၆၃၄၅၅၈၉၉ | |
| ၄၆ | ညံကွင်း (ကံရွာ) | ဦးသိန်းဝင်း | ၀၉ ၂၆၀၁၄၂၃၂၄ | |
| ၄၇ | ပန်းတုံးကွင်း | ဦးဌေးလွင် | ၀၉ ၄၅၁၈၈၁၉၂၀ | |
| ၄၈ | ဘာသာကုန်း | ဦးမန်းတင်ဝင်း | ၀၉ ၂၆၄၈၉၈၈၉၆ | |
| ၄၉ | မင်းဘူးစု | ဦးမြင့်ချော | ၀၉ ၉၆၃၅၀၃၁၀၉ | |
| ၅၀ | မောင်းတီး | ဦးမျိုးဝင်း | ၀၉ ၉၆၀၈၀၁၈၆၃ | |
| ၅၁ | မြွေဟောက် | ဦးမန်းမာတင်း | ၀၉ ၉၆၀၃၅၈၆၉၁ | |
| ၅၂ | လပွတ်ပြေးလဲပျောက် | ဦးဝင်းသန်း | ၀၉ ၄၂၂၄၇၆၇၅၂ | |
| ၅၃ | လှိုင်းဘုန်း | ဦးခင်မောင်ဇင် | ၀၉ ၂၆၁၅၃၈၂၄၀ | |
| ၅၄ | သရက်ကုန်းလဲပျောက် | ဦးကြည်လှိုင် | ၀၉ ၇၈၅၄၄၆၇၈၄ | |
| ၅၅ | သာလိကာကုန်း | ဦးသိန်းဦး | ၀၉ ၂၅၀၈၅၄၆၁၅ | |
| ၅၆ | ဂန့်အိတ် | ဦးစိုးသိန်း | ၀၉ ၂၆၃၉၂၂၂၅၆ | |
| ၅၇ | သဃ်န်းကြီး | ဦးစံမြင့် | ၀၉ ၂၅၁၁၁၉၈၇၀ | |
| ၅၈ | ကန့်ဘလာ | ဦးဇော်မင်း | ၀၉ ၈၅၇၈၃၅၇ | |
| ၅၉ | ဆင်ခြေယာ | ဦးသိန်းလွင် | ၀၉ ၄၉၇၅၆၅၆၅ | |

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၆၀ | သပြုကုန်း | ဦးသန်းလှိုင် | ၀၉ ၂၅၀၄၄၆၄၅၅ | |
| ၆၁ | ပြင်စလူမြို့ (၁) ရပ်ကွက် | ဦးမျိုးနိုင် | ၀၉ ၂၆၄၇၃၂၃၅၃ | |
| ၆၂ | ပြင်စလူမြို့ (၂) ရပ်ကွက် | ဦးတင်မြင့် | ၀၉ ၂၆၂၉၇၄၀၈၂ | |
| ၆၃ | ပြင်စလူမြို့ (၃) ရပ်ကွက် | ဦးမြင့်ဦး | ၀၉ ၂၅၀၉၉၇၈၇၂ | |
| ၆၄ | ကုန်းကြီး | ဦးဝင်းညွန့် | ၀၉ ၈၅၇၃၅၈၂ | |
| ၆၅ | ကုက္ကို | ဦးသိန်းအောင် | ၀၉ ၇၈၁၄၇၅၀၆၈ | |
| ၆၆ | ဘိုင်းဒေါင့်ချောင်း | ဦးတင်မြင့် | ၀၉ ၉၇၆၄၇၉၇၈၉ | |
| ၆၇ | လွှဇာ | ဦးမြင့်သူ | ၀၉ ၄၉၇၁၂၁၃၆ | |
| ၆၈ | တယ်ပင်ကိုင်း | ဦးမင်းမင်းထွန်း | ၀၉ ၄၅၀၂၉၇၇၃၂ | |
| ၆၉ | စလူဆိပ် | ဦးစိုင်းဝင်းအောင် | ၀၉ ၂၆၂၈၃၆၆၈ | |
| ၇၀ | ဆားချက် | ဦးမျိုးပိုင် | ၀၉ ၄၅၀၁၉၇၇၃၂ | |
| ၇၁ | ပိုးလောင်း | ဦးမြင့်ခင် | ၀၉ ၄၅၁၇၄၉၇၈၃ | |
| ၇၂ | သစ်ပုတ် | ဦးခင်မောင်ရွှေ | ၀၉ ၄၉၇၁၇၂၈၉ | |
| ၇၃ | ရွှေး | ဦးကျော်မင်း | ၀၉ ၈၅၇၈၁၉၃ | |
| ၇၄ | ရေတွင်းဆိပ် | ဦးလှထွန်း | ၀၉ ၄၉၇၄၄၁၉၅ | |
| ၇၅ | ဓနိဆိပ် | ဦးမြင့်သန်း | ၀၉ ၄၉၇၄၁၅၇၇ | |
| ၇၆ | ကညင်ကိုင်း | ဦးသက်ဝိုင်ချို | ၀၉ ၉၇၀၂၂၁၃၈၈ | |
| ၇၇ | သပြေချောင်း | ဦးစိုးနိုင် | ၀၉ ၂၅၀၄၄၆၄၆၇ | |

နောက်ဆက်တွဲ (၃)

## လပွတ္တာမြို့နယ်အတွင်း အဖွဲ့အစည်းများ၏ အင်အား

| စဉ် | အဖွဲ့အစည်းအမည် | ဆက်သွယ်ရမည့်သူ | ရုံးလိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | Action Aid Myanmar | ဒေါ်သီဂီ | အမှတ် (၄၅၊ ၆) ကုန်သည်လမ်း။ | ၀၉ ၄၉၆၀၅၄၁၅ |
| ၂။ | ARC-M | Khai Khen Pau | အမှတ် (၄၈၊ ၇) အောင်သိဒ္ဓိလမ်း။ | ၀၉ ၃၁၇၁၀၁၇၂ |
